# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)


၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် | ၂၀၁၇ ခုနှစ်၊ ဧပြီ ၁၆ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၉၅)


## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ပြင်ဦးလွင် တပ်နယ်မိသားစုများ အတာရေသဘင်ပွဲဆင်နွှဲမှု ကြည့်ရှုအားပေး

သတင်းစာမျက်နှာ - ၃

# မဟာသင်္ကြန်အကြတ်နေ့ နေပြည်တော်တစ်ခွင် ရေပက်ခံထွက်ကြသူများဖြင့် စည်ကား



မဟာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ပျော်ရွှင်စွာရေကစားနေကြစဉ် (သတင်းစဉ်)

**နေပြည်တော် ဧပြီ ၁၅**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်(အကြတ်နေ့) တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေပက်ခံထွက်ကြသူများ၊ ရေပက်ကြသူများ၊ စတုဒိသာကျွေးမွေး အလှူဒါနပြုကြသူများဖြင့် စည်ကားခဲ့သည်။

နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေကစားမဏ္ဍပ်ကြီးများသို့ လာရောက်ရေကစားကြသူများ ပိုမိုများပြားခဲ့ပြီး အဆိုပါ ရေကစားမဏ္ဍပ်ကြီးများတွင် အနုပညာရှင်များ၏ သီဆိုမှုများ၊ သင်္ကြန်ယိမ်းအကများ၏ ဖျော်ဖြေတင်ဆက်မှုများကြောင့် ပိုမိုစည်ကားခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*

**နေပြည်တော်ဆာဖာရီဥယျာဉ်၊ လှေ့ခွင်းတောင်၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် ရေပန်းဥယျာဉ်တို့တွင် လာရောက်လည်ပတ်ကြသူများဖြင့် ပိုမိုစည်ကားခဲ့**




မြန်မာ့အလင်း

# ရိုးရှင်းသောပျော်ရွှင်မှုသို့ ပြောင်းလဲလာသည့် မဟာသင်္ကြန်

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်မှ ၁၃၇၉ ခုနှစ်သို့ ကူးပြောင်းသော မဟာသင်္ကြန်သို့ ကျရောက်ခဲ့ပါပြီ။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အပြောင်းအလဲများကို ဖော်ဆောင်နေသော အစိုးရလက်ထက် ဒုတိယအကြိမ် ကျင်းပသော သင်္ကြန်ပွဲတော်ဖြစ်သည့်အားလျော်စွာ ယခင်နှစ်များနှင့်မတူဘဲ တစ်မူထူးခြားမှုများရှိသည်ကိုလည်း တွေ့ရပေသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့် ပတ်သက်၍ သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရက 'သင်္ကြန်ဆိုသည်မှာ သင်္ကန္တပုဒ်မှ လာကြောင်း၊ သင်္ကန္တဆိုသည်မှာ 'ပြောင်းခြင်း'ဟု အဓိပ္ပာယ်ရကြောင်း၊ ဒီကနေ့လူသားများက နှစ်ဟောင်းမှ နှစ်သစ်သို့ပြောင်းတာကို သင်္ကြန် (သင်္ကန္တ)ဟု အဓိပ္ပာယ်ယူကြကြောင်း၊ သင်္ကြန်၏ အဓိပ္ပာယ်ကို ဤမျှလောက်သာ အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် မလုံလောက်ဘဲ သင်္ကန္တပုဒ်ထဲမှာ မွန်မြတ်သော အဓိပ္ပာယ်တွေ အများကြီးပါကြောင်း၊ ဥပမာ-'လောဘ' ဆိုတာ တရားသဖြင့်ရော၊ မတရားသဖြင့်ရော ရယူချင်တဲ့စိတ်ဖြစ်ပြီး အဲဒါကို 'အလောဘ'သို့ ပြောင်းလျှင် ပေးကမ်းခြင်း၊ ဝေငှခြင်း၊ ထောက်ပံ့ခြင်းဆိုတဲ့ အကောင်းတရားများ ထွန်းကားလာမှာဖြစ်ကြောင်း၊ ထို့အတူ ဒေါသဆိုတာ သတ်ဖြတ်နှိပ်စက်တဲ့ စိတ်ဓာတ်ဖြစ်တယ်၊ အဲဒီစိတ်ကို မေတ္တာသို့ပြောင်းရမှာဖြစ်တယ်။ 'မောဟ' ဆိုတာကတော့ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှားအမှန်ကို မသိတတ်တဲ့မိုက်မဲတွေဝေမှုဖြစ်တယ်။ ဒီမိုက်မဲတွေဝေမှုတွေက အဝိဇ္ဇာပဲ၊ အဝိဇ္ဇာလွှမ်းတဲ့ ကမ္ဘာဟာ အကန်းကမ္ဘာပေါ့။ ဒါကြောင့် အဝိဇ္ဇာကို ဝိဇ္ဇာသို့ ပြောင်းရမယ်။ ဒီလိုပြောင်းခြင်းဟာ အကောင်းဆုံးသော၊ အမွန်မြတ်ဆုံးသောပြောင်းခြင်းမို့လို့ မွန်မြတ်တဲ့သင်္ကြန်အစစ်ဖြစ်ကြောင်း မိန့်ဆိုခဲ့သည်ကို တွေ့ရပါသည်။

အောက်စ်ဖို့ဒ်ဆရာတော် ပါမောက္ခဒေါက်တာ အရှင်ဓမ္မသာမိ၏ ဆောင်းပါးတွင်လည်း 'သင်္ကြန်ကျင်းပပုံကို လေ့လာကြည့်လျှင် နှစ်သစ်ကူးအခါသမယသည် လူအများအတွက် အတူယှဉ်တွဲနေထိုင်နိုင်ရေး မြော်တွေး၍ ပြင်ပဖြစ်သည့် ရိုးရာထုံးတမ်းဓလေ့ (rituals)နှင့် အတွင်းကျသည့် စိတ်ခံစားမှုရှုထောင့် (emotional aspect) နှစ်မျိုးစလုံးတို့၌ ယဉ်ကျေးဖွံ့ဖြိုးစေရန် စဉ်းစားတွေးခေါ်ထားသော အစဉ်အလာဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်'ဟု ရေးသားဖော်ပြသည်ကိုလည်း တွေ့ရပါသည်။

ယခုနှစ်သင်္ကြန်အဖို့ဆိုလျှင် အထက်ဖော်ပြပါ ဆရာတော်ကြီးများ၏ အဆိုအမိန့်များနှင့် ကိုက်ညီသောပုံစံတစ်ရပ်ကို ရောက်ရှိရန်ကြိုးပမ်းမှုတစ်ခုဟု တွေ့မြင်ရပါသည်။ နှစ်သစ်တွင် အပျော်ကိုမည်သို့ရှာဖွေကြမည်နည်း၊ ရိုးရှင်းသောပုံစံဖြင့် ရှာဖွေမည်လော၊ ပူလောင်ပြင်းပြမှုဖြင့် ရှာဖွေမည်လော၊ မူးမှရူးမှ ပျော်ရမည်လော၊ မူးယစ်ဆေးကူမှ ပျော်ရမည်လော၊ တစ်ဖက်သားကို ကာယိန္ဒြေပျက်လောက်အောင် စလိုက်ရမှ၊ ရေပိုက်ကြီးကြီးဖြင့် ထိုးလိုက်ရမှ ပျော်ရမည်လော၊ ဤသို့ ဆယ်စုနှစ်အချို့မှားယွင်းလာသော အတွေးအခေါ်များကို ပြင်ကြရပါတော့မည်။

ထိုသို့သော ပြောင်းလဲခြင်းပုံစံများကို ရန်ကုန်နှင့်မန္တလေးသင်္ကြန်များတွင် စတင်တွေ့မြင်လာရပါသည်။ ယခုနှစ်သင်္ကြန်တွင် စီးပွားရှာအမြတ်ထုတ်သောသင်္ကြန်မှ အများပြည်သူစိတ်အေးချမ်းသာစွာ ပါဝင်ပျော်ပါးနိုင်မည့် သင်္ကြန်အဖြစ်သို့ စတင်ကူးပြောင်းလာသည်ကိုတွေ့ရသည်။ မန္တလေးမြို့၏ လမ်းလျှောက်သင်္ကြန်ကား လူပြောများလှသည်။ ထိုသင်္ကြန်ကား လူကြီးလူငယ်မရွေး ဂုဏ်သိက္ခာရှိစွာ ပါဝင်ဆင်နွှဲနိုင်သော၊ အလှူဒါနပြုလိုသူများအတွက် အဆင်ပြေစေသော၊ ရိုးသားစွာ စီးပွားရှာလိုသူများအတွက်လည်း ပါဝင်နိုင်ကြသောသင်္ကြန် ဖြစ်ပေသည်။

လက်ရှိ မြန်မာနိုင်ငံသည် သင်္ကြန်အပြောင်းနှင့်အတူ ကြီးမားသော လူမှုအပြောင်းအလဲကြီးတစ်ရပ် ဆင်နွှဲနေခြင်းဖြစ်ပါသည်။ သင်္ကြန်သည်ကား မြန်မာတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထိုယဉ်ကျေးမှု၏ အမွေအနှစ် အတွင်းသဘောများကို မြို့မငြိမ်း၏ ဂန္ထဝင်သင်္ကြန်တေးများတွင် တွေ့နိုင်သည်။ ဆရာမြို့မငြိမ်း၏ မည်သည့်အခါမျှ မရိုးနိုင်သော မန်းတောင်ရိပ်ခို (မြနန္ဒာ) သီချင်းတွင် ပါဝင်သည့် 'မဟာသင်္ကြန် ပါဝင်ဆင်နွှဲသူအားလုံးအတွက် ကျန်းမာချမ်းသာစေကြောင်း၊ မောင်ရင်းနှမသဖွယ် ခင်မင်ကြစေကြောင်း၊ နှစ်သစ်အတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းများ ဆောင်ယူလာသည့် သင်္ကြန်ဖြစ်စေကြောင်း' စသည့် စိတ်ကောင်းစေတနာများအတိုင်း မြန်မာတို့ ခံစားရရှိနိုင်စေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။ ။

# ဆောမြို့ ယောလူငယ်လူမှုရေးအဖွဲ့ဝင်များ စုပေါင်းအမှိုက်ကောက်



**ဆော ဧပြီ ၁၅**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ယောမြို့ ကျေးရွာကျောင်းကြီး ရှင်ချစ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို ဧပြီ ၈ ရက်မှ ၁၂ ရက်ထိ စည်ကားစွာကျင်းပခဲ့ရာ ပွဲတော်ကျင်းပရာနေရာတွင် သန့်ရှင်းသာယာလှပရေးအတွက် ဆောမြို့နယ်၏ လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် ယောလူငယ်အဖွဲ့၊ အကြည်ကတင်းကျေးရွာ လူငယ်အဖွဲ့နှင့် မြို့ပေါက်ကျေးရွာလူငယ် အဖွဲ့တို့ ပူးပေါင်း၍ အမှိုက်ကောက်ခြင်း၊ စနစ်တကျစွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် သင်္ကြန်ကာလ အကြတ်နေ့၊ အတက်နေ့များတွင် ဆောမြို့နယ် သိန်းကျင်းရွာ ဗုဒ္ဓပူဇနီယပွဲတော်(သကျင်းပွဲ) ၌ အမှိုက်များကောက်ယူ ရှင်းလင်းသွားမည်ဖြစ်ပြီး မန္တလေးမြို့မှ ဆရာဝန်များအဖွဲ့က ဧပြီလအတွင်း ဆောင်ရွက်ရန်ရှိသည့် အကြည်ကတင်းရွာ၌ ကျန်းမာရေးစစ်ဆေးကုသကုသိုလ်ပြုပွဲတွင်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၀၁)

## ထင်သာမြင်သာပြုပြင်စရာ

# မြင်းခြံမြို့ရှိ မီးပွိုင့်များ လျှပ်စစ်မီးစနစ်ဖြင့် ထပ်မံတိုးမြှင့်တပ်ဆင်ပေးရန် ဒေသခံပြည်သူများမျှော်လင့်

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီး၊ တောင်သာ၊ ငါန်းဇွန်၊ မြင်းခြံမြို့နယ်များအနက် မြင်းခြံမြို့သည် ခရိုင်မြို့ဖြစ်သည့်အတွက် ကုန်စည်ကူးသန်းရောင်းဝယ်ရာ၌ ယာဉ်မျိုးစုံသွားလာနေသောလမ်းပိုင်းများရှိ မီးပွိုင့်များမှာ ဆိုလာစနစ်ဖြင့် အသုံးပြုနေရခြင်းကြောင့် ယာဉ်မောင်းများ၊ ကျောင်းသားကျောင်းသူများအတွက် မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ဖြစ်ပွားနိုင်ကြောင်း ဒေသခံပြည်သူများက ပြောသည်။

"အခြားမြို့နယ်တွေမှာဆိုရင် မီးပွိုင့်တွေကို လျှပ်စစ်မီးစနစ်နဲ့ အသုံးပြုတဲ့အတွက်ကြောင့် ကျွန်တော်တို့လို ယာဉ်မောင်းတွေအတွက် ယာဉ်အန္တရာယ်ဖြစ်မှာ မစိုးရိမ်ရဘူး။ အခုလို ဆိုလာစနစ်နဲ့မီးပွိုင့်တွေကိုအသုံးပြုတာဟာ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်ပါတယ်။ အလားတူမြင်းခြံမြို့ဟာ မီးပွိုင့်တွေနည်းပါးလွန်းတာကြောင့် နေ့စဉ်ဒီလမ်းပိုင်းကို အသုံးပြုသွားလာနေတဲ့ ပြည်သူတွေအတွက် ယာဉ်မတော်တဆမှုများ ဖြစ်ပွားနိုင်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ အများပြည်သူ နေ့စဉ်သွားလာနေတဲ့ မြင်းခြံမြို့က မီးပွိုင့်တွေကိုလျှပ်စစ်မီးစနစ်ဖြင့်သာ ပြုလုပ်ပေးသင့်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။




"မြင်းခြံမြို့မှာ ဆိုလာစနစ်နဲ့ မီးပွိုင့်သုံးခုသာ တပ်ဆင်ထားပါတယ်။ ဝမ်စတားလမ်းဆုံမှာတစ်ခု ဗိုလ်ချုပ်လမ်းနှင့်စံပြဈေးမှာတစ်ခု၊ ဗိုလ်ချုပ်လမ်းပိုင်း (၁၃×၁၄) လမ်းဆုံမှာတစ်ခု မီးပိုင်သုံးခုရှိပါတယ်။ ကျွန်တော်တို့ကလည်း လျှပ်စစ်မီးစနစ်နဲ့ မီးပွိုင့်တွေကိုအသုံးပြုချင်တာကြောင့် မြို့နယ်က သက်ဆိုင်ရာဌာနတွေကို တင်ပြခဲ့တာကြာပါပြီ။ ဒါပေမယ့် အခုအချိန်အထိ မီးပွိုင့်တွေကို ဆိုလာစနစ်နဲ့သာ အသုံးပြုနေရတာပါ။ ဆိုလာစနစ်နဲ့ သုံးခြင်းဟာ နေ့စဉ်ဘက်ထရီကို အားသွင်းရခြင်းကြောင့် မိုးတွင်းကာလလိုမျိုးဆိုရင် အားသွင်းဖို့ အခက်အခဲဖြစ်ရပါတယ်။ ယခုကာလဆိုရင် အများပြည်သူတွေ မလိုလားအပ်တဲ့ ယာဉ်မတော်တဆမှုများ မဖြစ်စေရေးအတွက် မြို့ပေါ်ကျေးရွာတွေအထိ ကွင်းဆင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောခြင်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ပေးနေတာကြောင့် မီးပွိုင့်တွေကို ဆိုလာစနစ်အစား လျှပ်စစ်မီးနဲ့ အစားထိုးအသုံးပြုမယ်ဆိုရင် အဆင်ပြေသွားမှာပါ"ဟု မြင်းခြံမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ အမှတ်(၉၅) တပ်ဖွဲ့စုမှ တာဝန်ခံရဲအုပ်က ပြောသည်။

**ကျော်ကျော်(မလှိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၅-၄-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၉၅/၇၀၅ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ . ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၆ . ၅၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁၆ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၀၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ . ၄၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ပြင်ဦးလွင် တပ်နယ်မိသားစုများ အတာရေသဘင်ပွဲဆင်နွှဲမှု ကြည့်ရှုအားပေး





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင် စစ်တက္ကသိုလ်မိသားစုရေသဘင်မဏ္ဍပ်တွင် မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့များ၏ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်

**နေပြည်တော် ဧပြီ ၁၅**

ယနေ့ မြန်မာ့ရိုးရာမဟာသင်္ကြန် အကြတ်နေ့ ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ပြင်ဦးလွင် တပ်နယ်ရှိ သင်တန်းကျောင်းများနှင့် တပ်ရင်း/တပ်ဖွဲ့များ၏ မိသားစုရေသဘင်မဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဗိုလ်လောင်းများ၏ ပျော်ရွှင်စွာရေကစားနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ရှေးဦးစွာ စစ်တက္ကသိုလ်မိသားစု ရေသဘင်မဏ္ဍပ်တွင် မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့ဝင်များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ ဗိုလ်လောင်းများ၏ တေးသီချင်းသီဆိုဖျော်ဖြေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဗိုလ်လောင်းများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တပ်မတော်အုပ်ချုပ်မှု ကျောင်းရေသဘင်မဏ္ဍပ်သို့ရောက်ရှိပြီး မိသားစုယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များပျော်ရွှင်စွာ အတာရေသဘင်ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရေသဘင်မဏ္ဍပ်များရှိ သီဆိုကပြဖျော်ခဲ့ကြသော ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်၌ ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ် နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှေ့ရှိ ရေကစားမဏ္ဍပ်နှင့် ဇေယျာသီရိကုန်တိုက်အနီးရှိ ရေကစားမဏ္ဍပ်တို့ကို ကြည့်ရှုအားပေးကြသည်။

တပ်မတော်ဆေးရုံကြီးရှေ့ရှိ ရေကစားမဏ္ဍပ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ရှေ့ရှိ ရေကစားမဏ္ဍပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ အိမ်ထောင်သည်လိုင်းအနီး ရေကစားမဏ္ဍပ်များတွင်လည်း ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိပြီး ရေကစားမဏ္ဍပ်များတွင် မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကာ လာရောက်ရေကစားကြသူများအား စတုဒိသာအကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၆/ ၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်**
**(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၂ ရက်)**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးအောင်နိုင်ကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ထူးခြားသည့် နေ့အပူချိန်များ

**၁၅-၄-၂၀၁၇**

| | |
|---|---|
| ရွှေကျင်မြို့၊ ဘားအံမြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |
| မြဝတီမြို့၊ မော်လမြိုင်မြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |
| မင်းကင်းမြို့၊ မြင်းမူမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |
| ရွှေဘိုမြို့၊ ရေဦးမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့၊ တောင်ငူမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |
| ဇောင်းတူမြို့၊ ညောင်လေးပင်မြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |
| ဖြူးမြို့၊ ဟသ်ာတမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |
| ကော့ကရိတ်မြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |

✻ *ရှေ့ဖုံးမှ*

နေပြည်တော်ကောင်စီ နယ်မြေအတွင်း မဏ္ဍပ်ကြီးများနည်းပါးသွားသော်လည်း ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့တွင် ရေပက်မဏ္ဍပ်ငယ်များနှင့် မိသားစုမဏ္ဍပ်ငယ်များ တည်ဆောက်၍ အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့ပြင် နေပြည်တော်ဆာဖာရီဥယျာဉ်၊ လေ့ခွင်းတောင်၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် ရေပန်းဥယျာဉ်တို့တွင် လာရောက်လည်ပတ်ကြသူများဖြင့် ပိုမိုစည်ကားခဲ့ပြီး ပျဉ်းမနားမြို့တွင်းလမ်းများ၊ ဗိုလ်ချုပ်လမ်းမကြီးနှင့် နေပြည်တော်-တောင်ညိုလမ်းမကြီး တစ်လျှောက်တွင်လည်း ရေပက်ခံထွက်လာကြသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ စည်ကားများပြားခဲ့သည်။နေပြည်တော်ကောင်စီနယ်မြေအတွင်း အတာသင်္ကြန်ရေကစားသူများ လွတ်လပ်ပျော်ရွှင်လုံခြုံစွာ ရေကစားနိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ တစ်ဦးချင်းလုံခြုံရေးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး အန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်များရှာဖွေသိမ်းဆည်းခြင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းအောင် လမ်းရှင်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကစားကြသူများရှိသကဲ့သို့ စတုဒိသာကျွေးမွေး အလှူဒါနပြုကြသူများ၊ ဥပ္ပါတသန္တိစေတီတော်၊ ဓာတုဇယဓာတ်ပေါင်းစုစေတီတော်၊ ကိုးခန်းကြီးဘုရား၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်ကြီးများနှင့် ဘုရားကျောင်းကန်များ၊ ဇဗ္ဗူသီရိမြို့နယ် သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်နှင့် တရားစခန်းများတွင်လည်း ဥပုသ်သီလဆောက်တည်ကြသူများ၊ တရားဘာဝနာရှုမှတ်ပွားများကြသူများ ပိုမိုများပြားခဲ့သည်။

**(သတင်းစဉ်)**



မဟာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ဖျော်ဖြေမှုများနှင့် ပျော်ရွှင်စွာရေကစားနေကြစဉ်



မဟာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော် ပျဉ်းမနား၌ ရေပက်ခံထွက်သူများဖြင့် စည်ကားနေစဉ်

# ဟားခါး၌ သင်္ကြန်အကြတ်နေ့ ပျော်ရွှင်စွာဆင်နွှဲ

**ဟားခါး ဧပြီ ၁၅**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် အကြတ်နေ့ကို ဧပြီ ၁၅ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ပျော်ရွှင်စွာ ဆက်လက်ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးပြုံးချို၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ၊ မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် နံနက်ပိုင်းဖျော်ဖြေရေး အစီအစဉ်များအဖြစ် ဌာနဆိုင်ရာ ယိမ်းအဖွဲ့ရှစ်ဖွဲ့နှင့် သင်္ကြန်မောင်မယ်များက ဖျော်ဖြေတင်ဆက်ကပြကြရာ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ အသီးသီးချီးမြှင့်ခဲ့သည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် ဖျော်ဖြေရေးအစီအစဉ်များကို ဆက်လက်ကျင်းပရာ ယိမ်းအဖွဲ့ရှစ်ဖွဲ့က ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ သံရုံးမိသားစုများ ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုရေကစားမဏ္ဍပ်သို့ လာရောက်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၅

**မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးမိသားစုဝင်များ၊ သံတမန်များ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့်အတူ ယနေ့ (သင်္ကြန်အကြတ်နေ့) နံနက် ၉ နာရီက ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာအတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာလာရောက်ပါဝင်ဆင်နွှဲကြသည်။**



**မဟာသင်္ကြန်အကြတ်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် မိသားစုများ၊ သံတမန်များ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှတာဝန်ရှိသူများ ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ရေကစားရန်ရောက်ရှိလာကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်**

မြန်မာနိုင်ငံဆိုင်ရာ သံရုံးမိသားစုဝင်များနှင့် နိုင်ငံတကာမှသံတမန်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး သင်္ကြန်ယိမ်းအဖွဲ့ဝင် လုံမပျိုလေးများက သပြေခက်များဖြင့် ရေပက်ဖျန်းနှုတ်ဆက်ကြသည်။

ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် လာရောက်ရေကစားသည့် နိုင်ငံတကာအဖွဲ့သည် ပျော်ရွှင်စွာရေပက်ကစားခြင်းနှင့် မြန်မာ့သံစဉ်တေးသီချင်းများသီဆိုခဲ့ကြပြီး လာရောက်ရေကစားသည့် သံတမန်မိသားစုဝင်များနှင့် နိုင်ငံတကာအဖွဲ့များအား ဂရပ်ဖစ်တီဒီဇိုင်းရေးဆွဲပုံဖော်ထားသည့် မြို့တော်ခန်းမလယ်ရှိ မြက်ခင်းပြင်ပေါ်တွင် မြန်မာ့ရိုးရာတေးသီချင်းများ၊ မြန်မာ့ရိုးရာအကအလှများဖြင့် ဖျော်ဖြေကြသည်။

သံတမန်မိသားစုဝင်များနှင့် နိုင်ငံတကာအဖွဲ့များမှ တာဝန်ရှိသူများအား မြန်မာ့ရိုးရာအကအလှဖြင့် ဖျော်ဖြေရာတွင် မောရစကြာဥဒေါင်းမင်း၊ ခေတ်သုံးခေတ်နှစ်ပါးသွား၊ စိန်အိုးစည်၊ ရုပ်ကြီးစင်၊ ဇော်ကြီးယိမ်း၊ ဦးရွှေရိုးဒေါ်မိုး၊ ရာမသမင်လိုက်အကတို့ပါဝင်ပြီး တေးသံရှင်သန်းမြတ်စိုး၊ ဟေမာနေဝင်းနှင့် နွဲ့ယဉ်ဝင်းတို့ကလည်း တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ယနေ့သင်္ကြန်အကြတ်နေ့တွင်လည်း ဗဟိုမဏ္ဍပ်ရှေ့တွင် ရေပက်ခံထွက်သူ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိရာ ဖျော်ဖြေရေးအစီအစဉ်များ၊ တိုင်းရင်းသားရိုးရာတေးသီချင်း၊ အကတို့ဖြင့် ယှဉ်ပြိုင်သူများအပြင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်း-ရဲခေါင်၊ ဇော်ကြီး**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# မိုးရေစက်များနှင့်အတူ ရန်ကုန်သင်္ကြန်အေးချမ်းပျော်ရွှင်

**ရန်ကုန် ဧပြီ ၁၅**

ယနေ့သည်ကား မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာမဟာအတာသင်္ကြန်အကြတ်နေ့ဖြစ်ပြီး ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်အရှိန်ကြောင့် ရန်ကုန်သူရန်ကုန်သား ရေကစားကြသူများမှာ နေမပူ၊ ချွေးမထွက် မိုးရေစက်များအကြား အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိသည်ကို တွေ့ရသည်။

ရန်ကုန်သင်္ကြန်၏ အစည်ကားဆုံးနေရာများမှာကား ရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ်၊ အနော်ရထာလမ်းမပေါ်ရှိ ၁၉ လမ်းမဏ္ဍပ်နှင့် သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁)ရှေ့ရှိ ရခိုင်ရိုးရာသင်္ကြန်တို့ဖြစ်သည်။

ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ၊ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့က နေ့ရက်အလိုက် အစီအစဉ်များအတိုင်း သီဆိုဖျော်ဖြေမှုများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။ ခမ်းနားထည်ဝါလှသည့် ဗဟိုမဏ္ဍပ်ကြီးနှင့်အတူ မဟာဗန္ဓုလပန်းခြံအတွင်း အပန်းဖြေအနားယူကြသူများမှာလည်း တိုးမပေါက်အောင် စည်ကားလွန်းလှသည်။ **(ယာပုံ)**

"ကျွန်တော်တို့ ဒီနှစ်ကျင်းပတဲ့ ရခိုင်သင်္ကြန်ကတော့ (၁၄)ကြိမ်မြောက်ကျင်းပတဲ့သင်္ကြန်ဖြစ်ပါတယ်။ ဒီနှစ်သင်္ကြန်မှာ ထူးခြားတာကတော့ တိုင်းဒေသကြီးအစိုးရက သင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးအတွက် ငွေကျပ် ၃၄၈ သိန်း ထောက်ပံ့ပေးပါတယ်" ဟု ရခိုင်ရိုးရာ သင်္ကြန်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအေးမောင်က ပြောသည်။

ရခိုင်ရိုးရာသင်္ကြန်မှာလည်း သီဆိုဖျော်ဖြေမှုများ၊ သံချပ်များဖြင့် အလွန်စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည်ကို တွေ့ရသည်။ ယခုနှစ် ရန်ကုန်သင်္ကြန်တွင် စီးပွားရေးမဏ္ဍပ်များမရှိသလောက်နည်းပါးနေသည်ကို တွေ့ရသည်။ ၁၉ လမ်းထိပ်ရှိ စကိုင်းနက်ရေကစားမဏ္ဍပ်၊ သာကေတ မင်းနန္ဒာလမ်းမကြီးပေါ်ရှိ ဖော်ကျွန်းပလာဇာ ရေကစားမဏ္ဍပ်၊ တော်ဝင်နှင်းဆီ ရေကစားမဏ္ဍပ်တို့လောက်သာတွေ့ရသည်။ လမ်းမကြီးများပေါ်တွင် မဏ္ဍပ်အကြီးများတွေ့ရမှုနည်းပါးသည်။ ရပ်ကွက်အလိုက်၊ လမ်းအလိုက်ပြုလုပ်သော မဏ္ဍပ်ငယ်များကိုတွေ့ရသည်။ အထူးသဖြင့် မိသားစုအုန်းလက်မဏ္ဍပ်များကို တွေ့ရသည်။ အုန်းလက်မဏ္ဍပ်များမှာ ရေပန်းစားလာသော မြင်ကွင်းတစ်ခုဖြစ်သည်။

ရန်ကုန်မြို့ခရီးသည်ပို့ဆောင်ရေးမှာ YBS ယာဉ်လိုင်းများ ပြေးဆွဲပေးမှု အလွန်ပင်နည်းပါးလျက်ရှိသည်ကို တွေ့ရသည်။



ယာဉ်လိုင်းအချို့မှာ ယာဉ်စီးခကို ငွေကျပ် ၃၀၀၊ ငွေကျပ် ၅၀၀ အစရှိသဖြင့် တိုးမြှင့်ကောက်ခံနေသည်ကိုလည်း တွေ့ရသည်။ သို့ရာတွင် သင်္ကြန်ကာလအတွင်း ခရီးသွားလာမှုအလွန် နည်းပါးခြင်းကြောင့် ဘတ်စ်ကားများ ခရီးသည်ရရှိမှုမှာလည်း နည်းပါးနေသည်ကိုတွေ့ရသည်။ အများစုမှာ ရေပက်ခံကားများ၊ မိသားစုကားများဖြင့် ရေပက်ခံထွက်သည်ကို တွေ့ရသည်။ လမ်းများပေါ်တွင် ဘတ်စ်ကားများ လျော့နည်းသွားခြင်းကြောင့် ရေပက်ခံကားများသွားလာရသည်မှာ လွယ်ကူချောမွေ့လျက်ရှိသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-ထွန်းအောင်ရှိန် (မြန်မာ့အလင်း)**

# မဟာသင်္ကြန်အကြတ်နေ့ အင်းလျားကန်ပေါင်၌ လာရောက်အပန်းဖြေ အနားယူသူများဖြင့် စည်ကား

**ရန်ကုန် ဧပြီ ၁၅**

မဟာသင်္ကြန် အကြတ်နေ့ဖြစ်သည့် (ယနေ့) နေ့လယ်တွင် ရန်ကုန်မြို့ အင်းလျားကန်ပေါင်၌ လာရောက်အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ ယခင်နှစ်များနှင့်မတူ ပြည်လမ်းမတစ်လျှောက်တွင် မဏ္ဍပ်ကြီးများ အနည်းငယ်သာရှိသော်လည်း အင်းလျားကန်ပေါင်သို့ လာရောက်အပန်းဖြေသူများမှာ လျော့နည်းသွားခြင်းမရှိဘဲ အထူးများပြားလျက်ရှိသည်ကို တွေ့ရသည်။ **(အောက်ပုံ)**

ရေပက်မဏ္ဍပ်ကြီးများ၊ ဖျော်ဖြေရေး မဏ္ဍပ်ကြီးများ အနားယူသည့်အချိန်ဖြစ်သည့် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီထိ ရေပက်ခံကားများ၊ ဖျော်ဖြေရေးမဏ္ဍပ်ကြီးများကို လာရောက်ကြည့်ရှုသူများသည် ကန်ပေါင်အနီးတစ်ဝိုက် ရောင်းချလျက်ရှိသော စားသောက်ဆိုင်တန်းများတွင် အလုအယက်ဝယ်ယူစားသောက်နေကြသည်။



ယခုနှစ်သင်္ကြန်တွင် ထူးခြားမှုမှာ အရက်သေစာရောင်းချမှု သိသိသာသာလျော့နည်းသွားခြင်းဖြစ်သည်။

အင်းလျားကန်ပေါင်တွင် လာရောက် အပန်းဖြေအနားယူသူများအား မြန်မာနိုင်ငံ ကင်းထောက်လူငယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက လုံခြုံရေးနှင့် လိုအပ်သောအကူအညီများ လိုက်လံဆောင်ရွက် ပေးလျက်ရှိသည်ကို တွေ့ရသည်။

အင်းလျားကန် ရေပြင်အတွင်း ကယ်ဆယ်ရေးရေယာဉ်နှစ်စင်းကလည်း ခေါက်တုံ့ခေါက်ပြန် မောင်းနှင်ကာ ရေဆင်းကူးနေသူများအား အသက်အန္တရာယ် မဖြစ်ပွားစေရေးအတွက် တားဆီးပေးနေရသည်။ ရေပက်ခံကားများ များပြားမှုကြောင့် ပြည်လမ်းမကြီးတစ်လျှောက် ယာဉ်ကြောပိတ်ဆို့မှုကိုလည်း တွေ့မြင်ခဲ့ရသည်။

**သတင်း- ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**



မကွေးမြို့ ကမ်းနားလမ်းရှိ ရေကစားမဏ္ဍပ်များတွင် သင်္ကြန်အကြတ်နေ့က ရေပက်ခံပြည်သူများဖြင့် တိုးမပေါက်အောင်စည်ကားနေသည်ကို တွေ့ရစဉ် မေမိုးသဲ



ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်ရှိ ဖိုင်လုံဆည်သို့ သင်္ကြန်အကြတ်နေ့က ပျော်ရွှင်စွာလာရောက်ရေကစားကြသူများအား တွေ့ရစဉ် စိုင်းဇော်လတ်

# ပြည်သူနှင့်အတူ

## တောင်ပေါ်မြေပြန့်မခွဲခြားဘဲ လက်တွဲပူးပေါင်း

**နိုင်ငံတော်တစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ပြည်ထောင်စု၏ နယ်မြေဒေသအားလုံးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စားဝတ်နေမှုပြည့်စုံလုံခြုံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း တောင်ပေါ်မြေပြန့်၊ ပြည်နယ် ပြည်မ မခွဲခြားဘဲ မိမိကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုအစိုးရနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်လှပေသည်။**

((၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သော နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ သဝဏ်လွှာမှ ကောက်နုတ်ချက်)

## တတ်နိုင်သလောက် ပြည်သူ့အကျိုးနဲ့ နိုင်ငံ့အကျိုးအတွက် ထမ်းဆောင်ခဲ့

**ပွင့်လင်းမြင်သာမှုရဲ့ အခြေခံအားဖြင့် ပြည်သူကို လေးစားခြင်းပဲဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောတယ်ဆိုတာဟာ ပြည်သူဟာ ပြောသင့်ပြောထိုက် သိသင့်သိထိုက်တဲ့ သူမို့လို့ ပြောတယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်ပါတယ်။ ဒါကြောင့်မို့ အစိုးရကောင်းများ အားလုံးရဲ့အခြေခံဟာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှုပဲ ဖြစ်ပါတယ်။ ဒီပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှုကို ကျွန်မတို့ လက်ကိုင်ပြီးတော့ ဒီတစ်နှစ်အတွင်းမှာ တတ်နိုင်သလောက် ပြည်သူ့အကျိုးနဲ့ နိုင်ငံအကျိုးအတွက် ထမ်းဆောင်ခဲ့ပါတယ်။ ပြည်သူတွေအားလုံး တိုးတက်သင့်သလောက် တိုးတက်ချင်သလောက် မတိုးတက်သေးဘူးဆိုတာလည်း ကျွန်မတို့ သိပါတယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

*✻ ကျောဖုံးမှ*

ယှဉ်ပြိုင်ဖျော်ဖြေနေသည့် ကချင်တိုင်းရင်းသူ ဂျာဆန်းအောင်က “မြစ်ကြီးနားမြို့ကလာတာပါ။ တိုင်းရင်းသားစုပေါင်းအကပြိုင်ပွဲအတွက် ရန်ကုန် ဗဟိုမဏ္ဍပ်မှာ လာရောက်ဖျော်ဖြေပေးတာပါ။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံးနဲ့တွေ့ရလို့ ပျော်ရွှင်ပါတယ်။ မနေ့ကဆို ထားဝယ်တိုင်းရင်းသားတွေနဲ့ အတူတူချစ်ကြည်ရင်းနှီးတဲ့အနေနဲ့ ဖျော်ဖြေရပါတယ်။ ပျော်စရာကောင်းတယ်”ဟုပြောသည်။

အဆိုပါမဏ္ဍပ်တွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက လာရောက်ယှဉ်ပြိုင်လျက်ရှိရာ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်မှ ကရင်တိုင်းရင်းသား စောအောင်နိုင်ဟိန်းက “နှစ်စဉ်ဗဟိုမဏ္ဍပ်မှာ လာဖျော်ဖြေတယ်။ ကိုယ့်ရဲ့ဘိုးဘွားတွေထားခဲ့တဲ့ ယဉ်ကျေးမှုကို ဖော်ထုတ်တဲ့အနေနဲ့ ပြိုင်တာ။ မြန်မာ့ရိုးရာသင်္ကြန်မှာ ကိုယ့်ရဲ့ ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ပြီး ဖျော်ဖြေရတာ ပျော်လည်းပျော်တယ်၊ ဝမ်းလည်းသာတယ်”ဟု ဆိုသည်။

“သင်္ကြန်မှာ ဒုံးသုံးယိမ်းနဲ့ လာဖျော်ဖြေတယ်။ မွန်ဓလေ့ရိုးရာယိမ်းနဲ့ပါ။ တိုင်းရင်းသားပေါင်းစုံနဲ့ အခုလိုမြန်မာ့ရိုးရာသင်္ကြန်မှာ တွေ့ဆုံရတော့ပျော်ရွှင်တယ်။ မွန်ယဉ်ကျေးမှုနဲ့ ဖျော်ဖြေရတာလည်း ဝမ်းသာတယ်။ ရိုးရာပြိုင်ပွဲအတွက် ဆုပေးတယ်။ မွန်အကနဲ့ မွန်တိုင်းရင်းသားအကကို ပြိုင်ပွဲမှာဝင်ပြိုင်တယ်”ဟု မွန်ပြည်နယ် မုဒုံမြို့တွင် နေထိုင်သူ မွန်တိုင်းရင်းသား မောင်မြင့်ထွန်းနိုင်ကလည်း ပြောသည်။



**သင်္ကြန်အကြတ်နေ့တွင် ရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ်၌ သင်္ကြန်ဆင်နွှဲသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်**
ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်

အဆိုပါမဏ္ဍပ်သို့ လာရောက်ယှဉ်ပြိုင်ကြသည့် တိုင်းရင်းသားညီနောင်များအနေဖြင့် မိမိတို့၏ရိုးရာဓလေ့မပျက် အကအလှများကို လာရောက်တင်ဆက်ဖျော်ဖြေခဲ့ရာ သင်္ကြန်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသလို အနီးဝန်းကျင်၌ စတုဒိသာမဏ္ဍပ်များကလည်း စေတနာအပြည့်ဖြင့် လှူဒါန်းကျွေးမွေးနေသည်ကို တွေ့မြင်ရသည်။

ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ် အမှတ်ပေး အကဲဖြတ်ဆပ်ကော်မတီဝင် အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်၊ သဘင်ပညာဌာန၏ ပါမောက္ခ ဦးခိုင်ထွန်းက “ကျွန်တော်ကအကဲဖြတ်ဆပ်ကော်မတီတစ်ဦးအနေနဲ့ ပါဝင်ဆောင်ရွက်ပေးတာ။ ရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ်မှာ တိုင်းရင်းသားပေါင်းစုံ လာရောက်ဖျော်ဖြေတာ တွေ့ရတယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုကို ပရိသတ်တွေ တွေ့မြင်ခံစားရတဲ့အတွက်ကြောင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အထောက်အကူပြုတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်တဲ့ တိုင်းရင်းသား တစ်မျိုးချင်းအလိုက်ရဲ့ယဉ်ကျေးမှုကို တိုင်းရင်းသားပေါင်းစုံက သိရှိခွင့်၊ လေ့လာခွင့်ရခဲ့တယ်။ မဟာသင်္ကြန်က တိုင်းရင်းသားတွေအတွက် အကျိုးများစွာဖြစ်ထွန်းစေသလို ပျော်ရွှင်စွာနဲ့ တစ်စည်းတစ်လုံးလည်း ဆုံတွေ့ခွင့်ရခဲ့တယ်”ဟု ပြောသည်။

သင်္ကြန်အကြတ်နေ့ ရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ်သည် စည်ကားလျက်ရှိနေသလို ရန်ကုန်မြို့ရှိ အခြား ရေကစားမဏ္ဍပ်များ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိရာ လုံခြုံရေးအတွက် တာဝန်ယူထားသူများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ယူသူများကလည်း သက်ဆိုင်ရာနေရာအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ်အနီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့်မဟာဗန္ဓုလလမ်းတွင် တာဝန်ထမ်းဆောင်နေသည့် အမှတ်(၄၁) ယာဉ်ထိန်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့စုမှူးဒုတိယရဲမှူးစိုးမင်းထွန်းက “ဒီနေရာမှာတပ်ဖွဲ့ဝင်အင်အား ၂၁ ဦးနဲ့ တာဝန်ယူဆောင်ရွက်နေပါတယ်၊ ဆောင်ရွက်တဲ့နေရာမှာလည်း အဓိကအားဖြင့် အရက်သေစာသောက်စားပြီး မူးယစ်မောင်းနှင်တာမျိုးတွေမလုပ်အောင်၊ ယာဉ်အန္တရာယ်မဖြစ်အောင် ထိန်းသိမ်းပေးနေပါတယ်”ဟုဆိုသည်။

ယခုနှစ် မဟာသင်္ကြန်တွင် ရန်ကုန်မြို့၌ ရေကစားမဏ္ဍပ်များ နည်းပါးသွားသော်လည်း ရိုးရာသင်္ကြန်ပွဲတော်ကို ရိုးရာမပျက်ဆင်နွှဲလျက်ရှိပြီး ရန်ကုန်မြို့တော် (ဗဟို) မဏ္ဍပ်တွင် ည ၇ နာရီမှ စတင်၍ ည ၁၀ နာရီအထိ ယိမ်းအကများဖြင့် ယှဉ်ပြိုင်ဖျော်ဖြေကပြနေမှုသည်လည်း ယခုနှစ် ရန်ကုန်သင်္ကြန်၏ ထူးခြားမှုတစ်ခုပင်ဖြစ်ကြောင်း သိရသည်။

*❍ ကျောဖုံးမှ*

“ဒီနှစ်သင်္ကြန်က ငွေသိပ်မကုန်ဘူး။ လမ်းလျှောက်သင်္ကြန်ဆိုတော့ ကားငှားစရာ မလိုဘူးလေ။ ကျွန်တော်တို့ သူငယ်ချင်းအားလုံး မနက်ပိုင်းမှာ ကျုံးမြောက်ဘက်က IC မဏ္ဍပ်မှာ သွားကဲပြီး ထမင်းစားခဲ့တယ်။ လမ်းလျှောက်သင်္ကြန်က ကျွေးတဲ့ စတုဒိသာထမင်းကိုစားပြီး ရေပက်ကစားကြတယ်။ ညပိုင်းမှာ မြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖျော်ဖြေမှုကို အားပေးခဲ့ပါတယ်” ဟု သင်္ကြန်လည်ပတ်သူအဖွဲ့မှ ကိုမျိုးဝင်းက ပြောသည်။

ထို့အပြင် သင်္ကြန်ကာလအတွင်း မန္တလေးမြို့ရောက်ရှိနေပြီး လမ်းလျှောက်သင်္ကြန်သို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံတကာခရီးသွားများကလည်း မြန်မာလူမျိုးတို့၏ သင်္ကြန်ပွဲတော်သည် အထူးပျော်ရွှင်စရာကောင်းကြောင်း ပြောကြားခဲ့ကြသည်။

“မြန်မာသင်္ကြန်ရဲ့ရေကစားမဏ္ဍပ်အောက်မှာ လွတ်လပ်ပျော်ရွှင် ကခုန်နေတဲ့ မြင်ကွင်းကိုကြည့်ရတာ သူတို့ရဲ့အပျော်တွေ ကျွန်တော်တို့ဆီ ကူးစက်လာသလိုခံစားရတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း ဝင်ရောက်ပါဝင်ဆင်နွှဲခဲ့ပါတယ်”ဟု အဆိုပါနိုင်ငံခြားအဖွဲ့မှ နယ်သာလန်နိုင်ငံသားတစ်ဦးက ပြောသည်။ ယနေ့ သင်္ကြန်အကြတ်နေ့တွင် ကျုံးပတ်တစ်လျှောက်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတွင် နိုင်ငံတကာခရီးသွားများ အထူးစိတ်ဝင်တစား ပျော်ရွှင်စွာဆင်နွှဲလျက်ရှိကြောင်း သိရသည်။

*● ကျောဖုံးမှ*

ရောက်ရှိနိုင်ပြီး မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေဖြစ်၍ လိမ္မော်ရောင်အဆင့်ရှိသည်ဟု သတ်မှတ်ထားသည်။

အဆိုပါမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၃ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၉ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်း ဖြစ်သည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် ၁၅-၄-၂၀၁၇ ရက်နေ့မှ ၁၇-၄-၂၀၁၇ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လေပြင်းတိုက်ခတ်ခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

ထို့ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



**မဟာသင်္ကြန်အကြတ်နေ့က တောင်ငူမြို့ ဗဟိုမဏ္ဍပ်တွင် ရေပက်ကစားသူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်**
သူရ(တောင်ငူ)

# အိုသူပျော်စေ ပူဇော်လေ

**ခင်ပံသု(လူမှု)**

**"မြန်မာနိုင်ငံရှိ အသက်(၉၀)နှစ်နှင့်အထက်ဘိုးဘွားများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံတော်က လူမှုရေး ပင်စင် ထောက်ပံ့ပေးတော့မည်"**

၂၀၁၇ ခုနှစ်ကတော့ သက်ကြီးရွယ်အိုများအတွက် မင်္ဂလာရှိသောနှစ်ဖြစ်တယ်လို့ ပြောရမှာပါ။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ရဲ့ နေ့စဉ်ထုတ်သတင်းစာတွေမှာ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေပြဌာန်းကြောင်း မင်္ဂလာရှိစွာဖော်ပြထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီ ဥပဒေရဲ့ အခန်း (၈)၊ ပုဒ်မ (၂၅)အရ "နိုင်ငံတော်သည် သက်ကြီးရွယ်အိုများအတွက် အသက်အရွယ် အပိုင်းအခြားအလိုက် သက်ကြီးရွယ်အို ခံစားခွင့်ရရှိရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်" ဟုပါရှိပါတယ်။

ဒ့ါအပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဦးဆောင်မှုဖြင့် ရေးဆွဲထားတဲ့ မြန်မာနိုင်ငံရဲ့လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာမှာ ဦးစားပေးလုပ်ငန်းအစီအစဉ် ရှစ်ရပ်ရှိတဲ့အနက် လုပ်ငန်းအစီအစဉ်တစ်ရပ်ကတော့ သက်ကြီးသူများအတွက် လူမှုရေးပင်စင်အဖြစ် လစဉ်ထောက်ပံ့ရန် ဟုပါရှိပါတယ်။ အဲဒါတွေကို အကောင်အထည်ဖော်ဖို့အတွက် ၂၀၁၆ ခုနှစ်ကတည်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဘတ်ဂျက်များထည့်သွင်းရေးဆွဲခြင်း၊ အဆင့်ဆင့်တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ယခုတော့ ဘတ်ဂျက်မှာ ပါဝင်ပြီးဖြစ်တဲ့အတွက် သက်ကြီးရွယ်အိုများကို နိုင်ငံတော်က လူမှုရေး ပင်စင်နှင့် ဂုဏ်ပြုပူဇော်နိုင်ပြီဖြစ်ပါတယ်။ အသက် (၉၀နှစ်) နှင့်အထက် ဘိုးဘွားများအတွက် တစ်လလျှင် ငွေကျပ် တစ်သောင်းတိတိကို သုံးလလျှင်တစ်ကြိမ် ငွေကျပ် သုံးသောင်းတိတိ ထောက်ပံ့ပေးတော့မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးနှစ်စတာကတော့ နှစ်စဉ်နှစ်တိုင်း ဧပြီလ ၁ ရက်နေ့ဖြစ်ပါတယ်။ ဒ့ါကြောင့် အသက် (၉၀နှစ်) နှင့်အထက် ဘိုးဘွားများကို ၂၀၁၇ ခုနှစ် ဇွန်လကုန် ကစပြီး ဧပြီ၊ မေ၊ ဇွန်လတို့အတွက် ငွေကျပ် သုံးသောင်းတိတိနှင့် သုံးလတစ်ကြိမ်ပုံမှန် နိုင်ငံတော်အစိုးရက ဂါရဝပြုတော့မှာ ဖြစ်ပါကြောင်း မင်္ဂလာရှိစွာ အသိပေးပါရစေ။

အဲဒီအတွက် အသက် (၉၀နှစ်)နှင့်အထက် ဘိုးဘွားများရှိသော အိမ်ထောင်စုဝင်များက မဖြစ်မနေဆောင်ရွက်ပေးဖို့ တစ်ခုတော့ရှိပါတယ်။ ဒါကတော့ ဘိုးဘွားတို့ရဲ့ အသက်အထောက်အထားများကို အနီးစပ်ဆုံးရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ပို့ပေးထားဖို့ပဲ ဖြစ်ပါတယ်။ အသက် (၉၀နှစ်)နှင့် အထက်လို့ပြောတဲ့နေရာမှာလည်း ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက် နေ့ကစပြီး အသက် (၉၀နှစ်)ပြည့်သူကို ရည်ညွှန်းပါကြောင်း ပြောကြားပါရစေ။ အသက်အထောက်အထားအတွက် အခိုင်အမာမရှိရင်တော့ သက်ဆိုင်ရာတာဝန်ယူရတဲ့ဌာနတွေအတွက် လူမှုရေးပင်စင် ထုတ်ပေးရန် အခက်အခဲရှိပါတယ်။ ဘိုးဘွားတွေရဲ့ အသက်အထောက်အထားအတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံမှာ အိမ်ထောင်စုဝင်များက အောက်ပါတို့ကို ကိုယ်စားသွားရောက် သတင်းပေးဖို့လိုပါမယ်-

(က) ဘိုးဘွားတို့၏ မှတ်ပုံတင်မူရင်း/မိတ္တူ
(ခ) ဘိုးဘွားတို့ပါဝင်သော အိမ်ထောင်စုစာရင်း (ပုံစံ-၆၆(ဃ)) မူရင်း/မိတ္တူ

ဒီနေရာမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်နှစ်ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံအရ ဘိုးဘွားတချို့မှာ မှတ်ပုံတင်မရှိတာတွေ့ရပါတယ်။ မှတ်ပုံတင်တော့ မရှိပေမယ့် အိမ်ထောင်စုစာရင်း ပုံစံ-၆၆(ဃ)မှာတော့ ဘိုးဘွားတွေ အမည်စာရင်းရှိပါတယ်။ ပုံစံ-၆၆(ဃ)မှာ ဘိုးဘွားတွေရဲ့ မွေးသက္ကရာဇ် (မြန်မာသက္ကရာဇ်/ ခရစ်နှစ်)ပါဝင်၍ ၎င်း အိမ်ထောင်စုစာရင်း (ပုံစံ-၆၆(ဃ)) မိတ္တူကို သက်ဆိုင်ရာ ဌာနများတွင် သိမ်းဆည်းထားရမှာဖြစ်ပါတယ်။ ထို့အတွက်ကြောင့် ဘိုးဘွားတွေရဲ့ အသက်အထောက်အထားအတွက် အထက်ဖော်ပြပါ (က)နှင့် (ခ)တို့ လိုအပ်ပါတယ်။ နှစ်ခုစလုံး ရှိရင်တော့ ပိုပြီးကောင်းပါတယ်။ နှစ်ခုစလုံးမရှိနိုင်ရင် တစ်ခုတော့ ရှိရပါမယ်။ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ သွားရောက်ပေးပါက မိတ္တူများကိုသာပေးခဲ့ပါ။ မူရင်းနှင့် မိတ္တူကို တိုက်ကြည့်စိစစ်ပြီးပါက မူရင်းများကို ဘိုးဘွားတွေရဲ့ အိမ်ထောင်စုဝင်များက ပြန်ယူသွားပေးပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

နောက်တစ်ခုပေးရန် လိုတာကတော့ ဘိုးဘွားရဲ့ လက်ရှိကာလအတွင်း ရိုက်ကူးထားတဲ့ ပတ်စ်ပို့ဓာတ်ပုံ ခြောက်ပုံဖြစ်ပါတယ်။ဒါကိုလည်း ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ဖို့လိုပါမယ်။ ဒါကတော့ အိမ်တွေမှာနေတဲ့ ဘိုးဘွားတွေအတွက်ပါ။

တချို့သော ဘိုးဘွားတွေကတော့ အကြောင်း အမျိုးမျိုးကြောင့် ဘိုးဘွားရိပ်သာတွေ၊ သဘာဝတရား ရိပ်သာကဲ့သို့သော ရိပ်သာတွေ၊ ဘာသာရေးအခြေခံတဲ့ ရိပ်သာတွေ၊ ပရဟိတဂေဟာတွေ၊ ယာယီစောင့်ရှောက်ရေး ဂေဟာများ စသည်ဖြင့် နေထိုင်နေရသော ဘိုးဘွားတွေ ရှိပါတယ်။ အဆိုပါ ဘိုးဘွားများအတွက် ဂေဟာမှူး/ အုပ်ချုပ်ရေးမှူးများက ၎င်းတို့၏ အသက် အထောက်အထားများနှင့် လက်ရှိကာလအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ ခြောက်ပုံကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ဆက်သွယ်ပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အသက်အထောက်အထားလို့ ပြောတဲ့နေရာမှာ မှတ်ပုံတင်ရော၊ အိမ်ထောင်စုဇယားရောမရှိသူ ဘိုးဘွားများအတွက် ဂေဟာမှူးက လျှောက်ပေးရမှာဖြစ်ပါတယ်။ ဂေဟာမှူး၊ အုပ်ချုပ်ရေးမှူး၏ လျှောက်လွှာတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက အဆိုပါ ရိပ်သာ၊ ဂေဟာများသည် သက်ဆိုင်ရာဒေသများအတွင်း တည်ရှိပါကြောင်း ထပ်ဆင့် လက်မှတ်ရေးထိုးပြီး မြို့နယ်၊ ခရိုင် စသည်ဖြင့် အဆင့်ဆင့် ပို့ရမှာဖြစ်ပါတယ်။ ၎င်းမှတစ်ဆင့် ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန်ထမ်းရုံးများသို့ စာရင်းများ ပေးပို့ပြီး လူမှုဝန်ထမ်းရုံးများက တိုင်းဒေသကြီး/ပြည်နယ် အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာနသို့ စိစစ်ပေးပါရန် ပေးပို့ရမှာဖြစ်ပါတယ်။ စိစစ်ပြီးစာရင်းကိုမှ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန်ထမ်းရုံးမှ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)သို့ ပို့ရပါမယ်။

နောက်ဘိုးဘွားအုပ်စုကတော့ သာသနာ့ဝန်ထမ်း ဘိုးဘွားအုပ်စုပါ။ သာသနာ့ဝန်ထမ်းများတွင်လည်း ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အသက် (၉၀နှစ်)ပြည့်ပြီဆိုပါက လျှောက်၍ရပါပြီ။ သက်ဆိုင်ရာ သာသနာ့ဝန်ထမ်းကတ်ပြား များတွင် မွေးသက္ကရာဇ်ပါဝင်ပါက အဆိုပါ သာသနာ့ဝန်ထမ်း ကတ်ပြားမိတ္တူကို ပေးရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ သာသနာ့ ဝန်ထမ်းကတ်ပြားမရှိပါက သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ထောက်ခံစာများလိုအပ်မှာ ဖြစ်ပါတယ်။ အဆိုပါ သာသနာ့ဝန်ထမ်းကတ်ပြား (သို့မဟုတ်) ထောက်ခံစာများကို အနီးစပ်ဆုံး ရပ်ကွက်/ ကျေးရွာအုပ်စုကို ပေးထားရမှာဖြစ်ပါတယ်။ ဒကာ၊ ဒကာမများက ကိုယ်စားဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

အထက်ဖော်ပြပါ ဘိုးဘွားများ၏ အထောက်အထား များနှင့် စာရင်းဇယားများကို ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ပို့ပေးထားပါရန်၊ ပြည်သူလူထုကို လေးစားစွာ နှိုးဆော်ပန်ကြားအပ်ပါတယ်။ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများမှ ၎င်းတို့၏ အထက်ဆင့်များသို့ အဆင့်ဆင့်ပေးပို့ပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးများထံမှ တိုင်းဒေသကြီး/ ပြည်နယ်လူမှု ဝန်ထမ်းရုံး ၁၅ ရုံး (ခရိုင်ရုံးရှိသောနေရာ ၁၂ ခုအတွက် ခရိုင် လူမှုဝန်ထမ်းရုံး) များသို့ ပေးပို့ရမှာဖြစ်ပါတယ်။ တိုင်း ဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းရုံးများက ပေးပို့သော အသက်အထောက်အထားများနှင့် စာရင်းဇယားများကို လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)သို့ ပေးပို့ရမှာဖြစ်ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)က စာရင်းဇယားများကို ကွန်ပျူတာဖြင့် စာရင်းသွင်းခြင်းနှင့် အသက်ပြည့်/ မပြည့် ကွန်ပျူတာပရိုဂရမ်ဖြင့် စိစစ်ခြင်း၊ ဘိုးဘွားတစ်ဦးချင်းစီ၏ မှတ်တမ်းများကို စုစည်းပြုစုခြင်း လုပ်ငန်းများကို ဆောင်ရွက်ပါမယ်။ ထို့နောက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအလိုက် လူမှုရေး ပင်စင်အကျိုးခံစားခွင့်ရသူ ဘိုးဘွားစာရင်းဇယားများပြုစုပြီး အဆိုပါစာရင်းဇယားများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းရုံးများသို့ ပြန်လည်ပေးပို့မည်ဖြစ်ပါသည်။ အဆိုပါ စာရင်းဇယားများအပေါ်မူတည်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန်ထမ်းရုံးများသို့ လူမှုရေး ပင်စင်ထောက်ပံ့မည့် ငွေပမာဏများကို မြန်မာ့စီးပွားရေး ဘဏ်ကတစ်ဆင့် သက်ဆိုင်ရာရုံးများ၏ ငွေထုတ်သူအရာရှိ ငွေစာရင်းသို့ လွှဲပြောင်းပေးလိုက်မည်ဖြစ်ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံးများ သည် မြို့နယ်အလိုက် စာရင်းဇယားများအပေါ်မူတည်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ငွေစာရင်းများသို့ မြန်မာ့ စီးပွားရေးဘဏ်မှတစ်ဆင့် ဇွန်လတွင် လွှဲပြောင်းပေးအပ် မည်ဖြစ်ပါတယ်။ လူမှုရေးပင်စင်အကျိုးခံစားခွင့်ရသူ ဘိုးဘွား စာရင်းဇယားများကိုလည်း မြို့နယ်များသို့ ပြန်လည်ပေးပို့ မည် ဖြစ်ပါတယ်။

မြို့နယ်အဆင့်၏အောက်ပိုင်းတွင် ဘဏ်စနစ် အဆင်သင့် မဖြစ်သေးပါ။ မြို့နယ်အုပ်ချုပ်ရေးမှူးများက ၎င်းတို့၏ လက်အောက်ရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး များကို လစဉ်ကျင်းပတဲ့ လကုန်အစည်းအဝေးတွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် စာရင်းဇယား များနှင့် လူမှုရေးပင်စင်ထောက်ပံ့ငွေများကို လွှဲပြောင်းပေးအပ် မည်ဖြစ်ပါတယ်။

ထိုမှတစ်ဆင့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးများမှာ ဘိုးဘွားများရဲ့ မိသားစုဝင်များ (သို့မဟုတ်) ရာအိမ်မှူး /ဆယ်အိမ်မှူး(သို့မဟုတ်)ဂေဟာမှူး၊ ယာယီ စခန်းအုပ်ချုပ်ရေးမှူး (သို့မဟုတ်)သာသနာ့ဝန်ထမ်း ကိုယ်စား လှယ်က သက်ဆိုင်ရာအထောက်အထားများနဲ့ ဘိုးဘွား များရဲ့ လူမှုရေးပင်စင်ကို ထုတ်ယူပေးပါရန် တိုက်တွန်းနှိုးဆော် အပ်ပါတယ်။ ထိုသို့ပေးအပ်ရာမှာ ရပ်ကွက်က ယုံကြည် ကိုးစားရသော ရပ်မိရပ်ဖ၊ ဘာသာရေးခေါင်းဆောင်၊ ကျောင်း အုပ်ကြီးတို့ရှေ့တွင် ပေးအပ်ရမည် ဖြစ်ပါတယ်။

သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးများတွင် ဘိုးဘွားများ တစ်ဦးချင်းစီအတွက် ငွေလက်ခံရရှိ ကြောင်း အထောက်အထားမှတ်တမ်းများ သိမ်းဆည်းထားမည် ဖြစ်ပါတယ်။ ဘိုးဘွားများ တစ်ဦးချင်းစီအတွက် ငွေလက်ခံ ရရှိကြောင်း အထောက်အထား မှတ်တမ်းကို ကိုယ်စားလှယ် များထံသို့ ပေးအပ်လိုက်မည်ဖြစ်ပါတယ်။

အဆိုပါ ကိုယ်စားလှယ်များက သက်ဆိုင်ရာကျေးရွာ များတွင်ရှိသော အသက် (၉၀ နှစ်)နဲ့အထက် ဘိုးဘွားများကို လူမှုရေးပင်စင် ပေးအပ်သောအခါတွင် ရပ်ရွာက ယုံကြည် ကိုးစားသော ရပ်မိရပ်ဖ (သို့မဟုတ်)ဘာသာရေး ခေါင်းဆောင် (သို့မဟုတ်) ကျောင်းဆရာ/ ဆရာမများရှေ့မှာ ပေးအပ်ရန် လိုအပ်မှာဖြစ်ပါတယ်။

လူမှုရေးပင်စင် အထောက်အပံ့ပေးအပ်ခြင်းကို စနစ် တစ်ရပ်အဖြစ် အကောင်အထည်ဖော်နိုင်ဖို့အတွက် တိုင်း ဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီများ ဖွဲ့စည်းဆောင် ရွက်သွားမှာဖြစ်ပါတယ်။

အဆိုပါ လူမှုရေးပင်စင် အထောက်အပံ့ပေးရသည့် ပါလျက်နှင့် ရရှိခြင်းမရှိပါက (သို့မဟုတ်) မရသင့်ပါဘဲလျက် ရရှိနေပါက ရပ်ကွက်/ ကျေးရွာများအတွင်း ပြည်သူများက ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ယုံကြည် စိတ်ချရသောသူများကဖြစ်စေ၊ တာဝန်သိပြည်သူများကဖြစ်စေ လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)၏ Help Line ဖုန်းနံပါတ် ၀၆၇-၄၀၄၂၂၂/ ၀၆၇-၄၀၄၉၉၉ များသို့ ၂၄ နာရီ ဖုန်း ဆက်တိုင်ကြားနိုင်ပါကြောင်း အသိပေးပြောကြား အပ်ပါ တယ်။

အဆိုပါစနစ်ဖြင့် Check and Balance ကို ထားရှိမည့် အပြင် လူမှုဝန်ထမ်းဦးစီးဌာနက မြန်မာနိုင်ငံ၏ အသက် (၉၀နှစ်) နှင့်အထက် စာရင်းဝင်ဘိုးဘွားများရဲ့ ၁၀ ရာခိုင်နှုန်း ကို " အစီအစဉ်အလိုက် ကျပန်းနမူနာ (systematic random sampling)" ဖြင့် ရွေးချယ်ပြီး လူမှုရေးပင်စင် အချိန်မီ ရ/မရကို တစ်နှစ်လျှင် နှစ်ကြိမ်ကြီးကြပ်စိစစ်ရန် စီစဉ်ထားရှိပါတယ်။

နိုင်ငံတော်အစိုးရအနေနှင့် လူမှုရေးကဏ္ဍတွင် "လူ့ဂုဏ်သိက္ခာ အပြည့်အဝရရှိနိုင်မည့် လူမှုအသိုက်အဝန်း တစ်ရပ်ပေါ်ပေါက်လာစေရန် အထောက်အကူဖြစ်စေရေး အတွက် အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများဖြင့် ပြည်သူ လူထု လွတ်လပ်လုံခြုံစွာ တိုးတက်စေရေး" ကို ဦးတည်၍ ပြောင်းလဲမှုကို ဖော်ဆောင်လျက်ရှိပါတယ်။ အဆိုပါ ဦးတည် ချက်နှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယူနီဗာဆယ် လူမှုရေးပင်စင်စနစ်ကို အကောင်အထည်ဖော်မည် ဖြစ်သလို ဖွံ့ဖြိုးမှုအတွက် လိုအပ်နေတဲ့ ဒေသများဖြစ်တဲ့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် ၎င်းကိုယ်ဝန်ဆောင် များက မွေးဖွားလာသည့် ကလေးငယ် အသက်နှစ်နှစ်အထိ တစ်လလျှင် ငွေကျပ်တစ်သောင်းခွဲတိတိကို သုံးလလျှင် တစ်ကြိမ် အာဟာရဖွံ့ဖြိုးရေးအတွက် အထောက်အပံ့တွေ ပေးရန်လည်း စီစဉ်နေပါတယ်။

နိုင်ငံတော်က ပြောင်းလဲချိန်တန်ပြီဆိုပြီး ပြောင်းလဲ လိုက်တဲ့နေရာမှာ အာဆီယံနိုင်ငံများ အတွင်းမှာရော၊ ဖွံ့ဖြိုး ဆဲနိုင်ငံများအတွင်းမှာရော၊ ကိုယ့်နိုင်ငံအခြေအနေနဲ့ လိုက် လျောညီထွေစွာ ဆောင်ရွက်သင့်တာကို ဆောင်ရွက်နေကြ တဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်ကို မြန်မာ နိုင်ငံအနေနဲ့ စတင်နိုင်ပြီဖြစ်ကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ပြော လိုပါတယ်။ ဂုဏ်ယူဝင့်ကြွားလိုတာ၏ တစ်ခုတည်းမဟုတ်ပါ။ အဆိုပါ အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြင့် နိုင်ငံအတွက်နှစ်အတန်ငယ်အကြာမှာ လူမှုရေးဆိုင်ရာ အညွှန်းကိန်းများ ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ရေရှည်မှာ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရာမှ နိုင်ငံ့ဓနအင်အား ဖွံ့ဖြိုးလာသည်အထိ အကျိုးထူးများ ရရှိမှာ ဖြစ်ပါ၍ ယနေ့မှာပင် ရင်းနှီးမြှုပ်နှံသင့်သော လုပ်ငန်းများ ဖြစ်ပါကြောင်း ပြည်သူလူထုကို လေးစားစွာ အသိပေးပြော ကြားပါရစေ။

ဒါပေမယ့် နိုင်ငံတော်အနေနဲ့ ချမ်းသာကြွယ်ဝလို့ ထောက်ပံ့မှုတွေပေးရတာမဟုတ်ပါဘူး။ ဆင်းရဲ၊ ချမ်းသာ ကွာဟမှုများနေတဲ့ နိုင်ငံတိုင်းမှာ လူမှုကာကွယ်စောင့်ရှောက် ရေးစနစ်တွေကို ကျင့်သုံးပေးရပါတယ်။ ဒါမှသာ သာတူညီမျှ မှု(Equity) ရှိတဲ့ လူ့အသိုက်အဝန်း ပေါ်ပေါက်လာမှာ ဖြစ် ပါတယ်။ ဒီနေရာမှာ ပြောလိုတာကတော့ အစိုးရအနေနဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်ကို ဦးစားပေး လုပ်ငန်းများထဲမှ တစ်ခုအဖြစ် သတ်မှတ်ပေးထားတာ ဖြစ်ပါ တယ်။ ဆောင်ရွက်သင့်တဲ့ လုပ်ငန်းလည်းဖြစ်ပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုကိုလည်း ဌာနအသီးသီးက ထမ်းဆောင် ရမှာဖြစ်သလို ပြည်သူများအနေနဲ့ကလည်း အကူအညီများ ပေးစေလိုပါတယ်။ နိုင်ငံတိုင်းမှာလည်း လူမှုကာကွယ် စောင့်ရှောက်ရေးစနစ်များ ဖော်ဆောင်ရာမှာ ဌာနပေါင်းစုံ ပူးပေါင်းပါဝင်မှုဟာ အရေးပါတဲ့နေရာမှာ ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြလေ့ရှိသလို ပြည်သူလူထုကိုယ်တိုင် မပါဝင်ဘဲ မအောင်မြင်နိုင်ဘူးဆိုတာ ၎င်းတို့၏ လေ့လာမှု စာတမ်းများမှ မီးမောင်းထိုးပြထားပါတယ်။ ထို့အတွက် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေ ယိုဖိတ်မှုမရှိအောင် ကဏ္ဍ ပေါင်းစုံက ဝိုင်းဝန်းထိန်းကြောင်း ဆောင်ရွက်ပေးစေလိုပါ ကြောင်း မေတ္တာရပ်ခံအပ်ပါတယ်။

နိုင်ငံတော်က ယူနီဗာဆယ် လူမှုရေးပင်စင်နဲ့လိုအပ်တဲ့ ဒေသအချို့မှာ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် ၎င်း ကိုယ်ဝန်ဆောင်များက မွေးဖွားလာသည့် ကလေးငယ်အသက် နှစ်နှစ်အထိ အထောက်အပံ့တွေကို ခွင့်ပြုပေးလိုက်တဲ့အတွက် ဘဏ္ဍာငွေသုံးစွဲမှု (ရင်းနှီးမြှုပ်နှံမှု လို့ပြောရင်ပိုမှန်ပါမယ်) ပုံစံပြောင်းလဲသွားမှုကို ဂရပ်ပုံနှစ်ပုံဖြင့် နှိုင်းယှဉ်တင်ပြပါရစေ။ လူမှုဝန်ထမ်းဦးစီးဌာနက ဝန်ဆောင်မှုများ ပြည်သူသို့ တိုက်ရိုက်အကူအညီပေးနိုင်မှု အခြေအနေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် (၁၉)ရာခိုင်နှုန်းသာ ရှိရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် (၆၉) ရာခိုင်နှုန်းအထိ တိုးမြှင့်ထောက်ပံ့ပေးထားတာကို ပြည်သူ လူထုထံ တင်ပြ ချင်ပါတယ်။

စာမျက်နှာ ၇ သို့

**နိုင်ငံတော်အနေနဲ့ ချမ်းသာကြွယ်ဝလို့ ထောက်ပံ့မှုတွေပေးရတာမဟုတ်ပါဘူး။ ဆင်းရဲ ချမ်းသာကွာဟမှု များနေတဲ့နိုင်ငံတိုင်းမှာ လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်တွေကို ကျင့်သုံးပေးရပါတယ်။ ဒါမှသာ သာတူညီမျှမှု (Equity) ရှိတဲ့ လူ့အသိုက်အဝန်းပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြောလိုတာကတော့ အစိုးရအနေနဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်ကို ဦးစားပေး လုပ်ငန်းများထဲမှ တစ်ခုအဖြစ် သတ်မှတ်ပေးထားတာဖြစ်ပါတယ်။**

# မန်းရွှေစက်တော်ဘုရားပွဲတော် နှစ်ဆန်း(၂)ရက်တွင် ပိတ်ပွဲကျင်းပမည်



**မင်းဘူး ဧပြီ ၁၅**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ရာ ပါဒခြေတော်မြတ်ပိတ်ပွဲကို နှစ်ဆန်း (၂)ရက်သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်သည်။

မန်းရွှေစက်တော်ရာဖွင့်ပွဲကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်တွင် ကျင်းပမြဲဖြစ်ပြီး ပိတ်သိမ်းပွဲကို နှစ်စဉ် မြန်မာနှစ်ဆန်း (၁)ရက်တွင် ကျင်းပမြဲဖြစ်ရာ ယခုနှစ်မှစ၍ ပိတ်သိမ်းပွဲအား မြန်မာနှစ်ဆန်း(၂)ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာနှစ်ဆန်း (၁)ရက်တွင် တိုင်းသံဃနာယက ဆရာတော်ကြီးများ၊ မန်းရွှေစက်တော်ဘုရား ဩဝါဒစရိယဆရာတော်ကြီးများမှာ မြန်မာ့ရိုးရာအစဉ်အလာအရ အန္တရာယ်ကင်းပရိတ်တရားတော်များ ချီးမြှင့်ပွဲများ၊ နှစ်သစ်မင်္ဂလာကိစ္စရပ်များဖြင့် မအားလပ်နိုင်သည့်အတွက် မြန်မာနှစ်ဆန်း (၂)ရက်သို့ ပြောင်းရွှေ့သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း မန်းရွှေစက်တော်ရာ ဂေါပကအဖွဲ့ထံမှ သိရသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများသည်လည်း မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ရှိ နမ္မဒါမန်းချောင်းတွင် သင်္ကြန်ကာလတစ်လျှောက် မန်းချောင်းရေအေးအေးလေးဖြင့် သင်္ကြန်ရေပက်ဖျန်းကစားပျော်ပါးလေ့ရှိကြပြီး ယခုနှစ်တွင် အများပြည်သူများ စိတ်ချမ်းသာပျော်ရွှင်စွာ ဘုရားဖူးမြော်ကြည်ညိုရင်း မန်းချောင်းရေတွင် သင်္ကြန်ကာလမှ နှစ်ဆန်း (၁)ရက်အထိ ရေကစားနိုင်မည်ဖြစ်ကြောင်းနှင့် နှစ်သစ်မှာ စိတ်ချမ်းမြေ့ပျော်ရွှင်နိုင်ရန် မန်းချောင်းအတာရေဖြင့် ပက်ဖျန်းဆေးကြောနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးများ နမ္မတီးချောင်းသာ စည်ကားနေမှု လာရောက်ကြည့်ရှု



**မိုးကောင်း ဧပြီ ၁၅**
ဧပြီ ၁၅ ရက် မဟာသင်္ကြန်အကြတ်နေ့ မွန်းလွဲပိုင်းက ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးမြို့ရှိ ဒေသအခေါ် နမ္မတီးချောင်းသာသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးများ လာရောက်ကြည့်ရှုခဲ့သည်။ **(ဓါတ်ပုံ)**

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ဘဏ္ဍာအခွန်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းနှင့် ဇနီး၊ စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းနှင့် ဇနီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်း၊ စာရင်းစစ်ချုပ် ဦးတင်လှိုင်နှင့် ဇနီးတို့သည် မဟာသင်္ကြန်အကြတ်နေ့တွင် မိုးကောင်းမြို့နယ် နမ္မတီး မြို့ရှိ သင်္ကြန်ကာလတွင် စည်ကားလျက်ရှိသော နမ္မတီးချောင်းသာသို့ လာရောက်လည်ပတ်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

တာမွေမြို့နယ်အတွင်း သင်္ကြန်ကာလတွင် မှုခင်းကျဆင်းရေးအတွက် ဧပြီ ၁၅ ရက်က မြို့နယ်ရဲမှူး လှဘုန်းကျော် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲများက ရေပက်ခံကားများတွင် ခိုက်ရန်ဖြစ်ပွားပါက အသုံးပြုနိုင်သည့် လက်နက်ပစ္စည်းများကို သိမ်းဆည်းခြင်း အရက်၊ ဘီယာ ပုလင်းများအား ကြွပ်ကြွပ်အိပ်ဖြင့် လဲလှယ်ထည့်ခြင်းများ ဆောင်ရွက်စဉ် လှလှ



ကရင်ပြည်နယ် မြဝတီမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်အကြတ်နေ့ ရေသဘင်ပွဲ ဆင်နွှဲသူများ တည်ငြိမ်အေးချမ်းစွာဖြင့် စည်ကားလျက်ရှိနေသည်ကို တွေ့ရစဉ်
ထိန်လင်းအောင်(ပြန်/ဆက်)



# မဟာသင်္ကြန်ကာလတွင် မုံရွာမြို့၌ သေဆုံး၊ ဒဏ်ရာရသူများရှိ

**မုံရွာ ဧပြီ ၁၅**
မဟာသင်္ကြန်ကာလအတွင်း မုံရွာပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာနသို့ရောက်ရှိလာသော ယာဉ်ကြောင့် မတော်တဆထိခိုက်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းနှင့် အခြားထိခိုက်မှုများကြောင့် ရောက်ရှိလာသော လူနာဦးရေသည် သင်္ကြန်အကြိုနေ့ကထက် အကျနေ့တွင် ၂၁ ဦး ပိုမိုရောက်ရှိလာခဲ့ကြောင်း မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ရုံးခန်း တာဝန်ရှိသူထံမှ သိရသည်။

"ဧပြီ ၁၃ ရက် အကြိုနေ့ မနက် ၈ နာရီမှ ဧပြီ ၁၄ ရက် အကျနေ့ မနက် ၈ နာရီအထိ လူနာ အမျိုးသား ၂၈ ဦးနဲ့ အမျိုးသမီး ၁၄ ဦး ရောက်ရှိလာပါတယ်။ နောက် ဧပြီ ၁၄ ရက် အကျနေ့ မနက် ၈ နာရီမှ ဧပြီ ၁၅ ရက် အကြတ်နေ့ မနက် ၈ နာရီအထိ အမျိုးသားလူနာ ၅၄ ဦးနဲ့ အမျိုးသမီးလူနာ ကိုးဦး စုစုပေါင်း ၆၃ ဦး ရောက်ရှိလာပါတယ်။ မုံရွာမြို့က ကရုဏာမြင့်မိုရ်လူမှုကူညီရေးအသင်းလို လူမှုကူညီရေးအသင်းတွေက ဆေးရုံကြီး ပြင်ပလူနာကုဌာနမှာ ဆရာဝန်၊ ဆရာမတွေနဲ့အတူ အချိန်ပြည့် ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်နေပါတယ်"ဟု မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ရုံးခန်းမှ တာဝန်ရှိသူက ပြောသည်။

မုံရွာမြို့သင်္ကြန်ပွဲတော်သည် ယခင်နှစ်များထက်အေးချမ်းပြီး ရာသီဥတုမှာလည်း နေ့ခင်းမိုးအုံ့နေသဖြင့် အပူရှိန်မှာ ယခင်နှစ်များကလောက် ပြင်းထန်ခြင်းမရှိသောကြောင့် သင်္ကြန်လည်ပတ်သူများ သက်သက်သာသာဖြင့် ပျော်ရွှင်ကြသည်ကို တွေ့ရသည်။ သို့သော်လည်း ဆိုင်ကယ်စီးရာတွင် မူးယစ်ပျော်ပါးကာ စီးနင်းခြင်းများကြောင့် အချို့ ထိခိုက်ဒဏ်ရာများရရှိမှု မြင့်တက်ခဲ့သလို ခိုက်ရန်ဖြစ်ပွား၍လည်း ထိခိုက်ဒဏ်ရာများရရှိကာ မုံရွာဆေးရုံကြီးသို့ လူနာရောက်ရှိမှု အကြိုနေ့ကထက် အကျနေ့တွင် ပိုများလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဧပြီ ၁၃ ရက် နံနက် ၈ နာရီမှ ၁၄ ရက် နံနက် ၈ နာရီအထိ ယာဉ်ထိခိုက်မှု၊ ခိုက်ရန်ဖြစ်ပွားမှုနှင့် အခြားထိခိုက်ဒဏ်ရာရရှိသူ စုစုပေါင်းလူနာ ၄၂ ဦး ရောက်ရှိ ကုသပေးခဲ့ရကြောင်း သိရသည်။

အဆိုပါလူနာ ၄၂ ဦးတွင် ပြင်ပလူနာ အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ခြောက်ဦးနှင့် အတွင်းလူနာအမျိုးသား ၂၃ ဦး အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၅ ဦးရှိပြီး ထိုနေ့က လှေကားမှ ပြုတ်ကျသော အမျိုးသမီးတစ်ဦး မုံရွာဆေးရုံကြီးသို့ လာရောက်ကုသစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထို့နောက် ဧပြီ ၁၄ ရက် နံနက် ၈ နာရီမှ ဧပြီ ၁၅ ရက် နံနက် ၈ နာရီအတွင်း ယာဉ်တိုက်ထိခိုက်မှုကြောင့် အမျိုးသားလူနာ ၄၀၊ အမျိုးသမီးလူနာ ရှစ်ဦး၊ ခိုက်ရန်ဖြစ်ခြင်းကြောင့် အမျိုးသား ခုနစ်ဦးနှင့် အခြားထိခိုက်မှုများကြောင့် အမျိုးသား ခုနစ်ဦး အမျိုးသမီး တစ်ဦးတို့ မုံရွာပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကုသပေးခဲ့ရကြောင်း သိရသည်။ အကျနေ့က ရောက်ရှိလာသော လူနာ ၆၃ ဦးတွင် ပြင်ပလူနာ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ အတွင်းလူနာအဖြစ် အမျိုးသား ၄၇ ဦးနှင့် အမျိုးသမီး ခုနစ်ဦး တက်ရောက်ကုသလျက်ရှိကြောင်းသိရသည်။ အဆိုပါ အကျနေ့ မွန်းလွဲပိုင်းက ဆိုင်ကယ်နောက်မှ ထိုင်လိုက်လာသော စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ဇနီး ဆိုင်ကယ်တိုက်မှုကြောင့် ဆေးရုံရောက်ပြီး ၂၄ နာရီအတွင်း သေဆုံးသွားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**


*စာမျက်နှာ ၆ မှ*

အသက် (၉၀နှစ်)နှင့် အထက် သက်ကြီးရွယ်အိုများကို လူမှုရေးပင်စင်အဖြစ် တစ်လလျှင် ငွေကျပ်တစ်သောင်းတိတိနှုန်းဖြင့် သုံးလတစ်ကြိမ် ငွေကျပ်သုံးသောင်းတိတိ ပံ့ပိုးနိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း ဘတ်ဂျက်တင်ပြတောင်းခံထားပါကြောင်း ပြည်သူထံ အသိပေးတင်ပြလိုပါသည်-

**ဘိုးဘွားဦးရေ လူမှုရေးပင်စင် ၁၂လ = ၄၂၀၀၀၀၀၀၀၀**
**၃၅၀၀၀ x (၁၀၀၀၀/-)ကျပ် x (၄.၂ဘီလီယံကျပ်)**

ဒီနေရာမှာ ဘိုးဘွားဦးရေ ၃၅၀၀၀ ကိုသာ တင်ပြတောင်းခံရခြင်းကို ရှင်းလင်းတင်ပြချင်ပါတယ်။ မြန်မာနိုင်ငံ၏ လူဦးရေစာရင်းဇယားအရ အသက်(၉၀နှစ်) နှင့်အထက် ဘိုးဘွားဦးရေမှာ ၇၂၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းထားပါသည်။ သို့ပါသော်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် အသက် (၉၀နှစ် )နှင့်အထက် ဘိုးဘွားဦးရေ ၂၃၉၁၂ ဦးကို လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အသက် (၉၀ နှစ်)နှင့်အထက် ဘိုးဘွားဦးရေ ၂၄၇၁၅ ကိုလည်းကောင်း လူမှုရေးအထောက်အပံ့အဖြစ် တစ်နှစ်လုံးတွင် တစ်ကြိမ်သာ ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဆိုပါ ဘိုးဘွားစာရင်းများ ကောက်ယူရရှိမှုပေါ်မူတည်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဘိုးဘွားဦးရေကို ၃၅၀၀၀ သာ တင်ပြတောင်းခံခဲ့ခြင်း ဖြစ်ပါတယ်။ ဘိုးဘွားဦးရေသည် ၃၅၀၀၀ အထက် ပို၍ကောက်ခံရရှိပါက လူမှုရေးပင်စင်ထောက်ပံ့မှုအတွက် လိုအပ်ငွေကို ဖြည့်စွက်ရန်ပုံငွေတွင် ထပ်မံတင်ပြတောင်းခံသွားမှာ ဖြစ်ပါတယ်။




အဆိုပါ မြန်မာငွေကျပ် ၄ ဒသမ ၂ ဘီလီယံသည် ဘိုးဘွားများ လူမှုရေးပင်စင်ထောက်ပံ့မှုအတွက် သုံးစွဲမည့် ငွေကြေးပမာဏဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲမှုစရိတ်အဖြစ် ၀ ဒသမ ၀၈၅ ဘီလီယံကျပ် သုံးစွဲမှာဖြစ်တဲ့အတွက် လူမှုရေးပင်စင်ထောက်ပံ့မှု ငွေကြေးရဲ့ ၂ ဒသမ ၀၂ ရာခိုင်နှုန်းသာရှိပါကြောင်း တင်ပြလိုပါတယ်။

ပွင့်လင်းမြင်သာတဲ့ခေတ်မှာ အုပ်ချုပ်သူနှင့်ပြည်သူ အပြန်အလှန်လေးစားရန် လိုအပ်ပါတယ်။ အဲဒီအတွက် သတင်းအချက်အလက်များ၊ ဆောင်ရွက်ချက်များကိုလည်း ပွင့်လင်းမြင်သာစွာ ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ပြည်သူများဘက်က အပြုသဘောဆောင် ဝေဖန်အကြံပေးမှုများကို မျှော်လင့်နေပါတယ်။ အဲဒီအတွက်လည်း ၂၄ နာရီ Help Line ဖုန်းနံပါတ် ၀၆၇ - ၄၀၄၂၂၂၊ ၀၆၇ - ၄၀၄၉၉၉ များပေးထားသလို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင်ရှိသော အကြံပြုစာပုံးမှာဖြစ်စေ၊ မြန်မာ့ဆက်သွယ်ရေးစာတိုက်များမှတစ်ဆင့် ဖြစ်စေ၊ အကြံပြုစာများကို ပေးပို့နိုင်ပါကြောင်းပြောပါရစေ။

၂၀၁၇ ခုနှစ် သက်ကြီးရွယ်အိုများအတွက် မင်္ဂလာရှိသောနှစ်မှာ အသက် (၉၀နှစ်)နှင့် အထက်ဘိုးဘွားများအတွက် လူမှုရေးပင်စင်ဖြင့် နိုင်ငံတော်က ပူဇော်မည်ဖြစ်ပါကြောင်း မင်္ဂလာစကားဖြင့် နှစ်သစ်ကိုကြိုဆိုအပ်ပါတယ်။

မြန်မာနိုင်ငံတွင် **"လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်"** ပထမဦးဆုံး ဆောင်ရွက်နိုင်မှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလျက် -

# ၂၀၁၇ ခုနှစ် မဟာသင်္ကြန်အကြိုနေ့မှ အကျနေ့အထိ နှစ်ရက်အတွင်း ပြစ်မှု ၇၄ မှု ဖြစ်ပွားခဲ့ပြီး ရှစ်ဦးသေ၊ ၇၈ ဦး ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၅**

မဟာသင်္ကြန်ကာလအတွင်း မှုခင်းများလျော့နည်းပပျောက်ရေးအတွက် သင်္ကြန်မတိုင်မီကပင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ သင်္ကြန်ကာလအတွင်းရေကစားသူများ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်း ပြည်သူလူထုအတွင်း ထဲထဲဝင်ဝင် အသိပေးဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ ပြည်သူလူထုသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း အပျော်ကြူးကြခြင်း၊ ယာဉ်ကို မဆင်မခြင်ပေါ့ဆစွာ မောင်းနှင်ကြခြင်း၊ မူးယစ်သေစာသောက်စား၍ ယာဉ်မောင်းနှင်ခြင်း၊ စည်းကမ်းဖောက်ဖျက်မောင်းနှင်ကြခြင်းတို့ကြောင့် ယာဉ်တိုက်ခြင်း၊ ယာဉ်တိမ်းမှောက်ခြင်းများ ဖြစ်ပွားလျက်ရှိသည်။

ထိုကဲ့သို့ ဖြစ်ပွားခဲ့ရာတွင် မေ ၁၃ ရက် သင်္ကြန်အကြိုနေ့တွင် ယာဉ်တိုက်မှု နှစ်မှုဖြစ်ပွားခဲ့ပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။ နာကျင်စေမှု နှစ်မှုမှ ဒဏ်ရာရရှိသူသုံးဦး၊ ခိုးမှု(နိုက်)/ခိုးမှု မသင်္ကာမှု ၁၀ မှု၊ သေမှုသေခင်း သုံးမှုမှ သေဆုံးသူ သုံးဦး၊ လက်နက်မှု(၂)၊ ယစ်မျိုးမှု(၁)စုစုပေါင်းပြစ်မှုပေါင်း ၂၀ ဖြစ်ပွားခဲ့ပြီး သုံးဦးသေဆုံး၍ ဒဏ်ရာရရှိခဲ့သူ ၁၆ ဦး ရှိခဲ့သည်။

သင်္ကြန်အကျနေ့ဖြစ်သော မေ ၁၄ ရက်တွင် ဆိုင်ကယ်ခိုးမှုနှစ်မှု ၊ ယာဉ်တိုက်မှု ၁၁ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူငါးဦး၊ ဒဏ်ရာရရှိသူ ၄၇ ဦး ရှိခဲ့သည်။ နာကျင်စေမှု ၁၂ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာ ရရှိသူ ၁၄ ဦး၊ အခြားအမှုတစ်မှုမှ ဒဏ်ရာရရှိသူ တစ်ဦး၊ လက်နက်မှုလေးမှု၊ ခိုးမှု၊ ခါးပိုက်နှိုက် မသင်္ကာမှု ၂၂ မှု၊ ယစ်မျိုးမှု နှစ်မှု၊ မူးယစ်ဆေးဝါးမှုတစ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ သို့ပါ၍ သင်္ကြန်အကြိုနေ့နှင့် အကျနေ့ နှစ်ရက်အတွင်း ပြစ်မှုပေါင်း ၇၄ မှုဖြစ်ပွားခဲ့ကာ သေဆုံးသူရှစ်ဦး၊ ဒဏ်ရာရရှိသူ ၇၈ ဦး ရှိခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း သင်္ကြန်အကျနေ့အထိ ထိခိုက်ဒဏ်ရာရရှိသူ ၁၆၁ ဦးရှိ

**နေပြည်တော် မေ ၁၅**

သင်္ကြန်အကြိုနေ့မှ အကျနေ့အထိ နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်မတော်တဆမှု၊ ခိုက်ရန်ဖြစ်ပွားမှုနှင့် အခြားထိခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူ စုစုပေါင်း ၁၆၁ ဦးရှိကြောင်း နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ မှ သိရသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအနက် ယာဉ်တိုက်မှုကြောင့် ၉၁ ဦး၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ၂၂ ဦး၊ အခြားထိခိုက်မှုကြောင့် ၄၈ ဦးတို့ဖြစ်ပြီး သေဆုံးသူသုံးဦးရှိကာ သေဆုံးသူ သုံးဦးအနက် ဆိုင်ကယ်မတော်တဆ တိမ်းမှောက်၍ တစ်ဦး၊ ဆိုင်ကယ်နှင့် ကားတိုက်၍ တစ်ဦး၊ ဆိုင်ကယ်အချင်းချင်းတိုက်၍ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ခုတင် ၁၀၀၀ ဆေးရုံကြီးရဲ့ပြင်ဆင်ထားမှုအနေနဲ့ ကတော့ အစုလိုက်အပြုံလိုက် ဘေးအန္တရာယ်ရှိလာရင် အရေးပေါ်ကုသမှုအဖွဲ့ဆိုတာရှိပါတယ်။ ကျွန်တော်တို့မှာ ဆေးရုံအုပ်ကြီးခေါင်းဆောင်တဲ့ အဖွဲ့ရယ်၊ သက်ဆိုင်ရာ တာဝန်ခံဆရာဝန်ကြီးတွေ ခေါင်းဆောင်တဲ့အဖွဲ့ရယ် ၂၄ နာရီ တာဝန်ချထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကလည်း အရာရှိတစ်ဦးနဲ့ အမှုထမ်းတစ်ဦးကို ၂၄ နာရီ တာဝန်ချထားတာရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့သင်္ကြန်မတိုင်ခင်မှာ ဒီလိုမျိုး အစုလိုက်အပြုံလိုက် အန္တရာယ်ကျရောက်လာရင် ဘယ်လိုမျိုးဆောင်ရွက်မလဲ။ အစမ်းလေ့ကျင့်မှုကို ကျွန်တော်တို့ သေချာဆောင်ရွက်လေ့ကျင့်ထားပါတယ်"ဟု နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ မှ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေးက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ကတော့ ရောက်ရှိလာတဲ့ လူနာမှန်သမျှကို အရေးပေါ်ကုသမှုအဆင့်ကို အကောင်းဆုံးဖြစ်အောင် ပြုလုပ်ပေးလျက်ရှိပါတယ်။ ဆေးကုသဆောင်တွေမှာလည်း လူနာတွေရောက်လာလို့ရှိရင် ကျွန်တော်တို့မှာ စီမံချက်ဆွဲပြီး ဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့် ခုတင် ၁၀၀၀ ဆေးရုံကြီးအနေနဲ့ အစုလိုက်အပြုံလိုက် လူနာရောက်ရှိလာရင် သေချာစီမံချက်ဆွဲပြီး ဆောင်ရွက်နေပါတယ်"ဟု ဒေါက်တာအောင်လင်းအေးက ပြောသည်။

ယမန်နှစ် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိသူ စုစုပေါင်း ၄၂၄ ဦးမှာ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ တွင် တက်ရောက်ဆေးကုသမှု ခံယူခဲ့ပြီး ၁၆ ဦး သေဆုံးခဲ့ရာ ယာဉ်တိုက်မှုကြောင့် ၁၅ ဦးနှင့် ခိုက်ရန်ဖြစ်ပွားမှုကြောင့် တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့သော ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ရပ်မိ/ ရပ်ဖများက ဂုဏ်ပြု

**နေပြည်တော် မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ခင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ရပ်မိ၊ ရပ်ဖများက ခင်ဦးမြို့ အောင်သီရိရပ် လမ်းမတော်လမ်းမပေါ်၌ ဆိုင်ကယ်စီးလာသူ ဦးမြင့်သိန်း (၆၁ နှစ်)အား မေ ၁၄ ရက် မွန်းလွဲ ၁ နာရီက အကြောင်းမဲ့ ထင်းခုတ်ဓားမဖြင့်ခုတ်ပြီး ထွက်ပြေးသွားသူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ ကျော်မင်းကျော်(ခ) တရုတ်ကြီး(၂၈ နှစ်)အား အသက်စွန့် ကြိုးပမ်း အထိခိုက်ခံပြီး ဖမ်းဆီးပေးခဲ့သော ခင်ဦးမြို့မရဲစခန်းမှ ရဲဒုတပ်ကြပ် သူရထွန်းအား ဂုဏ်ပြုငွေကျပ် ၁၁၀၀၀၀ နှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးသန့်ပါတပ်ဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၃၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **ကိုရဲ**

# မန္တလေးအထွေထွေရောဂါကုဆေးရုံသို့ သင်္ကြန်အကျနေ့အထိ လူနာ ၃၄၆ ဦးနှင့် သေဆုံးသူ ငါးဦးရောက်ရှိ

**မန္တလေး မေ ၁၅**

မန္တလေးမြို့မဟာသင်္ကြန် ပွဲတော်ကာလအတွင်းအပျော်လွန်လည်ပတ်မှုကြောင့် သင်္ကြန်အကြိုနေ့မှ အကျနေ့အထိ မန္တလေးအထွေထွေရောဂါကုဆေးရုံသို့ လာရောက် ကုသသူလူနာပေါင်း ၃၄၆ ဦးနှင့် သေဆုံးသူငါးဦးရှိကြောင်း ဆေးရုံကြီး မှတ်တမ်းများအရသိရသည်။




အဆိုပါလူနာများအနက်သင်္ကြန်အကြိုနေ့တွင် ဆေးရုံကြီးသို့လာရောက်ပြသကြသည့် လူနာ ၁၁၆ ဦးရှိပြီး ၎င်းတို့အနက်ပြင်ပလူနာ ၆၄ ဦးနှင့် အတွင်းလူနာအဖြစ် တက်ရောက်ကုသသူ ၅၁ ဦးရှိပြီး သေဆုံးပြီးရောက်လာသူ တစ်ဦးရှိကာ သင်္ကြန်အကျနေ့တွင် ဆေးရုံသို့ လာရောက်ပြသသည့် လူနာ ၂၃၀ အနက် ပြင်ပလူနာ ၁၂၇ ဦးရှိပြီး အတွင်းလူနာအဖြစ် ၁၀၃ ဦး တက်ရောက်ကုသလျက်ရှိပြီး သေဆုံးပြီးမှဆေးရုံရောက်ရှိလာသူ လေးဦးရှိကြောင်း ၎င်းဆေးရုံကြီး ဆေးလူမှုဆက်ဆံရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောသည်။

"ကျွန်တော်တို့ ဆေးရုံကြီးကို လာရောက်ကုသကြတဲ့ လူနာတွေရဲ့ နေ့စဉ်စာရင်းကို ဒီနေ့မနက် ၈ နာရီကနေ နောက်နေ့မနက် ၈ နာရီအထိ ကောက်ယူပါတယ်။ ဒီနှစ်သင်္ကြန်အတွင်းမှာရောက်လာတဲ့ လူနာတွေရဲ့မှတ်တမ်းအရ မန္တလေးခရိုင်အတွင်းမှာ ယာဉ်မတော်တဆမှုကြောင့် ရောက်လာသူ နည်းပါးသလို သေဆုံးသူလည်း ယနေ့အထိ မရှိသေးပါဘူး။ အခု ရောက်ရှိလာတဲ့ လူနာတွေနဲ့ သေဆုံးသူတွေက မန္တလေးတိုင်း ဒေသကြီးရဲ့အနီး ပတ်ဝန်းကျင် မြို့နယ်တွေကဖြစ်ပွားပြီး ရောက်လာသူတွေ များပါတယ်"ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်းက မန္တလေးအထွေထွေရောဂါကုဆေးရုံသို့ လာရောက်ပြသကြသည့်လူနာပေါင်း ၇၇၇ ရှိပြီး ၎င်းတို့အနက် ပြင်ပလူနာ ၄၈၀ ၊ အတွင်းလူနာ ၂၈၁ ဦး၊ သေဆုံးပြီးမှ ဆေးရုံကြီးသို့ ရောက်ရှိလာသူ ၁၆ ဦးနှင့် ဆေးရုံရောက်ရှိပြီးမှ သေဆုံးသူ ၁၄ ဦးရှိခဲ့ကြောင်း သိရသည်။

**တင်မောင်-မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ စွန်ရဲစီမံချက်ဖြင့် ခါးပိုက်နှိုက်မှုကျူးလွန်သူများအား ဖမ်းဆီး

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရန်နှင့် ၁၃၇၈ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်တွင် အများပြည်သူအေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရန်အတွက် စွန်ရဲစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ခါးပိုက်နှိုက်မှုကျူးလွန်သူများအား ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

စွန်ရဲစီမံချက်ကို သင်္ကြန်မတိုင်မီ မတ် ၁ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး ခရိုင်၊ မြို့နယ်များအလိုက် ခါးပိုက်နှိုက်မှုများအပါအဝင် ဒုစရိုက်မှုများ ဖော်ထုတ်ဖမ်းဆီးခဲ့ရာ မဟာသင်္ကြန်ပွဲတော်တွင် အများပြည်သူတို့က ပျော်ရွှင်စွာရေကစားခြင်းကို အခွင့်ကောင်းယူကာ ခါးပိုက်နှိုက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

စွန်ရဲစီမံချက်ဖြင့် ဖမ်းဆီးအရေးယူလျက်ရှိရာ သင်္ကြန်မတိုင်မီကာလတွင် ခါးပိုက်နှိုက်မှုပေါင်း ၅၂ မှု၊ တရားခံ ၅၅ ဦးအား လည်းကောင်း၊ သင်္ကြန်ပွဲတော်ကာလအတွင်း၌လည်း သင်္ကြန်အကြိုနေ့တွင် ခါးပိုက်နှိုက်မှုငါးမှု၊ သင်္ကြန်အကျနေ့တွင် ခါးပိုက်နှိုက်မှု ၁၄ မှု စုစုပေါင်း ၁၉ မှုမှ တရားခံ ၂၃ ဦးတို့အား လည်းကောင်း ဖမ်းဆီးအရေးယူနိုင်ခဲ့သဖြင့် စီမံချက်စတင်သည့်ကာလမှ ယနေ့အထိ ခါးပိုက်နှိုက်မှုပေါင်း ၇၁ မှု၊ တရားခံ ၇၈ ဦးတို့ကို ဖမ်းဆီးအရေးယူထားပြီးဖြစ်ကြောင်းနှင့် စွန်ရဲစီမံချက်ကိုလည်း အရှိန်မြှင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရန် စစ်ဆေးဆောင်ရွက်

**နေပြည်တော် မေ ၁၅**

မဟာသင်္ကြန်ကာလအတွင်း ရေကစားသူများ ဘေးအန္တရာယ်ကင်း၍ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရန် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ ရေကစားသူများနှင့် ယာဉ်များအား ရှာဖွေစစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့တော်ခန်းမ ငလိုက်ချောင်းတံတားအနီး ရေပန်းဥယျာဉ်ရှေ့နှင့် ပုဗ္ဗသီရိမြို့နယ်၊ သံလွင်လမ်းမပေါ်တို့၌ ရေပက်ခံထွက်လာသော မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များပေါ်မှ ကျောက်လှည့် ၁၅၅ ခု၊ ခဲတံချွန်ဓားသုံးချောင်း၊ မောင်းချဓား သုံးချောင်း၊ ကတ်ကြေးနှစ်လက်၊ ဝါးတုတ် ၂၇ ချောင်း၊ သံပိုက်လုံး ၁၅ လုံး၊ သစ်သားတုတ် ၁၄ ချောင်း၊ ပုလင်းခွံ ၄၅၁ လုံး၊ မျက်နှာဖုံး ၁၅ ခုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

အလားတူ ယင်းနေ့က ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မြဝတီမြို့နယ်တို့ရှိ တံတားများ၊ မြို့ဝင်/ မြို့ထွက်ဂိတ်များ၊ လမ်းဆုံများ၌ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများပူးပေါင်း၍ ရေကစားသူများနှင့် ယာဉ်များအား ရှာဖွေစစ်ဆေးခဲ့ရာ ဓား ၇၇ ချောင်း၊ ဓားဦးချွန် ၁၆ ချောင်း၊ မောင်းချဓားငါးချောင်း၊ ကျောက်လှည့် ၂၁၂ ခု၊ ဝါးတုတ် နှစ်ချောင်း၊ လေးခွ ၁၃ လက်၊ ပလာယာသုံးချောင်း၊ သံလက်သီးသုံးခု၊ ချိန်းကြိုး ၁၄ ခု၊ ကတ်ကြေး ၁၄ လက်၊ အိတ်ဇောပိုက် ၁၃ ခု၊ မျက်နှာဖုံး ၂၇၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သီပေါကုန်းသာကျေးရွာ ပြည်ထောင်စုလမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား၊ နှစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

**သီပေါ မေ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကုန်းသာကျေးရွာ မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၄၁/၁-၂တွင် မေ ၁၅ ရက် သင်္ကြန်အကြတ်နေ့က လားရှိုးမှ ထွက်ခွာလာသော ၁၂ ဘီးယာဉ်နှင့် သီပေါမှ လားရှိုးသို့ထွက်ခွာသွားသော လိုက်ထရပ်ယာဉ်က အရှိန်လွန်ပြီး ၁၂ ဘီးယာဉ်ကို ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် လိုက်ထရပ်ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါခရီးသည်တစ်ဦးမှာ နေရာတွင်ပွဲချင်းပြီးသေဆုံးသွားကာ ၁၂ ဘီးယာဉ်မှာ ယာဉ်မောင်းနှင့် နှစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် လားရှိုးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူနေရကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သီပေါမြို့မ ရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# အုတ်တွင်းမြို့နယ်အတွင်းရှိ လေပြင်းတိုက်ခတ်မှုခံရသောကျေးရွာများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဧပြီ ၁၅**

တောင်ငူခရိုင် အုတ်တွင်းမြို့နယ်အတွင်း ကြက်တက်ညောင်ပင်ကျေးရွာအုပ်စု၊ တောပုကျေးရွာအုပ်စုနှင့် ရွှေလောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအချို့တွင် ဧပြီ ၁၄ ရက် ညနေ ၅ နာရီခန့်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် ဘာသာရေးအဆောက်အအုံ အပါအဝင် စုစုပေါင်း ၉၄ လုံးတို့ အမိုးများလန်ခြင်း၊ ပြိုလဲခြင်းနှင့် သစ်ပင်များလဲခြင်း စသည့်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှု ဖြစ်ပွားရာသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် အတူကျေးရွာများအရောက် သွားရောက်ကြည့်ရှု၍ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ လိုအပ်သော ထောက်ပံ့ငွေ၊ သွပ်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒလမြို့နယ်၌ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် တိုက်နယ်ဆေးရုံအမိုးများပျက်စီး

**ဒလ ဧပြီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ် ပျော်ဘွယ်ကြီးစံပြကျေးရွာရှိ တိုက်နယ်ဆေးရုံ၏ အလျားပေ ၁၀၀၊ အနံ ပေ ၅၀ ရှိပင်မဆောင်မှ အမိုးသွပ်ချပ် ၉၀ နှင့် အလျားပေ ၆၀၊ အနံပေ ၅၀ ရှိ ခွဲစိတ်ဆောင်မှ သွပ်အမိုး ၁၀ ချပ်စုစုပေါင်းအချပ် ၁၀၀ မှာ ဧပြီ ၁၄ ရက် ည ၆ နာရီခွဲနှင့် ည ၇ နာရီခန့်ထိ မိုးများရွာသွန်းပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် ဆေးရုံအမိုးများနှင့် ထုပ်၊ လျောက်၊ ဒိုင်း၊ မြားများပျက်စီးခဲ့ကြောင်း သိရသည်။



ယင်းနေ့က မိုးများရွာသွန်းပြီး လေပြင်းများ ထပ်မံတိုက်ခတ်မှုတို့ကြောင့် ပျော်ဘွယ်ကြီးကျေးရွာအတွင်းရှိ သာယာစုရပ်ကွက်ပိုင်း၌ နေအိမ်တစ်လုံး အမိုးများပျက်စီးသွားခြင်း၊ သစ်ကိုင်းများ ကျိုးကျခြင်း၊ ထို့အတူ ညနေ ၆ နာရီခွဲက သမ္မာန်ချောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အ.လ.က(ခွဲ)ကျောင်း၏ ကျောင်းခြံစည်းရိုး အလျားပေ ၈၀၊ အမြင့်ခြောက်ပေရှိ ကွန်ကရစ်ကျောက်တိုင် သံဆန်ခါလိပ် ခြံစည်းရိုးများနှင့် အုတ်တံတိုင်မှာ ထပ်မံလဲပြိုခဲ့ကြောင်း၊ မိုးများရွာသွန်းခြင်းနှင့် လေပြင်းများ တိုက်ခတ်ခြင်းတို့ကြောင့် လူနှင့်တိရစ္ဆာန်များ သေကြေပျက်စီးမှုနှင့် ထိခိုက်မှုမရှိကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

# တောင်ကြီးမြို့၌ လေပြင်းတိုက်ခတ်မှုဖြစ်ပွား

**တောင်ကြီး ဧပြီ ၁၅**

တောင်ကြီးမြို့ မြို့မရပ်ကွက် နယ်မြေ ၆ ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၈)အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းရှေ့၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်တစ်ပင်လဲခဲ့ကြောင်း သိရသည်။



အဆိုပါ တိုက်ခတ်မှုကြောင့် မြို့မရပ်ကွက်နယ်မြေ ၆ ဗိုလ်ချုပ်လမ်း မြသုခရုပ်ရှင်ရုံ တောင်ဘက်ခြမ်း သွပ်ပြားများနှင့် ထုတ်တန်းများ ပြုတ်ထွက်ကျိုးကာ အမှတ်(၈) အခြေခံပညာအလယ်တန်း ကျောင်းခွဲ ကျောင်းသွပ်မိုးများ လန်ခဲ့ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး မှန်တံခါးများကွဲခဲ့ပြီး လူတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ နေရာသို့ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစံ့ဆိုင်း၊ ပြည်နယ် ဥပဒေချုပ်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ လာရောက် ကြည့်ရှုကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# သနပ်ပင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုဖြစ်ပွား

**သနပ်ပင် ဧပြီ ၁၅**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျီးပင်ကျေးရွာအုပ်စု ကျီးပင်ကျေးရွာ၌ ဧပြီ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ မွန်းလွဲ ၁ နာရီခွဲအထိ လေပြင်းတိုက်ခတ်မှုကြောင့် မိုးအနည်းငယ်ရွာ၍မိုးသီးများကြွေကျကာ ရွာ၏ အနောက်ဘက်ကပင်ကမာစဲလမ်းပေါ်ရှိ လူနေအိမ်၊ ကျေးရွာအတွင်းရှိ လူနေအိမ်များနှင့် တဲအိမ်များထိခိုက်ကာ လူနေအိမ် ၁၂ လုံးနှင့် ဘဲတဲ ခြောက်လုံးပျက်စီးပြီး ကျန် နေအိမ် ၁၂ လုံးခန့်သည် အမိုးလန်ထိခိုက်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

အလားတူလွမ်းပြေကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် ဝါးအိမ် ခြောက်လုံးနှင့် ဘဲတဲ ၁၀ လုံးပြိုကျပျက်စီးပြီး လူနေအိမ် ၂၀ ခန့်မှာ အမိုးလန်ပျက်စီးကာ နေအိမ်များပျက်စီးသည့် မိသားစုဝင် များသည် နီးစပ်ရာဆွေမျိုးများထံသို့ ရွှေ့ပြောင်းနေထိုင်လျက်ကြောင်း သိရသည်။ **လှမိုး(ပြန်/ဆက်)**

# ရှေးဦးပြုစုခြင်း(သာမန်အဆင့်)စခန်းချသင်တန်းဆင်း

**မြစ်ကြီးနား ဧပြီ ၁၅**

မြစ်ကြီးနားမြို့နယ် ကြက်ခြေနီအသင်းခွဲ မှကြီးမှူးဖွင့်လှစ်သော ရှေးဦးပြုစုခြင်း (သာမန်အဆင့်) စခန်းချ သင်တန်းဆင်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း မြက်ခင်းပြင်၌ ဧပြီလဒုတိယပတ်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲ၌ မြစ်ကြီးနားမြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဒေါက်တာဘူဂမ်မှ သင်တန်းဆင်း အမှာစကား ပြောကြားပေးကာ မြို့နယ်ကြက်ခြေနီအတွင်းရေးမှူး ဦးဝေလင်းက သင်တန်းနှင့် ပတ်သက်၍ရှင်းလင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦးစီးသည့် နည်းပြအဖွဲ့ဝင် ရှစ်ဦးဖြင့် သင်တန်းသား သင်တန်းသူ ၈၀ တို့ကို ဧပြီလ ၁ ရက်နေ့မှ ဧပြီ ၁၁ ရက်အထိ ကြက်ခြေနီအကြောင်း သိကောင်းစရာများ ရှေးဦးပြုစုခြင်း၊ အခြေခံလက်နက်မဲ့စစ်ရေးပြ ပတ်တီး စည်းနည်း၊ အပူလောင်ကုသခြင်း၊ အရိုးကျိုးကုသခြင်း၊ ဒဏ်ရာအမျိုးမျိုး ကုသခြင်း၊ သတ္တဝါများကိုက်ခြင်း၊ တုပ်ခြင်းအား ကုသပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

ထို့နောက်သင်တန်းသို့ တက်ရောက်အောင်မြင်ပြီးစီးခဲ့သော သင်တန်းသား သင်တန်းသူ ၈၀ တို့ကို သင်တန်းဆင်း လက်မှတ်နှင့် ထူးချွန်ဆု စံပြကျောင်းသားဆုရှေးဦးပြုစုခြင်း ဘာသာရပ်လက်နက်မဲ့စစ်ရေးပြဆု ထမ်းစင်စစ်ရေးပြအကောင်းဆုံးဆု တပ်စိတ်အလိုက်စစ်ရေးပြဆု စာပေထူးချွန်ဆုရရှိသော သင်တန်းသား သင်တန်းသူများကို မြစ်ကြီးနား ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌဒေါက်တာ ဘူဂမ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဖြစ်မြောက်ရေးအတွက် ထောက်ပံ့ငွေများပေးအပ် လှူဒါန်းခဲ့သော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

## လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ပန်ကြား

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများ၌ မိုးတိမ်တောင်များဖြစ်ပေါ်ပြီး လေပြင်းတိုတ်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရ တွေ့ရှိရပါသည်။

၂။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဘေးလျော့ပါးစေရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုတင်စီမံထားခြင်းတို့ဖြင့်သာ ထိခိုက်ဆုံးရှုံးပျက်စီးမှုများလျော့နည်းသက်သာစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်တည်း ဆောင်ရွက်ခြင်းထက်ဆက်နွှယ်ပတ်သက်သူအားလုံးအပါအဝင် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်မှသာလုပ်ငန်းများ ပိုမိုအောင်မြင်ပါမည်။

**နေအိမ်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်အကြံပြုချက်များ**

၃။ ၂၀၁၇ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြစ်ပွားနိုင်သည့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ အောက်ပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းအပ်ပါသည်-

(က) မိမိတို့နေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။
(ခ) လေဒဏ်ခံနိုင်စေရေးအတွက် ကန့်လန့်ဖြတ်ဘေးထောက်တန်းများ၊ နံရံထောက်တန်းများ၊ ဒေါက်တိုင်များကို လိုအပ်သည့်နေရာများတွင် ကျားကန်တပ်ဆင်ပါ။
(ဂ) မြေဝင်အိမ်တိုင်များအား ချောင်း၍လှုပ်နေခြင်းရှိ/မရှိစစ်ဆေးပြီး လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍သိပ်သည်းကျစ်လျစ်အောင် မြေကျပ်ပေးပါ။
(ဃ) အိမ်၏အတွဲအဆက်ပြုထားသည့်နေရာအားလုံးကို ချောင်ထွက်မနေအောင်လိုအပ်သလိုဆောင်ရွက်ပါ။ (မူလီကျပ်ခြင်း၊ သံထပ်ပိုးရိုက်ခြင်း -ဥပမာ)
(င) အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်စစ်ဆေးပြင်ဆင်ပါ။ ခေါင်ချုပ်ကန့်လန့်ဖြတ်တန်းများ၊ ရေပြင်ညီချုပ်တန်းများထည့်ပါ။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုး ဖြစ်ပါက ဝါးရာဇမတ် ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။
(စ) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် သွပ်နန်းကြိုးများ အသုံးပြု၍ချည်နှောင်ခြင်း၊ လိုအပ်သောနေရာတွင် သံများထပ်မံ ထပ်ပိုးရိုက်ခြင်းဆောင်ရွက်ပါ။ ချွတ်ယွင်းနေသော အစိတ်အပိုင်းများကို ပြုပြင်အစားထိုးပါ။
(ဆ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
(ဇ) အိမ်များကြံ့ခိုင်မှုမထိခိုက်စေရေးအတွက် ကြမ်းခင်းအောက်တွင် ရေမဝပ်စေရန် ဆောင်ရွက်ထားပါ။

**သတိပြုဆောင်ရွက်ရန်များ**

၄။ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်း တိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်လာပါက အောက်ပါ အချက်များကို အထူးသတိပြုလိုက်နာနေထိုင်ကြရန် အကြံပြုအပ်ပါသည်-

(က) လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။
(ခ) မဖြစ်မနေ အိမ်ပြင်သို့ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။ မိမိကိုယ်ကို အကာအကွယ်များပြုလုပ်သွားပါ။
(ဂ) မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် တယ်လီဖုန်းများအသုံးပြုခြင်းရှောင်ကြဉ်ပါ။
(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။
(င) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနဲ့။
(စ) ရုတ်တရက်တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီးအတော်ကြာမှ လျှပ်ပြက်ခြင်း၊ အပူထုထဲတွင် လေအေးများကို ခံစားရခြင်းစသည့် မိုးသီးမုန်တိုင်း၏ လက္ခဏာများအား ဂရုပြုပါ။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

၅။ ပြည်သူလူထုများအနေဖြင့် လေပြင်းဘေးအပြင် အခြားသဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ အရေးပေါ် ဆက်သွယ်နိုင်ပါသည်-

**ဖုန်းနံပါတ်များ**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်)-၀၆၇-၄၀၄၆၆၆
Hot Line No များ -၀၆၇-၄၀၄၇၇၇
-၀၆၇-၄၀၄၂၂၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မြောက်ကိုရီးယားခေါင်းဆောင်ဟောင်း ကင်အီဆွန်း၏ ၁၀၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် စစ်ရေးပြချီတက်

**ပြုံယမ်း ဧပြီ ၁၅**

မြောက်ကိုရီးယားနိုင်ငံကို စတင်တည်ထောင်ခဲ့ပြီး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်း၏အဘိုးဖြစ်သည့် ကင်အီဆွန်း၏ ၁၀၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မြောက်ကိုရီးယားနိုင်ငံသည် စနေနေ့တွင် စစ်ရေးပြချီတက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြုံယမ်းမြို့လယ်ကောင်ရှိ ကင်အီဆွန်းရင်ပြင်၌ တစ်နှစ်တာအတွင်း ပထမဆုံး ပြုလုပ်သည့် စစ်ရေးပြချီတက်မှုကို ခေါင်းဆောင် ကင်ဂျုံအမ်းက အပေါ်စီးမှ ကြည့်ရှုခဲ့သည်။

ရင်ပြင်တစ်လျှောက်တွင် ကြည်းတပ်၊ ရေတပ်နှင့် လေတပ်များသည် တင့်ကားများ၊ သံချပ်ကာယာဉ်များနှင့် တိုက်ချင်းပစ်ဒုံးကျည်အမျိုးမျိုးဖြင့် တွဲဖက်လိုက်ပါလျက် ပုံစံတကျ စုရုံးချီတက်ခဲ့ကြသည်။

စစ်ရေးပြချီတက်မှုအတွင်း ပထမဆုံးအကြိမ်အဖြစ် အမျိုးအစားကွဲပြားသည့် ဒုံးကျည်နှစ်စင်းပါဝင်လာသည်ဟုဆိုသည်။ ယင်းဒုံးကျည်နှစ်စင်းမှာ ရေငုပ်သင်္ဘောဖြင့် ပစ်လွှတ်ရသည့် တိုက်ချင်းပစ်ဒုံးကျည်နှင့် Pukgyksong-2 အမည်ရှိ SLBM မျိုးကွဲဖြစ်သည့် မြေပြင်ပစ်ဒုံးကျည်တို့ဖြစ်သည်။

ဒေသမီဒီယာ၏ဖော်ပြမှုကို ကိုးကားလျက် တောင်ကိုရီးယားကာကွယ်ရေး အာဏာပိုင်များက ပြောကြားသည်မှာ ဘီးခုနစ်ခုပါသည့် ယာဉ်ပေါ်၌ တင်ဆောင်ထားသည့် ဒုံးကျည်၏တစ်ဖက်ခြမ်းသည် ယခင်တိုက်ချင်းပစ်ဒုံးကျည်ထက် ပိုမိုရှည်လျားပြီး ICBM ဒုံးကျည်အမျိုးအစားသစ်တစ်ခုဖြစ်နိုင်ကြောင်း ခန့်မှန်းပြောဆိုခဲ့သည်။

စစ်ရေးပြချီတက်မှု မတိုင်မီတွင် ကိုရီးယားအလုပ်သမားပါတီ ဒုတိယဥက္ကဋ္ဌ ချိုယောင်ဟဲက မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**



စစ်ရေးပြပွဲအတွင်း၌ ဒုံးကျည်တင်ဆောင်လာသည့် ယာဉ်များအား တွေ့ရစဉ်

## ကယ်ဆယ်ရွှေ့ပြောင်းရေးသဘောတူညီမှုရပ်ဆိုင်းသွား၍ ဆီးရီးယားပြည်သူများ အလက်ပိုနှင့်အနီးတစ်ဝိုက်တွင် သောင်တင်နေ

**အလက်ပို ဧပြီ ၁၅**

ဆွန်နီသူပုန်များနှင့်၎င်းတို့၏မိသားစုဝင်များအား ဒမတ်စကတ်အနီးရှိ မြို့နှစ်မြို့တို့မှ ထွက်ခွာခွင့်ပေးခဲ့သည့်အတွက် အပြန်အလှန်အနေဖြင့် ရှီးယိုက်အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် ကျေးရွာနှစ်ခုတို့မှပြည်သူများအား ကယ်ဆယ်ရွှေ့ပြောင်းမှုပြုလုပ်ရန် သဘောတူညီမှုရပ်စဲသွားသည့်အတွက် အလက်ပိုမြို့တွင်းနှင့် အနီးတစ်ဝိုက်တွင် ဆီးရီးယားပြည်သူထောင်ပေါင်းများစွာတို့ သောင်တင်ကျန်ရစ်နေကြောင်း စစ်ရေးစီမံထိန်းချုပ်မှုအဖွဲ့ဝင်တစ်ဦးနှင့် နိုင်ငံရေးလှုပ်ရှားသူများက ပြောကြားခဲ့သည်။

ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှုအဖွဲ့က သဘောတူညီမှုရပ်စဲသွားရခြင်းမှာ စာချုပ်အတွင်း ပါဝင်သည့်မြို့များအနက် တစ်ခုဖြစ်သည့် ဇဘာဒနီမြို့မှ သူပုန်များကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကယ်ဆယ်ရွှေ့ပြောင်းရေးသဘောတူညီမှုသည် လအနည်းငယ်ကျော်အကြာက သမ္မတ ဘတ်ရှာအယ်လ်အာဆတ်အစိုးရအဖွဲ့က ၎င်း၏တပ်ဖွဲ့ဝင်အင်အားစုနှင့် မဟာမိတ်များ သိမ်းပိုက်ခဲ့သည့်ဧရိယာများကို ပြန်လည်ထိန်းချုပ်နိုင်ရေး ပြုလုပ်ခဲ့သည့် သဘောတူညီမှုများအနက်တစ်ခုဖြစ်သည်။

နောက်ဆုံးပြုလုပ်ခဲ့သည့်သဘောတူညီမှုတွင် ရာနှင့်ချီသောသူပုန်များနှင့် ၎င်းတို့၏မိသားစုများသည် ဒမတ်စကတ်အနီးရှိ မာဒါရာမြို့မှ ထွက်ခွာခဲ့ကြပြီး ၎င်းတို့အား အစိုးရအဖွဲ့ထိန်းချုပ်ထားသည့် အလက်ပိုမြို့ဆီသို့ ဘတ်စ်ကားများဖြင့် ပို့ဆောင်ပေးခဲ့ကြသည်။

**(ရိုက်တာ)**

## မြောက်ကိုရီးယား၏အပြုအမူအတွက် ဂျပန်အသင့်ပြင်ဆင်ထားကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးပြောကြား

**တိုကျို ဧပြီ ၁၅**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှီဒါသည် ကိုရီးယားကျွန်းဆွယ်အရေးကိစ္စနှင့်ပတ်သက်၍ ရင်ဆိုင်ဖြေရှင်းရန်အတွက် အစိုးရအနေဖြင့် အပြည့်အဝ ပြင်ဆင်ထားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် နိုင်ငံတည်ထောင်သူ ခေါင်းဆောင်ဟောင်း ကင်အီဆွန်း၏ ၁၀၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ပြုလုပ်လျက်ရှိရာ စနေနေ့တွင် ကီရှီဒါက ယင်းကိစ္စနှင့်ပတ်သက်၍ သတင်းထောက်များအား ဖြေကြားခဲ့သည်။

ကီရှီဒါက မြောက်ကိုရီးယားသည် ယခုအခါ ခြိမ်းခြောက်မှုပုံစံသစ်တစ်မျိုးဖြင့် ဝင်ရောက်လာနေကြောင်း၊ နိုင်ငံအတွင်း အထိမ်းအမှတ်ပွဲအမျိုးမျိုးကို ဆင်နွှဲနေပြီး ဧပြီလအတွင်း၌ တစ်စုံတစ်ရာ ပြုမူလှုပ်ရှားတော့မည့်အနေအထားမျိုးရှိနေသည်ဟု ထင်မြင်ရကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။




အရေးပေါ်အခြေအနေကာလ၌ တောင်ကိုရီးယားရှိ ဂျပန်နိုင်ငံသားခရီးသွားလာသူများအား နောက်ဆုံးအခြေအနေအထိ ဘေးကင်းလုံခြုံစွာ ပြန်လာနိုင်ရန် တောင်ကိုရီးယားရှိ ဂျပန်အမျိုးသားအဖွဲ့အစည်းနှင့်အတူ ပူးပေါင်း လုပ်ဆောင်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီး ကီရှီဒါက ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## အာဖဂန်၌ အမေရိကန်၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွများသေဆုံးမှု ၉၄ ဦးရှိသွားပြီဖြစ်



ကဘူးလ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်ကြည်းတပ်ဖွဲ့ခေါင်းဆောင် ဂျွန်နီကိုလ်ဆန်အား တွေ့ရစဉ်

**ဂျလာလာဘတ် ဧပြီ ၁၅**

အာဖဂန်နစ္စတန် အရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် ဗုံးများဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်များ သေဆုံးမှုအများအပြားရှိခဲ့ရာ ယခုအခါ စစ်သွေးကြွသေဆုံးမှုအရေအတွက်မှာ ၉၄ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့က စနေနေ့တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ကြာသပတေးနေ့ ညနေခင်းက အမေရိကန်တပ်မတော်သည် ပါကစ္စတန်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် တောင်ကုန်းဒေသတစ်ခုဖြစ်သည့် အက်ချင်ရှိ အိုင်အက်စ်အဖွဲ့ဝင်များအား နျူကလီးယားမဟုတ်သော ဗုံးများအနက် အကြီးဆုံးဗုံးဖြစ်သည့် GBU-43 ဗုံးကို ကြဲချကာ တိုက်ခိုက်ခဲ့သည်။

ဗုံးကြဲတိုက်ခိုက်မှုအတွင်း သေဆုံးသွားသည့် အိုင်အက်စ်စစ်သွေးကြွများအနက် ဒေသဆိုင်ရာ အိုင်အက်စ်အဖွဲ့အကြီးအကဲများဖြစ်သည့် အမ်ဇာ အဘူဘာကာ၊ ဟာမစ်၊ မိုဟာမက် အီဘရာနီနှင့် ဝေါ့လ်ကင်တို့အပြင် ပြည်ပမှစစ်သွေးကြွအချို့ပါဝင်ကြောင်း သိရသည်။

တိုက်ခိုက်ရေးအဖွဲ့သည် အိုင်အက်စ်စစ်သွေးကြွများ ပုန်းခိုရာနေရာဖြစ်သည့် မီတာ ၃၀၀ ရှည်လျားသော တူးမြောင်းတစ်လျှောက်နှင့် မြေအောက်ဗုံးခိုကျင်းကြီးတစ်ခုကိုလည်း ဖျက်ဆီးပစ်လိုက်ပြီး လက်နက်ကြီးတစ်ခုနှင့် စစ်လက်နက်ပစ္စည်းသိုလှောင်ရုံတစ်ခုကိုလည်း ဖျက်ဆီးပစ်လိုက်ကြောင်း သိရသည်။

စနေနေ့ နံနက်ခင်းပိုင်းအတွက် သေဆုံးသူအရေအတွက်နှင့်ပတ်သက်၍ ဖော်ပြခြင်းမရှိသေးပေ။ ကဘူးလ်မြို့မှ ၁၂၀ ကီလိုမီတာကွာဝေးသည့် ဂျလာလာဘတ်မြို့သည် လွန်ခဲ့သောနှစ်များအတွင်းက လုံခြုံရေးအင်အားစုများ၊ တာလီဘန် စစ်သွေးကြွများနှင့် အိုင်အက်စ် တိုက်ခိုက်ရေးအဖွဲ့များအကြား တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့သည့် နေရာတစ်ခုဖြစ်သည်။

အမေရိကန် အထူးတပ်ဖွဲ့ဝင်အင်အားစုမှ အဖွဲ့ဝင်တစ်ဦးသည် ပြီးခဲ့သော ရက်ပိုင်းအတွင်းက အက်ချင်၌ ကျဆုံးသွားခဲ့သည်။

**(ဆင်ဟွာ)**

# တန်ခူးလေဝယ် မွှေးတော့သည်

## မြင့်စိုး (နတလ)

**မိုင်းကိုင်သင်္ကြန်**

၁၉၈၁ခုနှစ် စစ်တက္ကသိုလ်မှကျောင်းဆင်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ လဲချား၊ ဆီဆိုင်၊ ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲဒေသများ၌ စတင်တာဝန်ထမ်းဆောင်ခဲ့ရသည်။ ယင်းနောက် ကယားပြည်နယ်ဘက်မှာ စစ်ဆင်ရေးနှစ်ကြိမ်ခန့်ဝင်ခဲ့ရ၏။ ဆိုရသော် ၁၉၈၃ခုနှစ်လောက်ထိ တပ်မတော်သားဘဝနှင့် သင်္ကြန်ပွဲတော်က လားလားမျှ မသက်ဆိုင်သလို သူ့သဘောသူဆောင် ကိုယ့်သဘောကိုယ်ဆောင်လျက် တစ်ခါတစ်ရံတွင် တောင်တန်းများပေါ်မှာ သွားလာရင်း သင်္ကြန်ကျခဲ့ဖူးသည်။ တစ်ခါတစ်ရံ၌မူ လူမနီးသူမနီး ရွာငယ်လေးများ၌ ရေလောင်းရေပက်မည့်သူ မရှိဘဲ ကျိုးကြည့်ကြောင်ကြည့်နှင့် သင်္ကြန်ကာလတွေ ကုန်ဆုံးသွားခဲ့ဖူးသည်။ တပ်မမှူး ဗိုလ်မှူးကြီး ဘုန်းမြင့်(ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်-ငြိမ်း)၏ ရှေ့တန်းအမှတ်(၅၅) ခြေမြန်တပ်ဌာနချုပ်သည် လဲချားမြို့၌ အခြေပြုကွပ်ကဲခဲ့စဉ် ကွန်မန်ဒိုတပ်ခွဲ၌ တာဝန်ထမ်းဆောင်ရင်း ရှမ်းတိုင်းရင်းသားများ၏ သင်္ကြန်ထုံးဓလေ့ကို အနည်းငယ်မြည်းစမ်းခွင့်ရခဲ့သည်။ သင်္ကြန်ပွဲတော်ကာလအတွင်း လဲချားမြို့ကို ဝင်ချီထွက်ချီပြုရင်းက ကြုံကြိုက်ခဲ့ခြင်းဖြစ်၏။ ၁၉၈၄ခုနှစ်တွင်မူ မိမိတို့အမှတ် (၁၄) ခြေမြန်တပ်ရင်းဖြင့် မိုင်းကိုင်မြို့နယ်အတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် မိုင်တိုင် ၄၉ အနီး ခမ်းနားကျေးရွာ၌ ယာယီစခန်းထိုင်တာဝန်ကျခဲ့သည်။ ငှက်ဖျားမိပြီးသကာလ မိုင်းကိုင်မြို့ဗျူဟာဆေးခန်းသို့ ရောက်ခဲ့ရသည်။ မှတ်မှတ်ရရ သင်္ကြန်မတိုင်မီကာလလေးမှာပဲဖြစ်၏။

ထိုစဉ်က စစ်ဦးစီးမှူး(ဒုတိယတန်း)တာဝန်ထမ်းဆောင်နေသော ဗိုလ်မှူး မင်းလွင်သည် အနုပညာနှင့်ပတ်သက်၍ ဝါသနာကြီးသူတစ်ဦးဖြစ်လို့နေခဲ့သည်။ ကျွန်တော်မြင်တွေ့နေရသည်က ထိုနှစ်မိုင်းကိုင်သင်္ကြန်အတွက် ယိမ်းအကများ၊ တေးသရုပ်ဖော်များ၊ တီးဝိုင်းများကို သူကိုယ်တိုင် ဦးဆောင်၍ ဗျူဟာကုန်းအောက်ရှိ အိမ်တစ်အိမ်၌ ဇာတ်တိုက်လေ့ကျင့်ပေးနေခြင်းဖြစ်၏။ စစ်ဗျူဟာတွင် ခေတ္တရောက်ရှိနေသော ကျွန်တော့်ကိုလည်း သူနှင့်အတူကူညီပေးရန် ပြောကြားလာသဖြင့် ထိုအသိုက်အဝန်းထဲသို့ အလိုလိုရောက်ရှိသွားတော့သည်။ တချို့လူတွေပြောနေသော ကမ္ဘာကြီးကျဉ်းသည်ဆိုသည့်စကားက မှန်များမှန်နေသလားတော့မသိ၊ အကြောင်းမှာ မိုင်းကိုင်သင်္ကြန်တွင် ညပိုင်းဖျော်ဖြေခဲ့သော စတိတ်ရှိုး၌ ပင်တိုင်အဆိုရှင်များလည်းဖြစ်၊ လီဒ်ဂစ်တာနှင့် ဘေ့စ်ဂစ်တာသမား များလည်းဖြစ်သော ကိုစိုင်းသန်းမောင်နှင့် စိုင်းလူတို့ကို ၁၉၉၆ ခုနှစ်တွင် လုံးဝ ထင်မှတ်မထားသောနေရာ ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုမိန်းမြို့၌ ပြန်လည်တွေ့ဆုံခဲ့သောကြောင့်ပါတည်း။ တစ်ယောက်ကအထည်ချုပ်စက်ရုံ တာဝန်ခံအဖြစ်နှင့် နောက်တစ်ဦးက လွယ်မော်ခေါင်းဆောင် ဦးခွန်ဆာ၏ အနီးကပ်လုံခြုံရေးတပ်စုမှူးအဖြစ်နှင့် သိပ်တော့လည်းထူးဆန်းလှသည်မဟုတ်ပါ။ ကျွန်တော်ဟိုမိန်းရောက်ချိန်၌ မိုင်းကိုင်ဒေသမှ လူတွေသာမက လဲချား၊ တန့်ယန်း/နောင်လိုင် ဒေသများမှ တစ်ချိန်က ခင်မင်ခဲ့ဖူးသော အသိမိတ်ဆွေများကိုပါ ပြန်လည် တွေ့ဆုံခဲ့ရ၍ ဖြစ်သည်။

အမှန်အတိုင်းဝန်ခံရလျှင် နှစ်တွေဘယ်လောက်ပဲကြာကြာ မိုင်းကိုင်သင်္ကြန်ကို ကျွန်တော် မမေ့ခဲ့ပါ။ ဇာတ်တိုက်လေ့ကျင့်ကြစဉ် ဗိုလ်မှူးမင်းလွင်၏တပည့် တပ်သား ခင်မောင်သိန်း (အသားမည်းသဖြင့် စစ်ဗျူဟာတစ်ခုလုံးက သူ့ကိုကုလားဟုခေါ်ကြသည်)က အဆိုတော်စိုင်းဆိုင်မောဝ်၏ ကျွန်တော့်ရဲ့စိမ်းသီချင်းဖြင့် တေးသရုပ်ဖော်လုပ်နေတုန်း လောင်ချာဒုံးသီးဖြင့်လာပစ်၍ ကျွန်တော်တို့အားလုံး စစ်ဗျူဟာကုန်းပေါ်အရောက် ပြန်လည်ပြေးတက်ခဲ့ကြရသည်ကိုလည်း အမှတ်ရမိ၏။ ပလေးဘွိုင်းသန်းနိုင်၏ သီချင်းများကိုပိုင်နိုင်စွာ သီဆိုခဲ့သော ဆောက်လုပ်ရေးမှ ဝန်ထမ်းကိုအောင်စန်း၊ ဗစ်တာခင်ညို၏ လိုက်ခဲ့တော့သီချင်းကို အမြဲဟစ်ခဲ့သည့် စိုင်းလူ၊ ပထမဆုံးနေ့သီချင်းကို သီဆိုခဲ့ကြသည့် စိုင်းနော်ခမ်းနှင့် နန်းခမ်းဆာတို့ကိုလည်း သတိရနေဆဲ ဖြစ်သည်။ မိုင်းကိုင်ရပ်ကွက် ၄ မှ ဆရာမ မဦးတို့အဖွဲ့ကိုလည်း မမေ့ခဲ့ပါ။ မိုင်းကိုင်ဒေသ၏ အထင်ကရ ဆင်တောင်ကြီးကတော့ မြို့၏အနောက်ဘက်တွင် မှိုင်းမှိုင်းညို့ညို့နှင့် အိန္ဒြေရရ ဝပ်စင်းလျက်ရှိနေဦးမည်မှာ သေချာသည်။

**နမ့်ဆန်သင်္ကြန်**

နှစ်စဉ်သင်္ကြန်ကာလရောက်တိုင်း မမေ့နိုင်သော သင်္ကြန်များစွာထဲက တစ်ခုဖြစ်သည်။ ၁၉၉၁ခုနှစ် ဖေဖော်ဝါရီလကုန်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လူပ်ရှားအမှတ်(၁)စစ်ဗျူဟာမှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစောဘိုးသာဦးစီးတပ်ရင်း (၄)ရင်းဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်ဒေသသို့စတင်၍ စစ်ဆင်ရေးဝင်ရောက်ခဲ့သည်။ စစ်ဗျူဟာအနေဖြင့် နမ့်ဆန်မြို့မှာ အခြေပြုကွပ်ကဲ၍ တစ်ဖက်က စစ်ဆင်ရေးဆင်နွှဲရင်း တစ်ဖက်ကလည်း နမ့်ဆန်မြို့မှ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူကာ နယ်မြေလူထုကိုစည်းရုံးလျက် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ခလရ(၂၃)မှ ဗိုလ်မှူးသောင်းတင်(ဗိုလ်မှူးကြီးသောင်းတင်-ငြိမ်း)၊ ဗိုလ်မှူးကျော်ငြိမ်း(ကွယ်လွန်)၊ ခလရ(၂၂)မှ ဗိုလ်မှူးခင်မောင်တူး(ဗိုလ်မှူးကြီး ခင်မောင်တူး-ငြိမ်း)၊ခလရ (၃၃)မှ ဗိုလ်မှူးစိုးလွင်(ငြိမ်း)၊ ဗိုလ်မှူးသိန်းစိုး( ဗိုလ်ချုပ် သိန်းစိုး-ငြိမ်း)၊ ဗိုလ်မှူးစိုးလှိုင်(ဗိုလ်မှူးကြီး စိုးလှိုင်-ငြိမ်း)တို့ကိုလည်းကောင်း၊ မိမိတို့စစ်ဗျူဟာတွင် တာဝန်ထမ်းဆောင်သွားသည့် စစ်ဦးစီးမှူး (ဒုတိယတန်း)များဖြစ်ကြသော ဗိုလ်မှူးနေမျိုးကျော်နှင့် ဗိုလ်မှူးသိန်းလွင်၊ ကိုမောင်ပိုက်၊ ဒေါက်တာမောင်သန့်(ဗိုလ်မှူးကြီးမောင်သန့်)တို့ကိုလည်းကောင်း သတိရမိပါသည်။

တိုက်တိုက်ဆိုင်ဆိုင် ဦးအိုက်မုန်းတို့ PSLAအဖွဲ့တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသည်က ၁၉၉၁ခုနှစ်ဧပြီလဆန်းပိုင်းမှာ ဖြစ်သည်။ ထိုသောအခါ နမ့်ဆန်မြို့ရှိ ရပ်ကွက်အသီးသီးမှ ပလောင်တိုင်းရင်းသားသွေးချင်းများနှင့်အတူ လက်တွဲ၍ ထိုနှစ်သင်္ကြန်ပွဲတော်ကို တပျော်တပါးဆင်နွှဲဖြစ်ခဲ့ကြသည်။ အားလုံးမျှော်လင့်တောင့်တနေသည့် ငြိမ်းချမ်းရေးကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ရရှိသွားသည်ကတစ်ကြောင်း၊ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသည့် တပ်မတော်သားများနှင့် PSLA ပလောင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ရင်းနှီးချစ်ကြည်စွာအတူရေကစားနေသည့်မြင်ကွင်းများကို မြင်တွေ့ကြရသည်က တစ်ကြောင်းတို့ကြောင့် နမ့်ဆန်မြို့သူမြို့သားအားလုံး ပျော်ရွှင်ကြည်နူးနေကြသည့် မြင်ကွင်းပုံရိပ်တို့အား ယနေ့တိုင်မြင်ယောင်နေဆဲဖြစ်သည်။ တန်ခူးလေအဝေ့မှာ နမ့်ဆန်ဒေသဟိုအဝေးဆီက ပိတောက်ပန်းရနံ့များ လွင့်ပျံ့လာသလို ခံစားမိပါသည်။ မွှေးထုံကြိုင်လှောင်နေသည်မှာ အတိုင်းအဆမရှိ။

**ဟိုမိန်းသင်္ကြန်**

တပ်မတော်သားဘဝမှ အရပ်သားတစ်ဖြစ်လဲ နတလဝန်ထမ်းဘဝကိုခံယူကာ ၁၉၉၅ ခုနှစ်တွင် ကိုးကန့်ဒေသနှင့်'ဝ'ဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထူးထူးခြားခြား ကိုးကန့်ဒေသမှာ ဒုတိယအကြိမ် ဖုန်မျိုးနွယ်နှင့် ရန်မျိုးနွယ်တို့ အာဏာလုသည့် အရေးအခင်းတစ်ခုနှင့် ကြုံတွေ့ခဲ့ရသေး၏။ ထိုဒေသများမှအပြန် ၁၉၉၆ခုနှစ် ဇန်နဝါရီလ လဆန်းပိုင်းတွင် ဦးခွန်ဆာ ခေါင်းဆောင်သော MTA အဖွဲ့ကြီးအကြွင်းမဲ့လက်နက်စွန့်သဖြင့် ဟိုမိန်းဒေသသို့ အထူးအုပ်ချုပ်ရေးအဖွဲ့၏ အဖွဲ့ဝင်အဖြစ်လိုက်ပါ တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည်။ စုစုပေါင်း ၁၅ ယောက်ဖြစ်ပြီး ဗိုလ်မှူးငွေထွန်းက ဥက္ကဋ္ဌ၊ ကိုကျော်ရွှေက အတွင်းရေးမှူး(ယခု ဗိုလ်မှူးချုပ်ကျော်ရွှေ)၊ နတလမှ ကျွန်တော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးဦးဝင်းတင်၊ အကောက်ခွန်မှ ဦးတင်ဝင်း၊ တရားရေးမှ ဦးဝင်းမြင့်ဦး၊ ဥပဒေမှ ဦးစိုးသန်း၊ ထွေ/အုပ်မှ ဦးမောင်မောင်တို့က အဖွဲ့လိုက်ခေါင်းဆောင်များ ဖြစ်ကြသည်။ ဟိုမိန်းဒေသ တည်ငြိမ်အေးချမ်းရေး၊ ပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ပြန်ကြားရေးအစရှိသော လုပ်ငန်းဆောင်တာများကိုဆောင်ရွက်ရင်း တစ်ဖက်ကလည်း ဒေသခံတိုင်းရင်းသားများကို စည်းရုံးကာ ဟိုမိန်းသင်္ကြန်ပွဲတော်အား နောင်လုံကန်ကြီးအနီး၌ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။ တပ်မတော်သားများ၊ မိမိတို့အထူးအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ များပြားလှစွာသော အမ်တီအေတပ်ဖွဲ့ဝင်များ စုပေါင်း၍ ဆင်နွှဲခဲ့ကြခြင်း ပင်ဖြစ်၏။

လွယ်မော်အဖွဲ့က W.A.S.S ဟု နာမည်ပေးထားသော ရှမ်းပြည်နယ်လုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် အစ်မကြီးဒေါ်ခေးဆစ်နှင့် ဒေါ်နှောင်းတို့၏ ဦးဆောင်မှုကိုယူကာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က သူတို့နှစ်ဦး၏နောက်တွင် လွယ်မော်တပ်ဖွဲ့ဝင်အမျိုးသမီးထု အင်အားများစွာရှိနေကြသည်။ မိမိတို့တပ်မတော်တွင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအောက်၌ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်များ၊ ကျော့ပိုးအိတ်ဖျော်ဖြေရေးအဖွဲ့များ ထားရှိသကဲ့သို့ သူတို့မှာလည်း ဖွဲ့စည်းထားကြောင်း တွေ့ခဲ့ရသည်။ ဟိုမိန်းဒေသ၌ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြသခဲ့စဉ်က သူတို့၏ လုပ်အားကိုရယူကာ လုပ်အားပေး ကောက်စိုက်သမ ၃၀၀ ခန့်ဖြင့် တပျော်တပါး ကောက်စိုက်ခဲ့ကြဖူးသည်ကိုလည်း ယနေ့တိုင် မှတ်မိနေပါသေးသည်။

**ရန်ကုန်သင်္ကြန်**

ရန်ကုန်သင်္ကြန်ကတော့ ၁၉၉၇ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ကြုံခဲ့ရသည်။ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များကို ဖိတ်ခေါ်၍ ဝန်ကြီးများရုံးအနီး အထက ၆ ဗိုလ်တထောင်ကျောင်းဝင်းထဲမှာ မဏ္ဍပ်ထိုးကာ ဆင်နွှဲခဲ့ဖူးသည်။ ထိုမှ မိမိတို့ဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ယခု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးလိုက်ရပါသည်)၌ ဆက်လက်ဆင်နွှဲခဲ့သည်။ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များအနေဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖလှယ်ခွင့်ရရှိပြီး ရန်ကုန်မြို့နှင့်ပတ်ဝန်းကျင် သွားရောက်ခဲ့သော လေ့လာရေးခရီးစဉ်မှ ရရှိသောအတွေ့အကြုံကောင်းများကိုလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အသုံးချခွင့် ရရှိစေရန် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ သင်္ကြန်တေးသီချင်းများ၊ အကများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၏ ရိုးရာတေးသီချင်းများ၊အကများဖြင့် ရန်ကုန်မြို့တော်သင်္ကြန်ကို ပိုမိုလှပစေခဲ့သည်။ အဓိပ္ပာယ်ပြည့်ဝစေခဲ့သည်။ မြန်မာပြည်တစ်ဝန်းမှ တိုင်းရင်းသား အဖွဲ့ပေါင်းများစွာနှင့် ရေစက်ဆုံခဲ့ဖူးသော ရန်ကုန်မြို့သင်္ကြန်သည်လည်း ကျွန်တော့်ဘဝအမှတ်တရ သင်္ကြန်များစွာထဲမှာ တစ်ခုအပါအဝင်ဖြစ်သည်။

များမကြာမီ သင်္ကြန်မိုးရေမိုးစက်များ ပက်ဖျန်းကြပါတော့မည်။ ပိတောက်ပန်းရနံ့များကိုလည်း သင်းပျံ့မွှေးထုံစွာ နမ်းရှိုက်ခွင့်ရကြပေဦးမည်။ ထိုမိုးရေမိုးစက်များနှင့် ပိတောက်ရနံ့များက တိုင်းရင်းသားပြည်သူတို့၏ နှလုံးစိတ်ဝမ်းကို အေးချမ်းမှုပေးပါလိမ့်မည်။ ထိုအထဲကမှ တန်ခူးလေအနွေ့မှာ စီးမျောလိုက်ပါလာသော ပန်းရနံ့တစ်ခုကို ကျွန်တော်သတိပြုလိုက်မိသည်။လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခု ကျော်ကတည်းက တစ်ရှိုက်မက်မက် နမ်းရှိုက်ခဲ့ဖူးသော ပြည်ထောင်စု စိတ်ဓာတ်ပန်းရနံ့များပါပေတည်း။ ထိုပန်းရနံ့များကြောင့် တန်ခူးလေကပို၍ အေးမြလတ်ဆတ်နေသလိုပင်...။

**နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအနေဖြင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖလှယ်ခွင့်ရရှိပြီး ရန်ကုန်မြို့နှင့်ပတ်ဝန်းကျင် သွားရောက်ခဲ့သော လေ့လာရေးခရီးစဉ်မှ ရရှိသော အတွေ့အကြုံကောင်းများကိုလည်း မိမိတို့ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည် အသုံးချခွင့် ရရှိစေရန် စီမံဆောင်ရွက်ပေးနိုင် ခဲ့သည်**

# သရက်မြို့နယ် သပြေစမ်းကျေးရွာ၌ နွေရာသီကာလသောက်သုံးရေခက်ခဲ

**သရက် ဧပြီ ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ရေပွက်အုပ်စု သပြေစမ်းကျေးရွာတွင် နွေရာသီကာလတွင် သောက်သုံးရေခက်ခဲသဖြင့် သရက်မြို့ ရှစ်မျက်နှာကျောင်းဆရာတော်၊ ကိုးပင်ကျောင်းဆရာတော်နှင့် တပည့်ဒါယကာ ဒါယိကာမများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ သောက်ရေသန့်ဘူးကြီး ၂၂၀ ကို ဧပြီလဒုတိယပတ်က သွားရောက်လှူဒါန်းခဲ့သည်။



သပြေစမ်းကျေးရွာတွင် အိမ်ထောင်စု ၇၆ စု၊ လူဦးရေ ၂၅၀ ကျော်ခန့်ရှိကာ သရက်-မင်းလှ ကားလမ်းအရှေ့ဘက်တွင် ရှိပြီး သရက်မြို့နယ်မှ ၁၅ မိုင်ခန့်ကွာဝေးသည်။ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တွင် နွေရာသီရေရှား ပြတ်လပ်နိုင်သော ကျေးရွာများစာရင်းအရ သရက်မြို့နယ်တွင် စက်တောင်ရွာ၊ တောင်ဘောရွာ၊ မြောက်ဘောရွာ၊ ရေနံ့မြေ၊ ပိတောက်ပင်၊ စမ်းမကြီးရွာ၊ ကံမမြို့နယ်တွင် မုန်းဒါးကြီး၊ မုန်းဒါးလေး၊ မတောင့်တ၊ ရွာသာရွာလှ၊ ကုန်းရွာ၊ မင်းတုန်းမြို့နယ်တွင် စိုင်းဒိုး၊ တုတ်လည်၊ အင်းဗျတ်၊ မုန်တိုင်ကျေးရွာ၌ သောက်သုံးရေ ပြတ်လပ်ချိန်တွင် စမ်းချောင်းတွင်း လက်ယက်တွင်းရေများ စု၍ တစ်အိမ်ထောင်လျှင် ရေဘူးကြီး နှစ်ဘူးသာပေးနိုင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

မြို့နယ်ကျေးလက်ဦးစီးဌာနမှ သောက်သုံးရေ ပြတ်လပ်မှု ဖြစ်ပါက ဆက်သွယ်အကြောင်းကြားရန်နှင့် ဆောင်ရွက်ပေးမှု အစီအမံများအား မတ် ၁၇ ရက်က ရပ်/ကျေးအုပ်စုအုပ်ချုပ်ရေးမှူးအစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းထားရှိပြီး ဖြစ်ကြောင်းနှင့် ယခု သောက်သုံးရေ ပြတ်လပ်နိုင်သော ကျေးရွာများအား ရေဖြန့်ဝေပေးလျက်ရှိရာ ရေဖြန့်ဝေပေးရန်အဆင်သင့်စီမံထားရှိပြီး ဖုန်း ၀၆၈-၂၁၄၄၅၊ ၀၉-၂၅၇၇၉၈၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# မိုးညိုမြို့နယ်၌ လေပြင်းတိုက်ခတ်

**မိုးညို ဧပြီ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် သာယာကုန်းအုပ်စု မှက္ကတန်ကျေးရွာတွင် ဧပြီ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီးဆုံးရှုံးခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံးပြိုလဲပျက်စီးခဲ့ပြီး နေအိမ်နှစ်လုံးမှာ အမိုးအကာပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း လေဘေးသင့်နေအိမ်များမှ အိမ်ထောင်စုလေးစုကို နီးစပ်ရာဆွေမျိုးသားချင်းနေအိမ်၌ နေထိုင်လျက်ရှိကာ သာယာကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ၏ အကူအညီဖြင့် အမြန်ဆုံးပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပြည်တွင်းပြည်ပခရီးသွားများ ကော့သောင်းပင်လယ်သင်္ကြန်ပွဲ စည်ကားစွာဆင်နွှဲ

**ကော့သောင်း မေ ၁၅**

ကော့သောင်းမြို့၏ ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့တွင် မြန်မာနိုင်ငံတစ်နံတစ်လျားမှ ပြည်တွင်းခရီးသွားဧည့်သည်များနှင့် ပြည်ပခရီးသွားဧည့်သည်များ ထူးခြားသည့် ပင်လယ်သင်္ကြန်ပွဲတော်ကို ဆင်နွှဲရန် လာရောက်ကြသည်ကို တွေ့ရသည်။

ကော့သောင်းမြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကို နှစ်စဉ် ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ယခုနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်တွင်း ခရီးသွားဧည့်သည်များ ထူးကဲစွာ လာရောက်လည်ပတ်ကြပြီး သာယာလှပဖွယ် ကမ်းခြေသဲသောင်များရှိရာ ပင်လယ်ကျွန်းများရှိ အပန်းဖြေဟိုတယ်များရှိရာ အက်ဒမန်ပင်လယ်အတွင်း ကျွန်းများဆီသို့ ပင်လယ်သင်္ကြန်ပွဲတော်ကို သွားရောက်လည်ပတ်ဆင်နွှဲကြမည့် ခရီးသွားဧည့်သည်များ မိမိသွားရောက်လည်ပတ်ကြမည့် ပင်လယ်ကျွန်းများရှိ ခရီးသွားလုပ်ငန်းကုမ္ပဏီ၏ ပို့ဆောင်ပေးမည့် စပိဘုတ်များ၊ ခရီးသွားဧည့်သည်များဖြင့် ကော့သောင်းမြို့၏ မြို့မဆိပ်ကမ်းတံတားတွင် စည်ကားလှသည်ကို တွေ့မြင်ရသည်။

သဘာဝပင်လယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမှုနှင့်အတူ ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်တွင်းအပါအဝင် ပြည်ပခရီးသွားဧည့်သည်များသည် မိသားစုအလိုက် သင်္ကြန်အကြိုနေ့မှ ကော့သောင်းမြို့သို့ စတင်ရောက်ရှိကြပြီး ကော့သောင်းမြို့၏ မြန်မာရိုးရာသင်္ကြန်ပွဲတော်ကို မြို့ပေါ်ရပ်ကွက်များအနှံ့ ရေကစားနွှဲပျော်ကြပြီး သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် သာယာကြည်နူးဖွယ်ကောင်းသည့် နိုင်ငံတကာ စံချိန်မီ ပင်လယ်ကျွန်းများဆီသို့ အနားယူအပန်းဖြေရင်း ပင်လယ်သင်္ကြန်ပွဲတော်ကို လာရောက်နွှဲပျော်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး ( ကော့သောင်း)**



## ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံး ဘက်စုံပစ္စည်းများပါသောယာဉ်ကို မုံရွာမြို့နယ်မီးသတ်ဦးစီးဌာနတွင် အသုံးပြုမည်

**မုံရွာ မေ ၁၅**

သဘာဝဘေးအန္တရာယ်နှင့် လူ့အသက်ကယ်ရာတွင် အသုံးပြုသည့် ခေတ်မီပစ္စည်းများပါဝင်သော ဘက်စုံသုံးယာဉ်တစ်စီး မုံရွာမြို့ မီးသတ်ဦးစီးဌာနသို့ ရောက်ရှိကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ခရိုင်မီးသတ်ဦးစီးဌာနတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများပါသော တရုတ်နိုင်ငံထုတ်ယာဉ်သည် အမေရိကန်၊ ဂျာမနီ၊ ဂျပန်နိုင်ငံထုတ် ခေတ်မီပစ္စည်း ၁၀ မျိုးပါဝင်သော ငွေကျပ် ၇၇၉ သိန်းတန်ဖိုးရှိကြောင်း သိရသည်။



"ခေတ်မီပစ္စည်းတွေဖြစ်တဲ့ အမှောင်ထုဖြိုခွဲ မီးချောင်း၊ ဝန်ချီကရိန်းစက်၊ မီးခိုးမှုတ်စက်၊ အသက်ကယ်ကြိုးပစ်သေနတ်၊ ဟိုက်ဒရောလစ်စနစ်သုံး ကားများပိမိပါကမတင်ထုတ်သည့်ကိရိယာ၊ အဆောက်အအုံပြိုကျတာ သံချောင်းတွေကြား ပိတ်မိတာတွေကို အလွယ်ဖြတ်နိုင်တဲ့ ပစ္စည်းနဲ့ သံတိုင်တွေကို ဆန့်ထုတ်ဖြတာ၊ သံချောင်းဖြတ်တာ၊ အုတ်ခွဲတာနဲ့ ချိန်းစော၊ ဝန်မတင်စက်တွေ ပါပါတယ်။ အသက်ကယ်စရာဖြစ်ရပ်တွေ ကြုံရင် မြို့နယ်မီးသတ်စခန်းကို အကြောင်းကြားနိုင်ပါတယ်" ဟု ခရိုင်မီးသတ်ဦးစီးဌာနတာဝန်ရှိသူက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလကလည်း ကသာ- ရွှေဘို- မုံရွာ- စစ်ကိုင်းမြို့များရှိ မီးသတ်ဦးစီးဌာနများသို့ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှတိုင်းအစိုးရဘတ်ဂျက်ငွေဖြင့် ဝယ်ယူထားသော နယ်သာလန်နိုင်ငံထုတ် အသက်ကယ်လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးထားကြောင်း သိရသည်

**မျိုးဝင်းထွန်း(မုံရွာ)**

## ရေငန်ဝင်ရောက်မှုကြောင့် ဘီးလင်း အင်းဝိုင်းကုန်းရပ်ကွက်အချို့ သောက်သုံးရေ အခက်ကြုံ

**သထုံ မေ ၁၅**


ဘီးလင်းမြို့စန်းမ-အုတ်ဖိုရေနုတ်မြောင်းအတွင်း မတ်လနောက်ဆုံးပတ်က ပင်လယ်ရေကံဘဲ့အင်းအတွင်း ဝင်ရောက်နေခဲ့မှုကြောင့် အင်းဝိုင်းကုန်းရပ်ကွက်အတွင်းရှိ သောက်သုံး ရေတွင်း/ရေကန်များတွင် ရေငန်များဖြစ်ပေါ်နေပြီး သီးနှံစိုက်ခင်းများလည်း ပျက်စီးခဲ့ရကြောင်း သိရသည်။

"စန်းမ-အုတ်ဖို ရေနုတ်မြောင်းကနေ မတ်လကုန်ပိုင်းမှာ ပင်လယ်ရေတက်ပြီး ရေတွေဝင်လာတယ်။ အဲဒီကနေတစ်ဆင့် ကံဘဲ့အင်းထဲကို ဝင်သွားတာပေါ့။ အဲဒီအင်းထဲမှာက အရက်ချက်စက်ရုံကထွက်တဲ့ စွန့်ပစ်ကစော်ရည်တွေကလည်း ဝင်ရောက်တော့ ရပ်ကွက်ထဲကရေတွေ အကုန်ငန်ကုန်၊ ချဉ်ကုန်တော့တယ်၊ စိုက်ပျိုးထားတဲ့ သီးနှံတွေ ပျက်စီးတယ်။ ရေတွေကို ဒီတိုင်း ထားလို့တော့ မဖြစ်ဘူးလေ။ ပြန်စုပ်ထုတ်နိုင်မှ အဆင်ပြေမှာပါ" ဟု ဒေသခံ ဦးအောင်မြင့်မော်က ပြောသည်။

အမျိုးသားလွှတ်တော် ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် အားကစားရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်က "အခြေအနေဆိုးနေတာ တွေ့ရတယ်။ ရေကိုလည်း စမ်းသပ်ကြည့်ပြီးပြီ၊ ဒီရေတွေက လူတွေလိုအပ်တဲ့ ဓာတ်သတ္တုတွေ ပျောက်ဆုံးသွားပြီး မလိုအပ်တဲ့ ဓာတ်သတ္တုတွေဖြစ်လာကာ လူတွေသောက်သုံးလို့ကြာလာရင် ဖောတာတွေ၊ အသက်ရှူကျပ်တာတွေ ဖြစ်လာနိုင်တယ်။ ဒါကြောင့် ရေတွေကို အရေးပေါ် စုပ်ထုတ်သင့်ပါတယ်" ဟု မတ် ၉ ရက်က သွားရောက်ကြည့်ရှုစဉ် တွေ့ရှိချက်များအား ပြောကြားခဲ့သည်။

ကံဘဲ့အင်းထဲမှ ရေငန်နှင့် ရေဆိုးများ ပြန်လည်စုပ်ထုတ်ရန် လိုလားလျက်ရှိသော ဒေသခံ ၇၀ ခန့်က လက်မှတ်ရေးထိုးပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြထားကြောင်း၊ အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးစေလိုကြကြောင်း သိရှိရသည်။

**နန္ဒကျော်စွာ**



## ငါးရစ်ငါးသန်ကာလ ငါးဖမ်းခြင်းပြုလုပ်ပါက ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်မည်

**ပူတာအို မေ ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမျိုးပြန်းတီးမှုမှကာကွယ်တားဆီးရန်နှင့် ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှကာကွယ်စောင့်ရှောက်ရန်အတွက် ငါးရစ်ငါးသန်တက်ချိန်(ဥဥချိန်) တန်ခူးလဆန်း ၁ ရက်မှဝါဆိုလပြည့်နေ့ မေ ၁ ရက်မှ ဇူလိုင် ၈ ရက်နေ့အထိ ငါးရစ်ငါးသန်များ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဝယ်ယူရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိုးဦးကျရာသီတွင် ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးများသည် တန်ခူးလဆန်း ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ သဘာဝမြစ်၊ ချောင်း၊ အင်းအိုင်များတွင် သားပေါက်ရန် ကောင်းသည့်နေရာကိုရှာဖွေ၍ ငါးရစ်တက်လေ့ရှိပြီး အဆိုပါငါးရစ်များကို ဖမ်းယူသတ်ဖြတ်စားသောက်လိုက်မည်ဆိုပါက ငါးရစ်ငါးများ သေကျေပျက်စီးပြီး ငါးများပေါက်ပွားနိုင်မှုမရှိခြင်း၊ ပေါက်ပွားလာသော ငါးမှုန်ငါးသန်များကို ဖမ်းဆီးစားသောက်မည်ဆိုပါကလည်း အရွယ်မရောက်သေးသော ငါးသားပေါက်များ သေကျေပျက်စီး၍ ငါးမျိုးပြန်းတီးခြင်းများ ဖြစ်ပေါ်စေကြောင်း သိရသည်။

အဆိုပါငါးရစ်ငါးသန်ကာလ သတိပေးတားမြစ်ချက်များကို ခရိုင်အတွင်းရှိ မြို့နယ်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ ဖြန့်ဝေဆောင်ရွက်ထားပြီးဖြစ်ရာ ယင်းသတိပေးတားမြစ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ငါးရစ်ငါးသန်ရာသီတွင် ငါးများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်ပါက ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ-(၅၀)အရ အရေးယူ ခြင်းခံရလျှင် ငွေကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ရေစကြိုမြို့တွင် လူမှုရေးအသင်း ဖွဲ့စည်းတည်ထောင်

**ရေစကြို မေ ၁၅**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် သာစည်ကျေးရွာအုပ်စု နှောပင်ကျေးရွာတွင် မြင့်သောမနော လူမှုကူညီရေးအသင်း ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဧပြီလ ဒုတိယပတ်က နှောပင်ကျေးရွာ မဟာသုံးထပ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဌေးအောင်က ဂုဏ်ပြုစကားပြောကြားပြီး ဝေနေယျသုခလူမှုကူညီရေးအသင်းဦးလှက အကြံပြုစကားပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၉၈ စီး၊ သွင်းကုန် ၅၀၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**(သတင်းစဉ်)**

# သီပေါ၌ သင်္ကြန်ကာလ မှုခင်းကျဆင်းရေး ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်

**သီပေါ ဧပြီ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ မဟာသင်္ကြန်ရိုးရာယဉ်ကျေးမှု အစဉ်အလာ မပျက်ကျင်းပလျက်ရှိရာ ယနေ့ မဟာသင်္ကြန်အကြတ်နေ့တွင် ဘုရားကျောင်းများ၌ ဥပုသ်သီလစောင့်သူများ၊ ခြေကျင်လျှောက်၍ တန်ခိုးကြီးဘုရားများသို့သွားရောက်ပြီး ရေသပ္ပာယ်သူများစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

မဟာသင်္ကြန်ပွဲတော်ကာလတွင် ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ရေးအတွက် သီပေါမြို့နယ် မြို့ပေါ် ၁၁ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ မှုခင်းမဖြစ်ပေါ်ရေးအတွက် လုံခြုံရေးကင်းလှည့် ဆောင်ရွက်ကြကြောင်း သိရသည်။ **(ယာပုံ)**

**စိုင်း(သီပေါ)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁၅**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်ဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**



ဘားအံမြို့နယ်နှင့် မြိုင်ကလေးနယ်မြေမှ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ဖြင့် ဧပြီ ၁၀ ရက်က မမဲတောင်အလယ် ဓမ္မသုခကျောင်း၌ သောက်သုံးရေ ပြတ်လပ်နေမှုကို အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ရင်းမှူး ရဲမှူးကြီးထွန်းမြင့်ထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ မြိုင်ကလေးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်၍ ရေလှူဒါန်းကြစဉ်

ထွန်းထွန်းထွေး(ဘားအံ)

# စပါးတို့ ဘုန်းမောက်ကို ဂိုးပြတ်အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၃၃) စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် စပါးနှင့် ဘုန်းမောက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်စပါးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲ၏ ပွဲချိန် ၁၆ မိနစ်တွင် ကွင်းလယ်ကစားသမား ဒမ်ဘီလီက စပါးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၁၉ မိနစ်တွင် ဆွန်ဟောင်မင်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်း ၄၈ မိနစ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းက တတိယဂိုးသွင်းယူခဲ့သည်။ ပွဲပြီးခါနီး မိနစ် ၉၀ တွင် လူစားဝင်လာသော ဂျန်ဆန်က စပါးအတွက် စတုတ္ထမြောက်ဂိုးသွင်းယူခဲ့သည်။

ယင်းပွဲတွင် စပါးအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၉ ကြိမ်အနက် ၁၄ ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ဘုန်းမောက်အသင်းသည် လေးကြိမ် ကန်သွင်းခွင့်ရခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။

ပွဲစဉ်(၃၃)အပြီးတွင် စပါးအသင်းသည် ရမှတ် ၇၁ မှတ်ဖြင့် အဆင့်(၂)တွင် ဆက်လက်ရပ်တည်နေပြီး ချန်ပီယံလမ်းကြောင်းပေါ်မှ ချယ်လ်ဆီးအသင်းကို ဖိအားပေးနေသည်။

**အီတလီစီးရီးအေ**

အီတလီစီးရီးအေပွဲစဉ်(၃၂) ပွဲစဉ်များကို စနေနေ့ ညက ယှဉ်ပြိုင်ကစားရာ အင်တာမီလန်နှင့် အေစီမီလန်က နှစ်ဂိုးစီ၊ ရိုးမားနှင့်အတ္တလန္တာက တစ်ဂိုးစီ၊ တိုရီနိုနှင့် ခရိုတုန်းတို့က တစ်ဂိုးစီ၊ ပါလာမိုနှင့် ဘိုလော့ဂ်နာတို့က ဂိုးမရှိ သရေပွဲများဖြစ်ခဲ့ပြီး ကက်ဂလီယာရီက ချီယေဗိုကို လေးဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ဖီအိုရင်တီးနားက အမ်ပိုလီကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ပက်စ်ကာရာက ဂျူဗင်တပ်စ်ကို နှစ်ဂိုး- ဂိုးမရှိဖြင့် လည်းကောင်း ရှုံးနိမ့်ခဲ့သည်။ ဂျီနိုအာနှင့် လာဇီယိုတို့ပွဲမှာလည်း နှစ်ဂိုးစီသရေဖြစ်ခဲ့သည်။

**သီဟ**

# ပြည်တွင်း/ပြည်ပ ကမ်းဝေးကမ်းနီးငါးဖမ်းရေယာဉ်များ မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် တည်နေရာများထုတ်ပြန်

၁။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၀-၄-၂၀၁၇) ရက်နေ့စွဲပါညွှန်ကြားချက်အမှတ် (၃/၂၀၁၇) ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် ၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် ၊ သံတွဲမြို့နယ်၊ သပြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ဂွမြို့နယ်၊တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီ တွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ် ၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်၊

၂။ ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာ နေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**


## တင်ဒါခေါ်ယူခြင်း

ချင်းပြည်နယ်လွှတ်တော်၊ ဟားခါးမြို့တွင် လွှတ်တော်အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဒီဇိုင်း၊ စံချိန်စံညွှန်းနှင့်အရည်အသွေးစစ်ဆေးခြင်း လုပ်ငန်းများဆောင်ရွက်ရန် အကြံပေးအဖွဲ့အစည်း (Consuttant Frim) ငှားရမ်းလိုပါသဖြင့် စိတ်ပါဝင်စားသူများ တင်ဒါလာရောက်ယှဉ်ပြိုင်နိုင်ပါသည်။

၁။ **ချင်းပြည်နယ်လွှတ်တော်အဆောက်အအုံ** - ကျပ်(၅၅၀၈ဒသမ၇၂၀)သန်း
၂။ **ဝန်ထမ်းအိမ်ရာ အဆောက်အအုံ** - ကျပ်(၇၇၂ဒသမ၉၁၅)သန်း
၃။ **လွှတ်တော်ရုံးရိပ်သာအဆောက်အအုံ** - ကျပ်(၆၁ဒသမ၉၆၇)သန်း
၄။ **လျှောက်လွှာပိတ်မည့်ရက်** - ၂၆-၄-၂၀၁၇ရက် ညနေ၄း၃၀နာရီ
၅။ **တင်ဒါဖွင့်မည့်ရက်** - ၂၈-၄-၂၀၁၇ရက် နံနက်၁၀နာရီ

အသေးစိတ်သိရှိလိုပါက ချင်းပြည်နယ်လွှတ်တော်ရုံး၊ ဖုန်း-၀၇၀-၂၂၃၆၄တွင် ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ ZAY YAR PYAE PHYO CO.,LTD အမည်ဖြင့်HYUNDAI PORTER IT LIGHT TRUCK မော်တော်ယာဉ်၏ သွင်းကုန်လိုင်စင်အမှတ် ILV 15-16 5961 29/12/2015 မူရင်းစာရွက်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၉၉၁၅၂**

KKL Car Rental
ခရီးသွားကားစင်းလုံးငှားလုပ်ငန်း
Ph:09-5001347, 09-421070845

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂-F)၊ မြေကွက်အမှတ်(V-၁၅၅)၊ မြေဧရိယာ(၂၆ပေ× ပေ၅၀) ဝဒသမ ၀၃၀ ဧက အကျယ်အဝန်းရှိ ဒေါ်အေးကြည် အမည်ပေါက် နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၉လမ်း၊ အမှတ် ၄၄ဟု ခေါ်တွင်သောဟောင်ကောင်ပုံစံ နှစ်ခန်းတွဲနှစ်ထပ်နေအိမ် အပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ် (အပျောက်စနစ်ဖြင့် တိုက်ခန်းဝယ်ယူကာ လက်ရှိထားနေထိုင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြသူများ၏ အကျိုးကို ထိခိုက်နစ်နာစေမှုမရှိစေရပါ)နှင့် ဧရိယာ (၁၃ပေ×ပေ၅၀ခန့်) အကျယ်အဝန်းရှိ မြေညီထပ် လက်ယာဘက်ခန်း(ခေါင်းရင်းခန်း)(ရေ၊ မီး၊ လျှပ်စစ်မီတာ၊ ရေစက်မော်တာ)အပါအဝင် ထပ်ခိုးပါ အိမ်ခန်းတစ်ခန်းကို အမည်ပေါက် ဒေါ်အေးကြည်(ကွယ်လွန်)၏ အမွေဆက်ခံခွင့်ရှိကြသူများဖြစ်ကြသည့်အပြင် လက်ရှိထား ပိုင်ဆိုင်ကာ တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြသူများဟု တာဝန်ယူကတိပြုသူ ဒေါ်သန်းအေး၊ ဦးစိုးဝင်း၊ ဦးအောင်မြင့်၊ ဒေါ်တင်မေဦး၊ ဒေါ်တင်မေလွင်၊ ဒေါ်တင်မေအေးတို့ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ပစ္စည်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သောငွေကို စရန်ငွေများအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်နှင့်နေအိမ်အပါအဝင် မြေညီထပ် အိမ်ခန်းတစ်ခန်းတို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်အရေးဆိုလိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကိုယ်တိုင် လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၀၁၈၅)**
**အမှတ် ၇၉၊ ၁၀၁လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၀၃၅၇၄၉၊ ၀၉-၇၆၄၀၃၅၇၄၉**

## ဖောင်းကြွန်ပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/2478 ယာဉ်လက်ဝယ်ရှိသူ ဦးစောအုန်း ၁၀/သထန(နိုင်)၀၅၁၅၈၈က ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၄၈၆၂၆ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၁၀/မလမ(နိုင်)၀၆၂၆၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(ပြည်နယ်ရုံး)၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့-၂)၊ ဦးပိုင်အမှတ် ၁၉၁၊ ဧရိယာ ၀ဒသမ၀၆၉ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၂၁၁-၅/ ၉၇-၉၈(စီ) ဒုအရာခံဗိုလ်စိန်လှ အမည်ပေါက် မြေကွက်အား စာချုပ်အမှတ် ၄၉၅[I]/၂၀၁၆ ဖြင့် ဦးရန်ရှောက်ရှီမှ ဝယ်ယူပိုင်ဆိုင်ပြီး အမည်ပြောင်းထပ်မံအသစ် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ခရိုင်ထွေ/အုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးရန်ရှောက်ရှီ ၁၃/လရန(နိုင်)၀၂၁၇၂၉**

## အမည်ပြောင်း

ဦးရဲဇာနည်အောင်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့၊ အထက၊ သတ္တမတန်း(B)မှ မောင်ထူးထက်နိုင်အား မောင်ဝေဖြိုးဦးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဝေဖြိုးဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကြံ့ခိုင်ရေးရပ်ကွက်နေ ဦးရှား၏သားဖြစ်သူ ဦးကျော်ဗိန် ၁၀/သဖရ(နိုင်)၀၀၇၂၇၉ နှင့် ဦးကျော်သိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ဗိန်(ခ)ဦးကျော်သိန်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)
အင်္ဂပူမြို့နယ် တရားရုံးတော်
၂၀၁၇ ခုနှစ် တရားမကြီး မှုအမှတ်-၄၈

မပိုးအိဖြူ နှင့် ကျော်လင်းထွန်း
တရားလို တရားပြိုင်

ယခင်နေရပ်လိပ်စာ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ အုတ်ဖိုအုပ်စု၊ ရွာသာကုန်းရွာ (ယခုနေရပ်လိပ်စာမသိ)ရပ်နေ ဦးခင်စိန်၏သားဖြစ်သူ ကိုကျော်လင်းထွန်း သိစေရမည်။

သင့်အပေါ်၌ မပိုးအိဖြူ(ဘ) ဦးမြင့်သိန်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ်၊ မေ ၅ရက် (၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဧပြီ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်မင်း)**
**မြို့နယ်တရားသူကြီး၊ အင်္ဂပူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့)၊ ဦးပိုင်အမှတ်(၆၂၀)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၉ ဧကရှိ မြေဂရန်လိုင်စင်အမှုတွဲအမှတ် ၂၈-၅/ ၁၉၉၀-၉၁(ဘီ) ဖြင့် ဦးတင်စိုး အမည်ပေါက်ပိုင်ဆိုင်သည့်မြေကွက်ကို ၃၁-၃-၁၉၉၃ ရက်တွင် စာချုပ်အမှတ် ၃၂၅[I]/၁၉၉၃ဖြင့် ဦးအိုက်ကော်သို့ ရောင်းချထားပြီး ၎င်းမှတစ်ဆင့် ၂၄-၁၀-၁၉၉၄ ရက်တွင် စာချုပ်အမှတ် ၈၅၆[I]/ ၁၉၉၄ဖြင့် ဦးအိုက်ပေါင်းသို့ ထပ်မံရောင်းချထားပြီး ထိုမှတစ်ဆင့် ၂၅-၃-၁၉၉၉ ရက်တွင် စာချုပ်အမှတ် ၁၂၅[I]/၁၉၉၉ ဖြင့် ဒေါ်ဟွေတီးသည် ဦးအိုက်ပေါင်းထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်၍ ဒေါ်ဟွေတီးအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် ထပ်မံအသစ်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူရှိပါက ရက်ပေါင်း ၂၀ အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်ထွေ/အုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဟွေတီး ၁၃/လရန(နိုင်)၀၆၄၉၆၅**

## အများသိစေရန်သတိပေးကြေညာချက်

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဦးစိုးဝင်း ၁၂/ပဇတ(နိုင်)၀၂၆၀၅၉က ဦးခင်အောင် ၁၂/အစန(နိုင်)၁၃၄၇၃၇ထံမှ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အရှေ့ ၅ လမ်း၊ အမှတ် ၂၀၇ ရှိ ၅ ½ ထပ်တိုက်မှ လေးလွှာကို တန်ဖိုးငွေကျပ်သိန်း ၂၀၀ ဖြင့်လည်းကောင်း၊ ငါးလွှာကို ငွေကျပ်၁၇၅ သိန်းဖြင့် လည်းကောင်း စာချုပ်ဖြင့်ဝယ်ယူခဲ့ပြီး အဆိုပါအခန်းများနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေမှလွဲ၍ အခြားမည်သူမျှစီမံခန့်ခွဲမှုမရှိကြောင်း သတိပေးကြေညာအပ်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေမျိုးသိန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၂၈၈)**
**ဖုန်း-၀၉-၄၂၀၀၆၁၅၅၀**

သွေးသည် အသက်

# ဂျပန်ရိုးရာစက္ကူပြဇာတ်သင်တန်း လာရောက်ပို့ချပေးသူ ဆရာကြီးမစ်စုနိုရီယာဘဲ

**ဆောင်းပါး - မြတ်စန္ဒီသင်းဇော်၊ ဓာတ်ပုံ - မွန်းဦးနဒီ**

**မျက်မှောက်ခေတ်ကမ္ဘာတစ်ဝန်းတွင် နည်းပညာဆိုင်ရာတိုးတက်မှုများ အံ့မခန်းပေါ်ပေါက်နေသော်လည်း ကလေးများ၏ ဦးနှောက်နှင့်အတွေးအခေါ်ကို ရင့်သန်စေရေးစာပေများကို သရုပ်ဖော်ပုံကောင်းကောင်းဖြင့် နိုင်ငံတော်တော်များများက ထုတ်ဝေလျက်ရှိသည်ကို တွေ့ရသည်။**



ဆရာကြီးမစ်စုနိုရီယာဘဲ

ကလေးစာပေများသည် ကလေးများကို ငယ်စဉ်ကတည်းက မေတ္တာစိတ်၊ ကိုယ်ချင်းစာစိတ်၊ အမှန်တရားကို မြတ်နိုးသည့် စိတ်၊ အများအကျိုးဆောင်သည့်စိတ် စသည့် စိတ်စေတနာကောင်းရှိသူများဖြစ်ရေးအတွက် ပြုစုပျိုးထောင်ရာတွင် အခြေခံအုတ်မြစ်ကောင်းလည်း ဖြစ်သည်။

ပုံပြင်၊ ကဗျာနှင့် စာသားနည်းနည်း ဆေးရောင်လှလှခြယ်ထားသည့် သရုပ်ဖော်ပုံများသည် ကလေးတို့အနှစ်သက်ဆုံးဖြစ်သည်။ နိုင်ငံတကာတွင် ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေး ရေးရှု၍ ဆောင်ရွက်နေကြသူများစွာရှိသည်။ ယင်းတို့အနက် ဂျပန်နိုင်ငံရှိ ကလေးများအတွက် ရုပ်ပုံစာအုပ်များ (Picture Book)နှင့် ခမိရှိဘအိ (Kamishibai) ရုပ်ပုံကားချပ်ဖြင့်



ဂျပန်ရိုးရာစက္ကူပြဇာတ်သင်တန်းမှ ပုံစံငယ်တစ်ခုကို တွေ့ရစဉ်

သရုပ်ဖော်တင်ဆက်ခြင်းများကို တီထွင်ပြုလုပ်ရာတွင် ထင်ရှားသူတစ်ဦးဖြစ်သည့် Mr. Mitsunori Yabe (မစ္စတာမစ်စုနိုရီယာဘဲ)လည်း အပါအဝင် ဖြစ်သည်။

မစ္စတာမစ်စုနိုရီယာဘဲသည် ဂျပန်နိုင်ငံရှိ ကလေးများအတွက် ရုပ်ပုံကားချပ်ဖြင့် တင်ဆက်ခြင်း (Paper Drama) ဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းများ ပို့ချနေသူလည်းဖြစ်သည်။ ဂျပန်ကလေးငယ်များသာမက အခြားနိုင်ငံရှိ ကလေးများအတွက် လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ အာဖဂန်နစ္စတန် နိုင်ငံများတွင် Shanti Volunteer Association (SVA) ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ အခြား NGO များနှင့်ပူးပေါင်း၍ ကလေးစာပေဖွံ့ဖြိုးတိုးတက်စေရန် Picture Book (ရုပ်ပုံစာအုပ်)၊ Paper Drama (စက္ကူပြဇာတ်) ထုတ်လုပ်ခြင်း သင်တန်းများကို ၁၉၉၅ ခုနှစ်မှစ၍ စတင်လုပ်ဆောင်ခဲ့သည်။

ယခုနှစ်တွင် ဆရာကြီးယာဘဲသည် Paper Drama Production (Science) စက္ကူပြဇာတ် ထုတ်လုပ်ခြင်း (သိပ္ပံ)သင်တန်းကို မတ် ၁၉ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ Orchid Hotel ၌ ဒုတိယအကြိမ် လာရောက်ပို့ချခဲ့သည်။ အဆိုပါ စက္ကူပြဇာတ်ဖန်တီးခြင်းက မြန်မာနိုင်ငံအနေဖြင့် အကျွမ်းတဝင်ရင်းနှီးမှု မရှိသေးချေ။

ဆရာကြီး ယာဘဲသည် ပုံဆွဲခြင်းကို ငယ်စဉ်ကတည်းက ဝါသနာပါခဲ့ကာ အရွယ်ရောက်လာချိန်တွင် ကားထုတ်လုပ်သည့်ကုမ္ပဏီ၌ ပုံဆွဲသည့်အပိုင်းကိုခြောက်နှစ်ကြာ လုပ်ကိုင်ခဲ့သည်။ နောက်ပိုင်း တိုကျိုမြို့ကို ပြောင်းရွှေ့ခဲ့ပြီး သားဦးလေးရပြီးနောက် ပုံဆွဲသည့်အလုပ်ကိုသာ အဓိကထားလုပ်ကိုင်ခဲ့သည်။

"အခက်အခဲတွေအများကြီး ဖြတ်ကျော်ခဲ့ရတယ်။ ကလေးသူငယ်တွေအတွက် ပုံဆွဲတယ်ဆိုတာ လူကြီးတွေအတွက် ပုံဆွဲတာနဲ့မတူဘဲ ကွဲပြားခြားနားမှုတွေရှိတယ်။ ရေးဆွဲတဲ့အခါမှာ ဆွဲဆောင်မှုရှိဖို့တင်မက နှစ်သက်ပျော်ရွှင်မှုတွေကိုပါ ကလေးတွေရရှိသွားစေဖို့ လိုအပ်တယ်။ ဒီစာအုပ်က ကောင်းတယ်၊ မကောင်းဘူးဆိုတာကို ကလေးတွေက အမြင်နဲ့တောင် ခွဲခြားနိုင်စွမ်းရှိတယ်။ ရေးဆွဲရင် အချိန်ယူပြီး ကောင်းအောင် ရေးဆွဲခဲ့တယ်။ ငွေကြေးက ပဓာနမဟုတ်ပါဘူး" ဟု ဆရာကြီးယာဘဲက သူ၏ခံယူချက်နှင့် ဖြတ်သန်းခဲ့ရသည့် ဘဝကို အကျဉ်းချုံး၍ပြောသည်။

၎င်းသည် ၁၉၇၇ ခုနှစ်တွင် Kabasan (ဒေါ်လေးရေမြင်း) ရုပ်ပုံစာအုပ်ကို စတင် ထုတ်ဝေခဲ့ရာ ထိုစာအုပ်သည် ယခုထက်တိုင် ရောင်းအားကောင်းနေဆဲဖြစ်သည်။

ထို့အပြင် ခမိရှိဘအိ (ရုပ်ပုံကားချပ်ပြဇာတ်)ဖြင့် ဖန်တီးထားသော 'Hone Hone Man' or 'Bone Bone Man' အရိုးချောက်ချက်ကလေးနှင့် အခြားစာအုပ်များသည်လည်း ဂျပန်နိုင်ငံရှိ ကလေးများ၏ အသည်းစွဲဖြစ်ကြောင်း သိရသည်။

"ဒီဓာတ်ပုံက လွန်ခဲ့တဲ့နှစ်ပေါင်း ၉၀ လောက်က ဂျပန်မှာ စက္ကူပြဇာတ်ပြသနေမှုကို ကလေးတွေ ဝိုင်းကြည့်နေကြတာ ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ စက္ကူပြဇာတ်ဖန်တီးမှုကို ဂျပန်နိုင်ငံက အစပြုခဲ့ပါတယ်"ဟု သင်တန်းတွင် အဖြူအမည်းဖြင့် ရိုက်ကူးထားသော ရှေးဟောင်းဓာတ်ပုံတစ်ပုံကို ဆရာကြီးယာဘဲက ညွှန်ပြရင်းပြောသည်။

ဂျပန်နိုင်ငံရှိ ကလေးများ ကျောင်းပိတ်ရက်ရှည်ကာလများ၌ ဆရာကြီးယာဘဲကိုယ်တိုင် စက္ကူပြဇာတ်နှင့်ပတ်သက်သည့် သင်တန်းများကို ကိုယ်တိုင်ပို့ချလျက်ရှိသည်။ သင်တန်းအပြီးတွင် ကလေးများ ကိုယ်တိုင်ဖန်တီးသည့် စက္ကူပြဇာတ်များကို ပြန်လည်ပြသစေခဲ့သည်။

"စက္ကူပြဇာတ်ဆိုတာ ကလေးတွေကိုယ်တိုင် တီထွင်နိုင်ပြီး ငွေကြေးအကုန်အကျလည်း နည်းပါးတယ်။ ကလေးတွေ အချင်းချင်း သရုပ်ဖော်တင်ဆက်နိုင်တယ်။ ပေါင်းသင်းဆက်ဆံရေးအတွက်လည်း ကျယ်ကျယ်ပြန့်ပြန့် အထောက်အကူပြုပါတယ်။ ဒီအခြေအနေကြောင့် ဂျပန်နိုင်ငံမှာဆိုရင် ကလေးတွေကိုယ်တိုင်ဖန်တီးတဲ့ စက္ကူပြဇာတ်တွေအများကြီးရှိတယ်" ဟု ဆရာကြီးယာဘဲက စိတ်အားထက်သန်စွာ ပြောသည်။

စက္ကူပြဇာတ်တင်ဆက်ရာတွင် စားပွဲတစ်လုံးပေါ်၌ သစ်သားပေါင်တစ်ခုရှိကာ သစ်သားပေါင် အလယ်ကောင်တွင် စာရွက်ချပ်တစ်ချပ်စာခန့် အပေါက်တစ်ခု ဖောက်ထားသည်။ ထိုနေရာတွင် ပန်းချီရေးဆွဲသရုပ်ဖော်ထားသည့် စာရွက်ကို ထည့်သွင်းကာ ရုပ်ပုံပါအကြောင်းအရာတို့ကို ဖန်တီးသူက အသံနေ အသံထားဖြင့် တင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

ယမန်နှစ်က မြန်မာနိုင်ငံ၌ ပို့ချသည့်သင်တန်းတွင် မြန်မာသင်တန်းသားအဖွဲ့တွင် ကလေးစာပေရေးသားထုတ်ဝေသူ မောင်ခေတ်ထွန်းရေးသားပုံဖော်သည့် ခွေးကလေးအစာရှာထွက်ခြင်း စက္ကူဇာတ်လမ်းသည် ဂျပန်နိုင်ငံတွင် နိုင်ငံပေါင်း ၂၀၀ ကျော် ယှဉ်ပြိုင်ခဲ့သည့်အနက် သတ္တမမြောက်ဆုရရှိခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် စက္ကူပြဇာတ်ကို ပထမဆုံးအကြိမ် သင်တန်းတက်ရောက်ပြီးနောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံမှာ ပို့ချတဲ့သင်တန်းကို ကလေးသူငယ်တွေအတွက် ရေးသားထုတ်ဝေနေတဲ့ အယ်ဒီတာတွေ၊ ပန်းချီဆရာတွေ၊ စာရေးဆရာတွေ တက်ရောက်ခဲ့ကြတယ်။ မြန်မာနိုင်ငံက စက္ကူပြဇာတ်နဲ့ပတ်သက်ရင် အခုမှအစပဲရှိသေးပေမယ့် သင်တန်းသားတွေက စိတ်ဝင်တစားနဲ့ တက်တက်ကြွကြွ ဖန်တီးဖော်ဆောင်ကြတာ တွေ့ရတယ်။ ဒါကတကယ်ကို အားတက်ဖွယ်ဖြစ်ပါတယ်"ဟု ဆရာကြီးယာဘဲက ပြောသည်။

ဂျပန်နိုင်ငံတွင် စက္ကူပြဇာတ်ထုတ်လုပ်သော ကုမ္ပဏီများရှိကြောင်း၊ ၎င်းတို့သည် ဂျပန်နိုင်ငံမှ ရှေးကျသော ပုံပြင်ဇာတ်လမ်းများကို ပြန်လည်ရေးဖွဲ့ရုံမက အာရှနိုင်ငံများမှ ပုံပြင်များကိုပါ စက္ကူပြဇာတ်အဖြစ် ပြန်လည်ရေးဖွဲ့ကြကြောင်း သိရသည်။ ထို့ပြင် အင်္ဂလန်၊ ပြင်သစ်၊ အီတလီ စသည့်နိုင်ငံများ၌လည်း စက္ကူပြဇာတ်များကို ဖန်တီးထုတ်လုပ်မှုများရှိသည်။

ယခုနှစ်အလုပ်ရုံဆွေးနွေးပွဲတွင် အုပ်စုငါးစုဖွဲ့ကာ သိပ္ပံပညာနှင့်ပတ်သက်သည့် စက္ကူပြဇာတ်များဖြစ်သော သဘာဝလက်ဆောင်သုံးရာသီ၊ ကျေးဇူးပါနေမင်းကြီး၊ ဖိုးသား၊ ကူညီဖေးမငါတို့ဘဝနှင့် ခုန်ဆွခုန်ဆွဖားကလေးများတို့ကို ဖန်တီးခဲ့ကြောင်း သိရသည်။ ထို့အပြင်စွန့်ပစ်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်ဘူးခွံများ၊ ရေသန့်ဘူးခွံများ၊ ဖျော်ဘူးများ၊ စက္ကူစများကို အဓိကအသုံးပြုကာ ဖန်တီးထားသည့် ကလေးကစားစရာများကို ပလွေများ၊ လေတံခွန်များ စသည်ဖြင့် ဆရာကြီးယာဘဲက ဖန်တီးပြသပေးခဲ့သည်။

"သိပ္ပံပညာနဲ့ပတ်သက်တာဆိုလို့ အလွန်ကြီးကျယ်ခမ်းနားတဲ့အရာတွေ မပါပါဘူး။ ပတ်ဝန်းကျင်မှာရှိနေတဲ့ ပစ္စည်းတွေကို ဖန်တီးတာပါ။ အခုဆိုရင် ကျွန်တော့်အသက် ၇၄ နှစ်ပြည့်ခဲ့ပါပြီ။ ကလေးတွေကို ပျော်ရွှင်မှုရရှိအောင် ဖန်တီးဖို့ စိတ်အားထက်သန်နေဆဲပါ။ မြန်မာလူမျိုးတွေကို စက္ကူပြဇာတ်နဲ့ပတ်သက်ပြီး အသိပေးချင်တာကတော့ ဈေးနှုန်းမများဘဲ ဖန်တီးနိုင်တယ်။ မိမိတို့ရဲ့ တီထွင်ဖန်တီးမှုကို ကျန်တဲ့သူတွေရှေ့မှာ မျှဝေပြသခြင်းအားဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုတိုးတက်စေတယ်။ ဒါက စက္ကူပြဇာတ်ဖန်တီးမှုအတွက် သော့ချက်နဲ့ အနှစ်အရသာပဲဆိုတာကို သိရှိစေချင်ပါတယ်" ဟု ဆရာကြီးယာဘဲက ပြောသည်။

သင်တန်းပို့ချရာ Orchid Hotel သင်တန်းခန်းမမှ ကျွန်မပြန်ထွက်လာချိန်တွင် ညနေစောင်းခဲ့ချေပြီ။ ဆရာကြီးယာဘဲကမူ သင်တန်းသားများအား စိတ်အားထက်သန်စွာ သင်ကြားပို့ချနေဆဲ။ ။

## ဝင်းပကျေးရွာ၌ ကွန်ပျူတာ အခြေခံသင်တန်းဆင်း

**သုဝဏ္ဏဝတီ ဧပြီ ၁၅**


ကျေးလက်တောရွာနေ ကျောင်းသား ကျောင်းသူများ ကျောင်းပိတ်ရက်အတွင်း အသိဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မွန်ပြည်နယ် သထုံခရိုင် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ ကွန်ပျူတာအခြေခံသင်တန်းကို မတ် ၈ ရက်က စတင်ဖွင့်လှစ်သင်ကြားပေးပြီး ဧပြီလဒုတိယပတ်က သင်တန်းဆင်းပွဲ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းသို့ ကျေးရွာများအတွင်းမှ ကျောင်းသား ကျောင်းသူ ၃၉ ဦး တက်ရောက်သင်ကြားပြီး သင်ကြားမှုအထောက်အကူ ကွန်ပျူတာ ၁၀ လုံးဖြင့် တစ်နေ့လျှင် သင်တန်းချိန်လေးချိန်ခွဲ၍ သင်တန်းတစ်ချိန်လျှင် နှစ်နာရီကြာသည်အထိ သင်တန်းဆရာ ဆရာမများက ဧပြီ ၁၀ ရက်အထိ တစ်လကြာ အခမဲ့သင်ကြားပေးခဲ့သည်။ ထို့နောက် ကရင်ပြည်နယ်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးစောချစ်သန်းနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ "ကျေးရွာမှာရှိတဲ့ ကရင်လူငယ်လေးတွေကို ကွန်ပျူတာပညာရပ်ကို ကောင်းမွန်စွာ အသုံးပြုနိုင်အောင် ပထမဆုံးအကြိမ် သင်တန်းဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပါတယ်"ဟု သင်တန်းဆရာတစ်ဦးက ပြောသည်။


အဆိုပါသင်တန်းကို ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်း၏ ဦးဆောင်မှုဖြင့် ဝင်းပကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာရပ်မိရပ်ဖများ၏ ကူညီပံ့ပိုး၍ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။


ခွန်(ဝင်းပ)











VIBGYOR
V-m-VIOLET
INDEGO
B-ကို
BLUE
GREEN
YELLOW
ORANGE
RED
RAINBOW
COLOUR


HTOO

# မြန်မာသဒ္ဒါသင်ကြားရေး (၁)



## မောင်ခင်မင်(ဓနုဖြူ)

"ဟယ်...မတွဲစဖူးအတွဲထူးတဲ့ တပည့်ကျော်တွေ၊ ဘယ်လို စိတ်ကူးရပြီးရောက်လာကြတာလဲ၊ ထိုင်ကြ"

"ဒီလိုပါဆရာ၊ ကျွန်မက ဒီကောင့်စာအုပ်တိုက်မှာစာအုပ်သွားဝယ်ရင်း၊ ဆရာ့အကြောင်းပြောမိတာနဲ့ သူကဆရာ့ဆီသွားရအောင် ဆိုပြီးရောက်လာကြတာပါ"

"ဟုတ်ပါတယ်ဆရာ။ ဒီသူငယ်မက ကျွန်တော့်ဖောက်သည်လေ၊ စာအုပ်လာဝယ်ရင်း စိတ်ကူးရသွားကြလို့ ထလာကြတာပါ။ ဆရာနေကောင်းတယ်မဟုတ်လား"

"အေး...ကောင်းပါတယ်။ မင်းတို့ဆရာ့ဆီလာတာ ရိုးရိုးမှ ဟုတ်ရဲ့လား။ ပြဿနာတစ်ခုခု သယ်လာတယ်ထင်တယ်"

မိန်းကလေးက'ဒီကောင်'ဟုရည်ညွှန်းသော တပည့်ဟောင်းမှာ ဘီအီးဘွဲ့ရ အငြိမ်းစားအထက်တန်းပြဆရာဖြစ်သည်။ အငြိမ်းစားယူပြီး စာအုပ်လုပ်ငန်းလုပ်နေသည်။ သူကကျောင်းသားဘဝကတည်းက စာဖတ်နာသူဖြစ်သည်။ မြန်မာသဒ္ဒါကျမ်းစာကို စုဆောင်းလေ့လာပြီး ဘွဲ့ယူစာတမ်းတင်ခဲ့သည်။ မိန်းကလေးကလည်း ဘီအီးဒီဘွဲ့ရ အထက်တန်းပြဆရာမ ဖြစ်သည်။ စာသင်နေဆဲဖြစ်သည်။

"ဒီလိုပဲပြောရမယ်ထင်ပါတယ်။ ကျွန်မက ဆယ်တန်းမှာ မြန်မာသဒ္ဒါသင်ရပါတယ်ဆရာ။ သင်နေတာနှစ်တော်တော်ကြာပါပြီ။ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"သိပ်မထိရောက်သလို စိတ်ထဲမှာ ခံစားနေရပါတယ်ဆရာ။ ကျွန်မကိုယ်တိုင်တစ်ခုခုလိုနေသလိုပဲ။ ပြီးတော့ ကလေးတွေကလည်း သဒ္ဒါခက်တယ်လို့ မကြာမကြာပြောကြတယ်ဆရာ"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်ဘီအီးဒီဘွဲ့အတွက် သဒ္ဒါစာအုပ်တွေ လေ့လာခဲ့တာသူသတိရပြီး သဒ္ဒါသင်ကြားရေးအကြောင်းပြောကြရင်း ဆရာ့ကိုမေးချင်တာတွေသတိရတာနဲ့ ထလာကြတာပါ"

"ဘာမေးချင်တာပါလိမ့်"

"အဲဒီ မြန်မာသဒ္ဒါသင်ကြားတာ ဘယ်တုန်းကစပြီး ဘယ်လိုသဒ္ဒါတွေသင်ခဲ့ကြတယ်ဆိုတဲ့ သမိုင်းကြောင်းကစပြီး သဒ္ဒါသင်ကြားရေးကို ပိုပြီးထိရောက်အောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာကို ဆရာနဲ့တွေ့ပြီး မေးချင်တာပါဆရာ"

"ဟုတ်ပါတယ်ဆရာ။ သဒ္ဒါသင်ကြားလာတဲ့ အစဉ်အလာတစ်ခုလုံးခြုံပြီးမြင်ထားရင် သဒ္ဒါသင်ကြားရေးအတွက် အများကြီး အထောက်အကူပြုဖြစ်မယ်ထင်ပါတယ်"

"ဟုတ်ပါပြီ။ မင်းတို့မေးတာက ကလေးတွေက မသိတာတွေသိချင်လို့ မေးတာမျိုးမဟုတ်ဘဲ သမိုင်းနဲ့ချီနေတဲ့ သင်ကြားရေးကိစ္စတစ်ခုကို စူးစမ်းတာမျိုးဖြစ်နေတော့ ဆရာလည်း စဉ်းစဉ်းစားစား ဖြေရမှာပေါ့။ မင်းတို့အမြင်တွေနဲ့လည်း ညှိပြီး ဆွေးနွေးရမှာပေါ့"

"ဟုတ်ကဲ့ဆရာ"

"ကဲ...မဆွေးနွေးခင် ညည်းကိုအရင်မေးရဦးမယ်။ အခု ပြောကြ ဆိုကြမယ့် မြန်မာသဒ္ဒါဆိုတာက မြန်မာသဒ္ဒါစနစ်ကို ဆိုလိုတာလား၊ မြန်မာသဒ္ဒါစနစ်တွေလို ရေးထားတဲ့သဒ္ဒါစာအုပ်ကို ဆိုလိုတာလား၊ ဘယ်ဟာလဲ"

"ရှင် အဲဒီနှစ်မျိုးက အတူတူပဲမဟုတ်လားဆရာ"

"အင်း...အဲဒီကစပြီး ရှင်းရှင်းလင်းလင်းရှိဖို့လိုမယ်ထင်လို့ မေးကြည့်တာ။ အခုတော့ ညည်းလည်းမရှင်းသေးဘူးထင်ပါရဲ့၊ ကဲ-သဒ္ဒါကျမ်းပြုဆရာကြီးကရော ဘယ်လိုထင်သလဲ"

"ဟုတ်ကဲ့၊ မြန်မာသဒ္ဒါစနစ်ဆိုတာက စာအုပ်အဖြစ်ရေးရေး မရေးရေး မြန်မာစကားကို ဖွဲ့စည်းထားတဲ့ စနစ်ကို ဆိုလိုတာလို့ ထင်ပါတယ်။ စနစ်ကို စာနဲ့ရေးရင်တော့ သဒ္ဒါစာအုပ်တစ်အုပ်ဖြစ်မှာပေါ့ ဆရာ"

"ဟုတ်တယ်။ "သဒ္ဒါကိုပြောလိုက်ရင် သဒ္ဒါစနစ်လို့ရော၊ သဒ္ဒါစာအုပ်လို့ရော အဓိပ္ပာယ်ရလို့ မရောထွေးအောင် စဉ်းစားဖို့ပြောတာပါ။ တစ်နည်းပြောရရင် မြန်မာသဒ္ဒါကျမ်းတွေ ဘယ်ခေတ်က စပေါ်တယ်ဆိုတာမျိုး ပြောကြပေမယ့် မြန်မာသဒ္ဒါစနစ်လည်း အတူတူစပေါ်တယ်လို့ပြောရမယ် ထင်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်မအတွက် ဗဟုသုတတိုးပါတယ်"

"မင်းတို့တော့ ကြားဖူးသလားမသိဘူး။ တချို့က မြန်မာစကားမှာ သဒ္ဒါမရှိဘူးလို့ ပြောတာမျိုးတွေရှိဖူးတယ်။ တကယ်တော့ သဒ္ဒါမရှိတဲ့ဘာသာစကားဆိုတာ မရှိကောင်းပါဘူး။ ဘယ်ဘာသာစကားပဲဖြစ်ဖြစ် သဒ္ဒါစည်းကမ်းနဲ့ ဖွဲ့ထားတာမို့ ဘာသာစကားတိုင်းမှာ သဒ္ဒါရှိတာချည်းပဲ"

"ဟုတ်ပါတယ်ဆရာ"

"အဲ...တချို့ကတော့ သဒ္ဒါဆိုရင် ပါဠိသဒ္ဒါကို ပြေးမြင်တတ်ကြတယ်။ ပါဠိသဒ္ဒါမှာ စကားလုံးတွေကို ဝိဘတ်သွယ်ပြီး ရုပ်ပြောင်းရတဲ့ စည်းကမ်းတွေရှိတယ်။ 'ပုရိသ'ယောကျ်ားဆိုတဲ့ စကားလုံးကို'ပုရိသော ပုရိသာ၊ ပုရိသံ၊ပုရိသေ'စသည်ဖြင့် ရုပ်ပြောင်းတဲ့ စည်းကမ်းတွေက သဒ္ဒါစည်းကမ်းတွေပဲပေါ့။ အဲ-မြန်မာစကားမှာတော့ 'ယောကျ်ား'ကို ရုပ်ပြောင်းစရာမလိုဘူး မဟုတ်လား။ ကတ္တားပဲဖြစ်ဖြစ်၊ ကံပဲဖြစ်ဖြစ်၊ နေရာပြပဲဖြစ်ဖြစ် ယောကျ်ားဟာ ယောကျ်ားပဲ။ ရုပ်ပြောင်းစရာမလိုဘူး မဟုတ်လား။ အဲဒီလို ရုပ်မပြောင်းတာကို သဒ္ဒါမရှိဘူးလို့ ယူဆကြတာပါပဲ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခုက မြန်မာသဒ္ဒါဟာ မြန်မာစာပေါ်ပေါက်ပြီးမှ ပေါ်ပေါက်တာလား။ မြန်မာစာမပေါ်ပေါက်ခင်ကတည်းက ပေါ်ပေါက်တာလား"

"ကျွန်မကတော့ မြန်မာစာမပေါ်ခင်ကတည်းက မြန်မာသဒ္ဒါပေါ်တယ်ထင်ပါတယ်"

"ဘာဖြစ်လို့လဲ"

"မြန်မာစာ မပေါ်ခင်ကတည်းက စကားပြောရင် သဒ္ဒါစည်းကမ်းအတိုင်းပြောရမှာပါဆရာ"

"ဟုတ်ပါပြီ။ တချို့က သဒ္ဒါလို့ဆိုရင် သဒ္ဒါစာအုပ်တွေကိုပဲ ပြေးမြင်တတ်ကြတယ်။ ဘယ်ဘာသာစကားဖြစ်ဖြစ် စကားပေါ်ပြီး နှစ်ပေါင်းများစွာကြာမှ စာပေါ်လာတာလေ။ တချို့ဘာသာစကားတွေဆိုရင် စာတောင်မရှိသေးဘူး။ ဒါပေမယ့် ဘာသာစကားတစ်ခုရယ်လို့ ဖြစ်လာရင် အဲဒီဘာသာစကားရဲ့ သဒ္ဒါစည်းကမ်းရှိမှာပဲလေ။ ဒီတော့ သဒ္ဒါဆိုတာ စာမပေါ်ခင်ကတည်းက ပေါ်တယ်လို့ နားလည်နိုင်တယ်။ မြန်မာသဒ္ဒါလည်း မြန်မာစာမပေါ်ခင် စကားအဆင့်ကတည်းက ပေါ်နေပြီလို့ နားလည်ရမှာပေါ့"

**ဘယ်ဘာသာစကားဖြစ်ဖြစ် စကားပေါ်ပြီး နှစ်ပေါင်းများစွာကြာမှ စာပေါ်လာတာလေ။ တချို့ဘာသာစကားတွေဆိုရင် စာတောင်မရှိသေးဘူး။ ဒါပေမယ့် ဘာသာစကားတစ်ခုရယ်လို့ ဖြစ်လာရင် အဲဒီဘာသာစကားရဲ့ သဒ္ဒါစည်းကမ်းရှိမှာပဲလေ။ ဒီတော့ သဒ္ဒါဆိုတာ စာမပေါ်ခင်ကတည်းက ပေါ်တယ်လို့ နားလည်နိုင်တယ်။ မြန်မာသဒ္ဒါလည်း မြန်မာစာမပေါ်ခင် စကားအဆင့်ကတည်းက ပေါ်နေပြီလို့ နားလည်ရမှာပေါ့**

"စာပေါ်လာတော့မှ အဲဒီသဒ္ဒါနည်းတွေကို စာနဲ့ပေနဲ့ မှတ်တမ်းတင်တာလေ။ ဒါကြောင့် မြန်မာသဒ္ဒါက မြန်မာစာထက်စောတယ်လို့ နားလည်ရမှာပေါ့"

"ဒီလိုဆိုရင် စာမရှိသေးတဲ့ ဘာသာစကားတွေမှာလည်း သဒ္ဒါရှိတာပေါ့နော် ဆရာ"

"ရှိတာပေါ့။ တချို့ဘာသာစကားတွေဆိုရင် စာမတီထွင်ရသေးဘူးလေ။ စကားပဲရှိတယ် စာမရှိဘူး။ အဲဒီဘာသာစကားတွေကို ဘာသာဗေဒပညာရှင်တွေက အသံသွင်းပြီးတော့ပဲဖြစ်ဖြစ်၊ အဲဒီအသံတွေကို အပြည်ပြည်ဆိုင်ရာ သဒ္ဒါဗေဒအက္ခရာ (IPA= International Phonetic Alphabet) နဲ့ပဲ ဖြစ်ဖြစ် မှတ်တမ်းတင်ပြီး အဲဒီစာမရှိသေးတဲ့ ဘာသာစကားတွေရဲ့ သဒ္ဒါစနစ်ကို လေ့လာပြီး သုတေသနစာတမ်းထွင်ရေးကြတာအများကြီးပါပဲ"

"သဘောပေါက်ပါပြီ ဆရာ"

"နောက်တစ်ခု စဉ်းစားကြည့်ကြပါဦး။ သဒ္ဒါနည်းတွေနဲ့ ဘာသာစကားနဲ့ ဘယ်ဟာက အရင်ပေါ်တာလဲ။ ဆိုလိုတာက သဒ္ဒါနည်းအရင်ပေါ်ပြီးတော့မှ အဲဒီနည်းတွေအတိုင်း လိုက်ပြောကြရင်း ဘာသာစကားတွေပေါ်လာတာလား။ ဒါမှမဟုတ် ဘာသာစကားတွေပေါ်ပြီးမှ အဲဒီဘာသာစကားကို ဘယ်လို တည်ဆောက်ထားသလဲဆိုတဲ့ နည်းနာတွေ ထုတ်ကြည့်တော့မှသဒ္ဒါနည်းတွေ ပေါ်တာလား"

"ဆရာ။ ကျွန်မကတော့ သဒ္ဒါနည်းတွေအရင်ပေါ်ပြီးမှ အဲဒီနည်းတွေအတိုင်း လိုက်ပြောရင်းဘာသာစကားပေါ်လာတာလို့ မထင်ပါဘူးဆရာ"

"ဒီတော့..."

"ဘာသာစကားတွေအရင်ပေါ်မှာပါပဲ။ ပေါ်လာပြီးတော့မှ ဘယ်လိုနည်းတွေနဲ့ ဖွဲ့စည်းထားတာလဲဆိုတာကိုတော့ လေ့လာသူတွေက ဖော်ထုတ်လို့သဒ္ဒါနည်းတွေ ပေါ်လာတာဖြစ်မှာပါ ဆရာ"

"ညည်းတောင်တော်တော် တိုးတက်လာပြီပဲ။ ဘာသာစကားဖော်ပြီးမှ သဒ္ဒါနည်းတွေ ဖော်ထုတ်တာလို့ ယူဆတာ သဘာဝကျပါတယ်။ ဘာသာစကားတွေကိုတော့ လူတွေက ပြောရင်းဆိုရင်း တီထွင်ဖန်တီးခဲ့ကြတယ်လို့ ယူဆရတာပေါ့။ အဲဒီလို ဘာသာစကားဖော်ပြီးတော့မှ ဒီဘာသာစကားကို ဘယ်လိုဖွဲ့စည်းထားတယ်ဆိုတာကို စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်တွေက စူးစမ်းဖော်ထုတ်ကြလို့ သဒ္ဒါလိုနည်းတွေ ပေါ်လာတာလို့ ယူဆရမှာပဲ"

"ဟုတ်ကဲ့ဆရာ။ ဆရာဇော်ဂျီက အဲဒီသဘောကို 'စာသည်ရှေ့ဆောင်ဖြစ်၍၊ နည်းသည် နောက်လိုက်ဖြစ်သည်' လို့ ဆိုဖူးပါတယ်။ ဆရာဇော်ဂျီကတော့ ကဗျာတွေအပေါ် ကဗျာရေးဖွဲ့တဲ့နည်းတွေကို အဲဒီကဗျာတွေ လေ့လာပြီး ဖော်ထုတ်ရတာကို သာကေပြုပြီး အဲဒီလို ပြောတာပါ"

"အင်း... ဆရာဇော်ဂျီစကားနဲ့ ပြောရရင် ဘာသာစကားသည်ရှေ့ဆောင်ဖြစ်၍ သဒ္ဒါနည်းများသည် နောက်လိုက်ဖြစ်သည်လို့ ရေးရမယ် ထင်ပါတယ်။ ကဲ...ဒီလောက်ဆိုရင် သဒ္ဒါရဲ့ အခြေခံသဘော တော်တော်ထင်ရှားပြီ ထင်ပါရဲ့"

"ဟုတ်ကဲ့၊ ဆရာပြောပြမှ ပိုရှင်းသွားပါတယ်ဆရာ။ စဉ်းစားစရာတွေလည်း ရလာပါတယ်"

"ဟုတ်ပါပြီ။ ဒီတော့ မြန်မာသဒ္ဒါအကြောင်း ပြန်ကောက်ရအောင်။ မြန်မာသဒ္ဒါဆိုတာ မြန်မာစကားနဲ့ အတူတူပေါ်ပေါက်လာတယ်လို့ ဆိုရမှာပေါ့။ အဲ ... မြန်မာစကားကို ဘယ်လို စနစ်တွေနဲ့ ဖွဲ့ထားတယ်ဆိုတဲ့ သဒ္ဒါနည်းတွေကို လည်း စူးစမ်းဖော်ထုတ်လာကြမှာပေါ့။ အဲဒီတုန်းက မြန်မာစာအရေးအသားမပေါ်သေးတော့ မြန်မာသဒ္ဒါဟာ စာနဲ့ပေနဲ့ ဘယ်ရှိဦးမလဲနော်"

"ဟုတ်ကဲ့ပါ"

" မြန်မာစာပေါ်လာတော့ မြန်မာတွေပြောတဲ့စကားကို စာနဲ့ရေးမှတ်မှာပေါ့။အဲဒီ မြန်မာစကား ကလည်း မြန်မာသဒ္ဒါနည်းအတိုင်း ဖွဲ့စည်းထားတာမို့ အဲဒီမြန်မာစကားကို စာနဲ့ရေးရာမှာလည်း အဲဒီသဒ္ဒါနည်းအတိုင်းပဲ ရေးမှတ်ရမှာပေါ့။ ဒီတော့ ဘာတွေရသလဲဆိုရင် ဘာသာစကားတစ်ခုမှာ စာမပေါ်ခင်က သဒ္ဒါစနစ်နဲ့စာပေါ်ပြီး သဒ္ဒါစနစ်ဟာ အခြေခံအားဖြင့် မကွဲပြားဘူး။ အတူတူပဲလို့ နားလည်ရမှာပေါ့။ စကားနဲ့စာပဲကွာတာကိုး။ ဒါကြောင့် တချို့ပြောသလို အပြောစကားမှာ သဒ္ဒါမရှိဘူး။ အပြောစကားဟာ သဒ္ဒါနည်းမကျဘူးဆိုတဲ့ အယူအဆတွေဟာ မှန်လည်းမမှန်ဘူး။ သဘာဝလည်းမကျဘူးပေါ့ကွယ်။ ကဲ...ခဏနားကြဦးစို့။

# မိခင်ရောကလေးပါ ကျန်းမာရေး ကိုယ်ဝန်ဆောင်များလှုပ်ရှားပေး

## ကလျာမိုးမြင့်

မိခင်တွေအနေနဲ့ ကိုယ်ဝန်ဆောင်ရခြင်းဟာ တစ်ခါတစ်ရံမှာအန္တရာယ်ထောင်ချောက်တစ်ခုအတွင်း သက်ဆင်းရခြင်းလို့တောင် ဆိုနိုင်ပါတယ်။ ဗိုက်ထဲကကလေးငယ်အတွက်ရော ကိုယ်တိုင်ရဲ့ ကျန်းမာရေးအတွက်ပါ အနေအထိုင် အစားအသောက်မှန်ကန်အောင်ဆင်ခြင်နေထိုင်ရလို့ ဖြစ်ပါတယ်။ ဒါပေမယ့် ကိုယ်ဝန်ဆောင်ချိန်မှာ ဆရာဝန်တွေရဲ့ အကြံပြုချက်တွေနဲ့ မိသားစုဆွေမျိုးသားချင်းသူငယ်ချင်း အပေါင်းအသင်းတွေကပေးတဲ့ အမျိုးမျိုးသောအကြံပြုချက်တွေက ကွဲပြားခြားနားပြီး ပဋိပက္ခဖြစ်လာတဲ့အခါမှာတော့ ဘယ်ဟာက အန္တရာယ်ရှိပြီး ဘယ်ဟာကအထောက်အကူဖြစ်စေတယ်ဆိုတာကိုအတိအကျသိဖို့ခက်ခဲတဲ့အခြေအနေမျိုးကိုရောက်ရှိသွားပါတော့တယ်။

ကိုယ်ဝန်ဆောင်ချိန်မှာသင့်လျော်တဲ့ကိုယ်လက်လှုပ်ရှားမှုပြုခြင်းဟာ ဖွံ့ဖြိုးစပြုလာနေတဲ့ သန္ဓေသားအတွက်ရော မိခင်ကိုယ်တိုင်အတွက်ပါ ဘုံအကျိုးဖြစ်ထွန်းစေနိုင်တယ်ဆိုတာကို သုတေသနပညာရှင်တစ်စုက အမျိုးသမီးတွေကိုသိစေချင်နေပါတယ်။

အမေရိကန်သားဖွားမီးယပ်ပါရဂူနှင့် ကုသရေးတက္ကသိုလ်ရဲ့ လမ်းညွှန်ချက်ထဲမှာ ဆရာဝန်တွေကကျန်းမာရေးနဲ့ ပတ်သက်ပြီး အရေးတကြီးညွှန်ကြားထားခြင်းခံရမှုမရှိတဲ့ သို့မဟုတ် မွေးဖွားမှုဆိုင်ရာရှုပ်ထွေးတဲ့ ပြဿနာတွေမရှိတဲ့ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေဟာ သိပ်မပြင်းထန်တဲ့ အေရိုးဗစ်လေ့ကျင့်ခန်းလှုပ်ရှားမှု မိနစ် ၂၀ ကနေမိနစ် ၃၀ လောက်အထိ ပြုလုပ်သင့်တယ်လို့ အကြံပေးထားတာကို တွေ့ရပါတယ်။

သို့သော်လည်း ကိုယ်ဝန်ဆောင်အမျိုးသမီးအများစုဟာ ညွှန်ကြားထားသလိုမျိုး လိုက်နာလုပ်ဆောင်တာကို သိပ်မတွေ့ရတဲ့အပြင် စတိုခန်းထဲမှာ ၃၀ မိနစ်ခန့် လမ်းလျှောက်ပေးတာမျိုးလို ရွှေ့လျားရတဲ့ ကိုယ်လက်လှုပ်ရှားမှုမျိုးကိုတောင်သိပ်မလုပ်ကြဘူးလို့ လေ့လာမှုတစ်ခုက ထောက်ပြခဲ့ပါတယ်။

တကယ်တော့ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုတစ်မျိုးမျိုးကို နေ့စဉ်ပြုလုပ်တဲ့အလေ့အကျင့်မရှိသေးဘူးဆိုရင် ကိုယ်ဝန်စဆောင်ဖို့အတွက် အချိန်အခါကောင်းတစ်ခုမဟုတ်ဘူးဆိုတဲ့ လက်ခံယူဆမှုတွေရှိခဲ့တာ ကြာမြင့်ခဲ့ပြီဖြစ်တယ်လို့ မက်ဒရစ်မှာရှိတဲ့ ဥရောပတက္ကသိုလ်က ပါမောက္ခအလီဂျန်ဒရိုလူစီကာက ပြောကြားခဲ့ပါတယ်။ အခုတော့ ကိုယ်ဝန်ဆောင်ချိန်မှာ ကာယလှုပ်ရှားမှုတွေကို စတင်ဖို့ အချိန်အခါကောင်းတစ်ခုဖြစ်ပြီဆိုတာကိုဖော်ပြနိုင်တဲ့ သက်သေအထောက်အထားတွေ ရှိနေပြီလို့ ၎င်းက ဆိုပါတယ်။

ကိုယ်လက်လှုပ်ရှားမှုကကျန်းမာရေး ကောင်းကျိုးတွေကို ပေးစွမ်းနိုင်မယ့်အပြင် ကိုယ်ဝန်ဆောင်ချိန်ဟာ အထူးသဖြင့် အမျိုးသမီးတွေအဖို့ ကောင်းသော အပြုအမူတွေအဖြစ် ပြောင်းလဲဖို့စတင်လာတဲ့ အချိန်လည်း ဖြစ်ပါတယ်။ ကာယလှုပ်ရှားမှု ကြောင့် အဝလွန်ခြင်း ခန္ဓာကိုယ်အလေးချိန်မတိုးအောင် ကာကွယ်ပေးမှာ ဖြစ်ပါတယ်။ မွေးဖွားရန် အခက်အခဲရှိမှုကြောင့်



ဗိုက်ခွဲပြီး မွေးဖွားရတဲ့ အခြေအနေမျိုးကို လျော့နည်းသွားစေနိုင်ပြီး မွေးဖွားလာတဲ့ ကလေးငယ်ကို အသက်ရှူရာမှာအခက်အခဲမဖြစ်စေနိုင်ဘူး။ ကလေးမွေးဖွားချိန်မှာဖြစ်တဲ့ သွေးတိုးခြင်းကိုလည်း မဖြစ်စေအောင်ကူညီပေးနိုင်တဲ့အပြင် ကလေးငယ်ကိုလည်း ပုံမှန်ထက် သိသိသာသာ ဖွံ့ဖြိုးကြီးထွားလာစေနိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ကိုယ်ဝန်ဆောင်ချိန်မှာ ကိုယ် လက်လှုပ်ရှားမှုပြုလုပ်ခြင်းကြောင့် နှလုံးနဲ့နှလုံးသွေးကြောစနစ်ကို အားဖြည့်ပေးပြီး ကြွက်သားတွေပိုမိုကျန်းမာသန်စွမ်းလာမှာဖြစ်ကြောင်း လေ့လာမှုတွေက အကြံပြုခဲ့ပါတယ်။

(Health news)

# လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဝိုင်းဝန်းဆောင်ရွက်ပေး

**မောင်မောင်သန့်ဇင်၊ ဓာတ်ပုံ-မေမိုးသဲ**



ဓာတ်အားခွဲရုံတစ်ခုကို တွေ့ရစဉ်

ယနေ့ကမ္ဘာပေါ်ရှိ စက်မှုလုပ်ငန်းများဖွံ့ဖြိုးသော၊ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်သောနိုင်ငံများတွင် အရေးကြီးသောစွမ်းအင်မှာ လျှပ်စစ်ဖြစ်ပါသည်။ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးသောနိုင်ငံများသာလျှင် ချမ်းသာကြွယ်ဝသော၊ လူနေမှုအဆင့်အတန်းများ မြင့်မားသော၊ စီးပွားရေးကောင်းမွန်သော အင်အားကြီးနိုင်ငံများဖြစ်ခဲ့ကြသည်မှာ ငြင်း၍မရပေ။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် ရှာဖွေထုတ်လုပ်ခဲ့ကြသည်။

လျှပ်စစ်စွမ်းအားကဏ္ဍတွင် လျှပ်စစ်ထုတ်လုပ်မှု (Generation)၊ လျှပ်စစ်သယ်ပို့မှု (Transmission)နှင့် လျှပ်စစ်ဖြန့်ဖြူးမှု (Distribution)ဟူ၍ သုံးပိုင်းပါဝင်ပါသည်။ မြန်မာနိုင်ငံ လျှပ်စစ်ထုတ်လုပ်မှု (Generation) ပိုင်းတွင် ရေအား (Hydro Power)၊ ဓာတ်ငွေ့တာဘိုင် (Gas Turbine)၊ ရေနွေးငွေ့စက် (Steam Power Plant)၊ Coal (ကျောက်မီးသွေး)၊ Solar (နေစွမ်းအင်)၊ Wind Fram (လေအားလျှပ်စစ်) စသည့် နည်းအမျိုးမျိုးဖြင့် ထုတ်လုပ်ကြောင်း တွေ့ရှိရပါသည်။ ဓာတ်အားပေးစက်ရုံများ၏ စက်တပ်ဆင်မှု (Installed Capacity) အနေဖြင့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်တွင် ၁၅၄၇ မဂ္ဂါဝပ်ရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅၆၁၀ ဒသမ ၇၃ မဂ္ဂါဝပ်ခန့်အထိ တိုးမြှင့်တပ်ဆင်တည်ဆောက်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်အထိ ဓာတ်အားထုတ်လုပ်လျက်ရှိသော အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံအနေဖြင့် နိုင်ငံပိုင် ၁၀ ရုံ၊ ပုဂ္ဂလိက BOT ငါးရုံ၊ ပုဂ္ဂလိက IPP သုံးရုံနှင့် R BOT တစ်ရုံ စုစုပေါင်း ၁၉ ရုံမှ စက်တပ်ဆင်အင်အား ၂၄၂၉ ဒသမ ၇၃ မဂ္ဂါဝပ်ရှိပါသည်။ ရေအားလျှပ်စစ်စက်ရုံအနေဖြင့် နိုင်ငံပိုင် ၂၁ ရုံ၊ JV/BOT သုံးရုံ၊ BOT နှစ်ရုံ စုစုပေါင်း ၂၆ ရုံမှ စက်တပ်ဆင်အင်အား ၃၁၈၁ မဂ္ဂါဝပ်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ လက်ရှိတွင် အပူစွမ်းအင်သုံးစက်ရုံများမှ ၄၅ ရာခိုင်နှုန်းနှင့် ရေအားမှ ၅၅ ရာခိုင်နှုန်း ထုတ်လုပ်ပါသည်။

ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးလုပ်ငန်းများ၊ အိမ်ရာစီမံကိန်းများ၊ စက်မှုလုပ်ငန်းများမှ ဓာတ်အားသုံးစွဲမှုများ၊ တောင်းခံမှုများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၏အများဆုံး သုံးစွဲဝန်အားမှာ ၂၄၉၇ ဒသမ ၁၈ မဂ္ဂါဝပ်ဖြစ်ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ၂၇၂၂ ဒသမ ၅ မဂ္ဂါဝပ်အထိ ရောက်ရှိသုံးစွဲခဲ့ပါသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးမြှင့်သုံးစွဲလာခဲ့ရာ ၂၀၁၇ ခုနှစ် မေလတွင် အနည်းဆုံး ၂၆၁၇ မဂ္ဂါဝပ်မှ အများဆုံး ၂၈၄၀ မဂ္ဂါဝပ်အထိ တိုးမြှင့်သုံးစွဲမည်ဟု ခန့်မှန်းရပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ၄၅၃၁ မဂ္ဂါဝပ်၊ ၂၀၃၀ ပြည့်နှစ်တွင် ၁၄၅၄၂ မဂ္ဂါဝပ်အထိ သုံးစွဲမည်ဟု ခန့်မှန်းထားပါသည်။

"လျှပ်စစ်ဓာတ်အား" ဟူသည် ကုန်ပစ္စည်းကဲ့သို့ ထုတ်လုပ်ပြီး သိုလှောင်ထားပြီးမှ ပြန်လည် ဖြန့်ဖြူး၍ရသော အရာမဟုတ်။ ထုတ်လုပ်မှုနှင့်သုံးစွဲမှုကို တစ်ချိန်တည်းမှာပင် ဟန်ချက်ညီညီ ဖြန့်ဖြူးပေးရသော စွမ်းအင်တစ်မျိုးဖြစ်သည်။ တိုးတက်တောင်းခံလာသော လျှပ်စစ်ဓာတ်အားကို လုံလောက်အောင် ဖြန့်ဖြူးရန်အတွက် အောက်ဖော်ပြပါ နည်းလမ်းလေးသွယ်ဖြင့် စဉ်းစားနိုင်ပါသည်-

(က) လျှပ်စစ်အရင်းအမြစ်များ တိုးချဲ့ရှာဖွေခြင်း၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ခြင်း (အချိန်နှင့် ငွေအရင်းအနှီးလိုပါသည်)

(ခ) ဓာတ်အားသုံးစွဲမှု လျှော့ချခြင်း၊ ချွေတာခြင်း (ချွေတာရေးဖြစ်၍ လူမကြိုက်)

(ဂ) အိမ်နီးချင်းနိုင်ငံများထံမှ ဓာတ်အားဝယ်ယူသုံးစွဲခြင်း(မဟာဓာတ်အားလိုင်းနှင့် ငွေကြေးအရင်းအနှီးလိုပါသည်)

(ဃ) ဓာတ်အားစနစ်ပြင်ပတွင် လျှပ်စစ်ထုတ်ယူနိုင်မည့်နည်းလမ်းများရှာဖွေခြင်း (ဓာတ်အား အရင်းအမြစ်နှင့် ငွေကြေးအရင်းအနှီးလိုပါသည်)

နည်းလမ်း(ခ)မှာထုတ်လုပ်မှုမရှိပါက ချွေတာသုံးစွဲရမည်ဖြစ်၍အဆင်မပြေ။ နည်းလမ်း(ဂ)မှာလည်း ဓာတ်အားရောင်းချမည့် အိမ်နီးချင်းနိုင်ငံများမှ မဟာဓာတ်အားလိုင်း ချိတ်ဆက်သွယ်တန်းခြင်း၊ ဓာတ်အားဝယ်ယူခြင်းများဆောင်ရွက်ရမည်ဖြစ်၍ ငွေကြေးအကုန်အကျများခြင်း၊ တစ်ယူနစ်ရောင်းဈေးတိုးမြှင့်လာနိုင်ခြင်းကြောင့် အခက်အခဲရှိပါသည်။ ထို့ကြောင့် နည်းလမ်း(က)ဖြစ်သော မိမိနိုင်ငံအတွင်း လျှပ်စစ်အရင်းအမြစ်များတိုးချဲ့ရှာဖွေခြင်း၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ခြင်းတို့ကို မဖြစ်မနေဆောင်ရွက်ရပါမည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများမှာ ရွှေလီ(၃) ၁၀၅၁ မဂ္ဂါဝပ်၊ အထက်ရဲရွာ ၂၀၀ မဂ္ဂါဝပ်၊ အထက်ဘီလူးချောင်း ၃၀ ဒသမ ၄ မဂ္ဂါဝပ်၊ သူ့ဌေးရေအားလျှပ်စစ် ၁၁၁ မဂ္ဂါဝပ်၊ အထက်ကျိုင်းတောင်း ၅၁ မဂ္ဂါဝပ်၊ အလယ်ပေါင်းလောင်း ၁၀၀ မဂ္ဂါဝပ် စုစုပေါင်းရေအားလျှပ်စစ်စက်ရုံစီမံကိန်းခြောက်ခုမှ ၁၅၄၃ ဒသမ ၄ မဂ္ဂါဝပ်ရရှိရန် ဆောင်ရွက်နေပါသည်။ ထို့အပြင် ဆက်လက်ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်း ၂၀ မှ စုစုပေါင်းတပ်ဆင်အင်အား ၆၂၇၀ မဂ္ဂါဝပ်ရရှိရေးအတွက် အစီအစဉ်များ ချမှတ်ထားကြောင်း သိရှိရပါသည်။ ရေအားလျှပ်စစ်စီမံကိန်းများမှ ဓာတ်အားရရှိရန်အတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ကွင်းဆင်းတိုင်းတာခြင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ၁၀ နှစ်မှ ၁၅ နှစ်ခန့် အချိန်ယူဆောင်ရွက်ရပါသည်။

ထို့အပြင် အကောင်အထည်ဖော်ရန် လျာထားသည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းခုနစ်ခုမှ စုစုပေါင်းစက်တပ်ဆင်အင်အား ၁၇၀၇ မဂ္ဂါဝပ်ဖြစ်ပါသည်။ လေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းအကောင်အထည်ဖော်ရန် လျာထားသောနေရာများမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးများ ပါဝင်ကြောင်း သိရှိရပါသည်။ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ၂၂၀ မဂ္ဂါဝပ်၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းတွင် ၁၅၀ မဂ္ဂါဝပ်၊ နဘူးအိုင်တွင် ၁၅၀ မဂ္ဂါဝပ်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ ဖော်ပြပါ ဓာတ်အားပေးစက်ရုံစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် နည်းပညာ၊ ငွေကြေးလိုအပ်ချက်များဖြင့် အချိန်ကာလတစ်ခု ကြာမြင့်ပြီးမှ ရရှိမည်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားရရှိရေးအတွက် စီမံကိန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ၊ ပြဿနာများ၊ စိန်ခေါ်မှုများ ကြောင့်နှောင့်နှေးမှုများ၊ ရပ်တန့်မှုများရှိနေကြောင်း သိရပါသည်-

(က) သဘာဝပတ်ဝန်းကျင်ထိခိုက်မှု
(ခ) ရာသီဥတုပြောင်းလဲမှုနှင့် ရေအရင်းအမြစ်ပြဿနာ
(ဂ) အန္တရာယ်ရှိဓာတ်ငွေ့များထုတ်လွှတ်မှု
(ဃ) ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု
(င) သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှု
(စ) လူသားတို့၏နေအိမ်နှင့် စိုက်ပျိုးမြေယာဆုံးရှုံးမှု
(ဆ) စီမံကိန်းကိုဆန္ဒပြကန့်ကွက်မှုတို့ဖြစ်ပါသည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများ ဆောင်ရွက်မည်ဆိုပါက သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA-Environmental Impact Assessment) ကိုဆောင်ရွက်ခြင်း၊ ၂၀၁၂ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၉) "ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ" (Environmental Conservation Law) ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရပါမည်။ အထက်ဖော်ပြပါ ကျွမ်းကျင်ပညာရှင်များ၏ ဆန်းစစ်ချက်များအရ ကောင်းကျိုးများပြီး ဆိုးကျိုးနည်းလျှင်လုပ်သင့်သည်။ ကောင်းကျိုးနည်းပြီး ဆိုးကျိုးများလျှင် မလုပ်သင့်ပါ။

ကျွန်ုပ်တို့ကမ္ဘာပေါ်ဝယ် အမြဲတမ်းအန္တရာယ်ကင်းသော နေရာဟူ၍အမြဲမရှိပေ။ အဆိုးမြင်လွန်းပြီး ဘာလုပ်လုပ် ကန့်ကွက်နေလျှင် ကျွန်ုပ်တို့၏သားစဉ်မြေးဆက်အတွက် လျှပ်စစ်မီးမသုံးနိုင်သေးသည့် ၇၀ ရာခိုင်နှုန်းသော ပြည်သူများအတွက်၊ နိုင်ငံဖွံ့ဖြိုးမှုအတွက် နစ်နာသွားပါမည်။ လျှပ်စစ်ဓာတ်အားမဖူလုံ၍ ပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ အလုပ်အကိုင်များဆုံးရှုံးရပါမည်။ ဥပမာ- ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပါက အန္တရာယ်ရှိပြာမှုန့်နှင့် အန္တရာယ်ရှိ ဓာတ်ငွေ့များ ထုတ်လွှတ်ခြင်းကြောင့် "No COAL" "No COAL" ဟုဆန္ဒပြကန့်ကွက်ခဲ့ကြပါသည်။ ယင်းအတွက်ပြာမှုန့်နှင့် အန္တရာယ်ရှိ ဓာတ်ငွေ့များကို နည်းပညာအဆင့်မြှင့်ထားသော Clean Coal Technology ဖြင့်ဆောင်ရွက် မည်ဆိုပါက " Yes COAL "ဖြစ်သင့်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကျွန်ုပ်တို့၏ တိုင်းပြည်အနာဂတ်၊ သားစဉ်မြေးဆက်အတွက် ကောင်းသောအမွေဖြစ်သည့် လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development Of Electricity) ဖြစ်အောင်ဆောင်ရွက်ရန် အားလုံး၏တာဝန်ဖြစ်ပါသည်။ အမှောင်ထဲတွင် နေရသောဘဝမှ အလင်းထဲတွင် ထာဝရရပ်တည်နိုင်ရန် အကောင်းကိုယူပြီး အဆိုးကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရပါမည်။ လျှပ်စစ်စွမ်းအားဖြင့် ပြည်ထွန်းကားအောင်ပြည်သူအားလုံးမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။ ။

## ဒုတိယမြောက်အဆင့်မြင့်ရုပ်ရှင်ရုံကို မုံရွာမြို့တွင်သင်္ကြန်အပြီး၌ ဖွင့်မည်




**မုံရွာ ဧပြီ ၁၅**

မြန်မာနိုင်ငံရုပ်ရှင်ရုံ ၁၀၀ စီမံချက်ဖြင့် မုံရွာမြို့ ကျောက်ကာလမ်းမြောက်ဘက် ဘုရင့်နောင်လမ်း(တိုင်းရင်းဆေးရုံသွားရာလမ်း)တွင်PARADISOအဆင့်မြင့် ရုပ်ရှင်ရုံ တည်ဆောက်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ သင်္ကြန်ပွဲတော်အပြီးတွင် ဖွင့်လှစ်၍ စတင်ပြသသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူ ဦးရဲနိုင်စိုးထံမှ သိရသည်။

"ထိုင်ခုံ ၃၂၀ ဆံ့မုံရွာရုပ်ရှင်ရုံကို သင်္ကြန်အပြီးမှာ ဖွင့်နိုင်ပါပြီ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)ရဲ့ ခွင့်ပြုချက်ပါမစ်လည်း ရထားပြီဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်ရုပ်ရှင်စနစ်နဲ့ပြသသွားမှာ ဖြစ်တဲ့အတွက် ကြည့်တဲ့သူတွေ စိတ်ချမ်းသာစေမှာဖြစ်ပါတယ်။ အတတ်နိုင်ဆုံးနိုင်ငံတကာ အဆင့်မီအောင် လုပ်ထားပါတယ်။ ၂၀၁၆ ခုနှစ်ဩဂုတ်လကစတဲ့ တစ်နိုင်ငံလုံးရုပ်ရှင်ရုံ ၁၀၀ စီမံချက်မှာ ၁၅ ရုံလောက် တည်ဆောက်မှုတွေ လုပ်နေပါတယ်။ မော်ဘီမှာ ပထမဦးဆုံးရုံကိုဖွင့်လှစ်ပြီး ပြသနေပြီဖြစ်တဲ့အတွက် မုံရွာမြို့က ဒုတိယမြောက်ရုံအဖြစ် ဖွင့်လှစ်နိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မုံရွာမြို့တွင်ရုပ်ရှင်ရုံမရှိခဲ့သည်မှာ မြစန္ဒာရုပ်ရှင်ရုံ ဖျက်သိမ်းပြီးနောက်ပိုင်းမှစတင်ရာ လာမည့်သင်္ကြန်အပြီးတွင် ပြန်လည်ကြည့်ရှုခွင့် ရရှိတော့မည်ဖြစ်သလို တစ်နှစ်အတွင်း ရုပ်ရှင်ရုံ ပြန်လည်တည်ဆောက်ပြသသွားမည်ဟု ကတိပြုထားသော မြစန္ဒာရုပ်ရှင်ရုံလည်း ပြန်လည်ပေါ်ပေါက်လာမည်ဖြစ်သည်။ ထို့နောက် မုံရွာမြို့၏တစ်ခုတည်းသော အိုးရှင်းဈေးပင်းစင်တာတွင် ရုပ်ရှင်ရုံထည့်သွင်း တည်ဆောက်ပြသရန် လျာထားနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်းထံမှ သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စစ်ကိုင်းမြို့၊ မုံရွာမြို့ ကလေးမြို့ ရွှေဘိုမြို့ ကသာမြို့များမှ ပိတ်ထားသော ရုပ်ရှင်တစ်ရုံစီကို ပြန်လည် ဖွင့်လှစ်ပြသနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# နမ့်ဖေးရေတံခွန်ဆီသို့ တစ်ခေါက်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်



နံနက် ၆ နာရီခန့်သာ ရှိသေးသော်လည်း တောင်ကြီးမြို့က အအေးဓာတ်မရှိတော့။ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၄၅၉၀ တွင် ရှိနေသော်လည်း ရာသီဥတု ပြောင်းလဲမှုကြောင့် အအေးဓာတ်က တောင်ကြီးမြို့ကို မလွှမ်းခြုံနိုင်ခြင်းဖြစ်သည်။ တောင်ကြီးမြို့ကို အကြိမ်ကြိမ်ရောက်ခဲ့ဖူးသော ကျွန်တော့်အတွက် တစ်ကြိမ်ထက် တစ်ကြိမ် အအေးဓာတ်လျော့လာသည်ကို သတိပြုမိခဲ့ရာ ယခုအကြိမ်တွင်တော့ သိသိသာသာ အပူရှိန်ဟပ်သလိုပင် ခံစားနေရသည်။

တောင်ကြီးမြို့သို့ တာဝန်ဖြင့်ရောက်ရှိနေသော ကျွန်တော့်အနေဖြင့် သုံးရက်မြောက်နေ့တွင် တာဝန်များပြီးစီးသွားသဖြင့် အခုတလော နာမည်ကြီးလာသည့် နမ့်ဖေးရေတံခွန်သို့ သွားရောက်လေ့လာရန် တောင်ကြီးမြို့မှ စောစောထွက်လာခဲ့ခြင်းဖြစ်သည်။ တောင်ကြီးမြို့ကိုသဘောကျသည့် ကျွန်တော်သည် ရှမ်းတောင်တန်း၊ တောင်ကြောများ ပတ်လည်ဝိုင်းနေသော တောင်ကြီးမြို့တည်ရှိနေမှုကို နှစ်သက်ခြင်းဖြစ်သည်။ လမ်းများဖောက်လုပ်ထားမှု၊ နေအိမ်တိုက်တာများ တည်ဆောက်ထားမှုတို့က မြို့ပြသွင်ပြင် ဥရောပဆန်ဆန် ဖြစ်နေသည်။

နှင်းတွေဝေနေသော ဆောင်းနံနက်ခင်းတွင် တောင်ကြီးမြို့၌ ကျွန်တော်လမ်းလျှောက်ထွက်ခဲ့ဖူးသည့်လွန်ခဲ့သော နှစ် ၂၀ ခန့်က ခံစားမှုမျိုး ယခုမရနိုင်ပြီကို သိရှိနေသဖြင့် ဟိုးအရင်က တောင်ကြီးမြို့ပုံရိပ်ကို ပြန်လည်တမ်းတမိသည်က အမှန်ပင်။ အဲဒီအချိန်က တောင်ကြီးတွင် လူနေမထူထပ်သေး။ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များလည်း မပေါများ။ သန့်ရှင်းသပ်ရပ်သောလမ်းများပေါ် တွင် နံနက်စောစော လမ်းလျှောက်ပြီး တောင်ကြီးမြို့မဈေးအနီး တို့ဟူးနွေးပူပူကို စားသောက်ခဲ့ရသည်များကို မမေ့။

နံနက်စောစောမှာပင် မော်တော်ယာဉ်အသွားအလာ ရှုပ်ထွေးနေသော၊ ဆိုင်ကယ်များ လူးလာခတ်မောင်းနှင်နေသော တောင်ကြီးမြို့တွင်းမှနေ၍ တောင်ကြီး-ကက္ကူ-ကျောက်တစ်လုံးလမ်းအတိုင်း ကျွန်တော်တို့ မော်တော်ကားဖြင့် ထွက်လာခဲ့ကြသည်။ တောင်ကြီးမြို့မှ ထွက်လိုက်သည်နှင့် ကားသွားလာမှု သိသာစွာ ကျဲပါးသွားသည်။ ကားလမ်းဘေးဝဲယာ လှမ်းမျှော်ကြည့်လိုက်ပါက ရှမ်းတောင်တန်းများကို လှမ်းမြင်ရသည်။ ရှမ်းပြည်နယ်၏ သဘာဝအလှတရားများတွင် အဓိကနေရာမှ ပါဝင်တည်ရှိနေသည့် တောင်တန်းများပင်ဖြစ်သည်။

ကျွန်တော်တို့မော်တော်ယာဉ်က တောင်ကြီး-ကက္ကူလမ်းပေါ် မောင်းနှင်လာရာ ဤလမ်းကို အရင်အခေါက်များက မော်တော်ကားဖြင့် ဖြတ်သန်းသွားလာခဲ့ဖူးသည်များကို ပြန်တွေးမိသည်။ မွေတော်ကက္ကူဘုရားကိုဖူးမြော်ရန် ကားဖြင့်လာတိုင်း ဤလမ်းကို ဖြတ်သန်းနေကျပင်။ ကတ္တရာလမ်းဖြစ်ပြီး လမ်းကောင်းမွန်သည့်အပြင် ကားအသွားအလာ ရှင်းနေသဖြင့် စိတ်အေးချမ်းသာစွာ ကားမောင်းရင်း ပတ်ဝန်းကျင်ကို လေ့လာခွင့်ရသည်။

ကားလမ်းဘေးဝဲယာအနီးနှင့် ခပ်လှမ်းလှမ်းတို့တွင် ရွာငယ်များကို လှမ်းမြင်ရသည်။ စိုက်ပျိုးရေးကို အဓိကထားပြီး လုပ်ကိုင်ကြသူများဖြစ်ရာ စိုက်ခင်းငယ်အချို့ကို မြင်တွေ့ရသည်။ လုပ်ငန်းခွင်ဝင်ရောက်နေကြသည့် ဒေသခံများကိုလည်း မြင်ရသည်။ ရာသီဥတု၊ ရေမြေနှင့် ကိုက်ညီသော ဟင်းသီးဟင်းရွက်စိုက်ခင်းများကို အရောင်အသွေးစုံစွာ မြင်တွေ့ရသည်မှာ သက်ဝင်လှုပ်ရှားနေသော ပန်းချီကားတစ်ချပ်ကဲ့သို့ပင်။

တောင်ကြီးမြို့အနီး မွေတော်ကက္ကူဘုရားက နာမည်ကြီးသည်။ စေတီများ မြေစိုက်တည်ထားကိုးကွယ်မှုနှင့် ဗိသုကာလက်ရာများက ကမ္ဘာလှည့် ခရီးသွားဧည့်သည်များအတွက် ဆွဲဆောင်မှုတစ်ရပ်ပင်ဖြစ်သည်။ မွေတော်ကက္ကူဘုရားများ တည်ထားမှုနှင့် အင်းလေးအနီး အင်းတိန်ဘုရားများ တည်ထားပုံမှာ ဗိသုကာလက်ရာ တူညီသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် တောင်ကြီးမြို့သို့ အလည်အပတ်လာရောက်ကြသည့် ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များအနေဖြင့် မွေတော်ကက္ကူဘုရားသို့ ရောက်အောင်သွားကာ ဖူးမြော်လေ့လာကြသည်။

ကျွန်တော်တို့ တောင်ကြီး-မွေတော်ကက္ကူဘုရားလမ်းအတိုင်း မောင်းလာခဲ့ပြီးနောက် ကက္ကူဘုရားလမ်းခွဲသို့ ရောက်ရှိလာသည်။ မော်တော်ကားကို ဆက်လက်မောင်းနှင်လာခဲ့ရာ နောက်ထပ်လမ်းခွဲတစ်ခုသို့ ထပ်မံရောက်ရှိလာခဲ့သည်။

ကျွန်တော်တို့ ဆောင်းဖိုးရွာဘက်သို့သွားသည့်လမ်းအတိုင်း မောင်းနှင်လာခဲ့ရာ မြေနီလမ်းပေါ် ရောက်လာခဲ့သည်။ ဆောင်းဖိုးရွာဆိုင်းဘုတ်က ခိုင်ခံ့စွာ တည်ဆောက်ပြုလုပ်ထားသည်ကို တွေ့ရပြီး ရှမ်းဘာသာရေး မြန်မာလိုပါ ရွာအမည်ကို ရေးထိုးထားသည်။ မြေနီလမ်းအတိုင်း မောင်းလာရာ လမ်းက ကတ္တရာ ကွန်ကရစ် မဟုတ်သော်လည်း ကားမောင်းရသည်မှာ အဆင်ပြေသည်။ တောင်ကြီးမြို့မှနေ၍ ဆောင်းဖိုးရွာအထိ နိုင်လွန်ကတ္တရာလမ်းဖြစ်ပြီး ကားလမ်းကောင်းမွန်သလို ဆောင်းဖိုးရွာထဲမှ မြေနီလမ်းအတိုင်းမောင်းလာလျှင် အဆင်ပြေသည်ကို တွေ့ရသည်။ ကားကို ဖြည်းဖြည်းမောင်းနှင်လာခဲ့ရာ ခရီးသုံးမိုင်ခန့်ရောက်သည့်အခါ နမ့်ဖေး ရေတံခွန်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့လေသည်။

နမ့်ဖေးရေတံခွန်သည် တောင်ကြီးမြို့မှ မိုင် ၃၀ခန့်ဝေးပြီး မော်တော်ကားဖြင့်လာလျှင် အချိန်တစ်နာရီကျော်မျှ မောင်းနှင်ရုံဖြင့် ရောက်ရှိသည်ဖြစ်ရာ ခရီးက မဝေး၊ မွေတော်ကက္ကူဘုရားနှင့်လည်း ခရီးမဝေးသော နေရာတွင်ရှိရာ သွားလာရေးအဆင်ပြေသည်။ တောင်ကြီးမြို့မှ မွေတော်ကက္ကူဘုရားသို့ ဘုရားဖူးလာရင်း နမ့်ဖေးရေတံခွန်သို့ အပန်းဖြေလာရောက်ရန် အသင့်တော်ဆုံးနေရာတွင် တည်ရှိသဖြင့် ခရီးသွားများအတွက် အပန်းဖြေလေ့လာစရာ နေရာတစ်ခု တိုးလာခြင်းဖြစ်သည်။ ကျွန်တော်တို့ ကားပေါ်မှဆင်းပြီး နမ့်ဖေးရေတံခွန်ဆီသို့ ရောက်လာခဲ့ကြသည်။ နမ့်ဖေးရေတံခွန်က အခြားရေတံခွန်များနှင့်မတူ။ တောင်ပေါ်မှ တဝေါဝေါဖြင့် ရေစီးကျသံများ ကျယ်လောင်စွာမကြားရ။ တောင်ပေါ်မှ စီးဆင်းကျလာသောရေများက ရေတံခွန်သဖွယ် ဖြစ်ပေါ်နေပြီး ရေအိုင်နေရာက အနည်းငယ်ကျယ်သဖြင့် လာရောက်ကြသူများအတွက် ရေကူးအပန်းဖြေနိုင်ရန် အဆင်ပြေစွာ တည်ရှိဖြစ်ပေါ်နေသည်ကို တွေ့ရသည်။

ရေစီးကျရာနေရာတွင် ရေတိမ်သည့်နေရာရှိသလို ရေနက်သည့်နေရာများလည်း ရှိသဖြင့် ရေချိုးလာသူများ သတိထားရန်လိုကြောင်း ရေတံခွန်တွင် ရေလာချိုးကြသည့် ဒေသခံလူငယ်အချို့က ပြောသည်ကို နားထောင်ခဲ့ရသည်။ နမ့်ဖေးရေတံခွန်သည် ယခင်က အနီးဝန်းကျင်မှ ဒေသခံ ရွာသူရွာသားများ လာရောက်ရေချိုးကြသည့် နေရာတစ်ခုအဖြစ် တည်ရှိခဲ့ရာမှ ယခုအခါ ခရီးသွားများပါ လာရောက်အပန်းဖြေစရာ နေရာတစ်ခုအဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။

နမ့်ဖေးရေတံခွန်တွင် ရေချိုးနေကြသူများကို တွေ့ရသည်။ မော်တော်ယာဉ်အချို့ကိုလည်း တွေ့မြင်ရသဖြင့် ရပ်ဝေးမှ ခရီးသွားများ လာရောက်အပန်းဖြေကြခြင်းဖြစ်မည်ဟု တွေးမိသည်။ ကြည်လင်အေးမြနေသောရေကြောင့် ရေချိုးချင်စိတ် တဖွားဖွားပေါ်မိသည်။ ကျွန်တော်တို့နှင့်အတူပါလာသော တောင်ကြီးမြို့သား စိုင်းစံမြင့်နှင့် သားဖြစ်သူတို့က အဝတ်အစားများလဲကာ ရေဆင်းချိုးရန်ပြင်ဆင်နေကြသည်။ မကြာခင် ရေတံခွန်စီးကျရာ ရေပြင်တွင် သူတို့သားအဖ ရေဆင်းချိုးနေကြရာမှ ကျွန်တော့်အား လက်ယပ်လှမ်းခေါ်နေသော်လည်း ရေမချိုးဖြစ်ခဲ့။ နေရာအပြောင်းအလဲ၊ ရာသီဥတုအပြောင်းအလဲကြောင့် နေထိုင်မကောင်းဖြစ်မည်ကို စိုးရိမ်သဖြင့် ရေဆင်းမချိုးခဲ့ခြင်းဖြစ်သည်။

နမ့်ဖေးရေတံခွန် ရေစီးဆင်းရာ အောက်ခြေရေပြင်ပေါ်တွင် ကျောက်တုံးကြီးများ ရှိနေသဖြင့် ရေချိုးသူများ ခေတ္တထိုင်ကာ အမောအပန်းဖြေနိုင်ရန် အဆင်ပြေလျက်ရှိသည်ကိုလည်း တွေ့ရသည်။ နမ့်ဖေးရေတံခွန်သည် ကျွန်တော့်အမြင်တွင် နှစ်ဆင့်ခံပြီး စီးဆင်းနေခြင်းဖြစ်ကာ တောတောင်ပတ်ဝန်းကျင်ကြောင့် လှပသည့်ရေတံခွန်တစ်ခုလည်း ဖြစ်နေသည်။ အမျိုးသမီးအများစု ရေချိုးနိုင်သည့်နေရာကို သတ်မှတ်ပေးထားသဖြင့် အနှောင့်အယှက်မဖြစ်အောင် စီစဉ်ပေးထားကြောင်း တွေ့မြင်ရသည်။

နမ့်ဖေးရေတံခွန်၏ ရေချိုးရာနေရာအနီးတွင် အမှိုက်စွန့်ပစ်ရန် အမှိုက်တောင်းချထားပြီး သတိပေးဆိုင်းဘုတ်တစ်ခုလည်း ထောင်ထားသည်။ ရေတံခွန်သို့ လာရောက်အပန်းဖြေသူများ၏ စားစရာနှင့် အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်နိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန် စနစ်တကျပြုလုပ်ပေးထားသဖြင့် လာရောက်အပန်းဖြေသူများ အဆင်ပြေစေရန် ဆောင်ရွက်ပေးထားခြင်းဖြစ်သည်။

နမ့်ဖေးရေတံခွန်သည် သွားလာရေးခရီးလမ်း အခက်အခဲမရှိသဖြင့် တောင်ကြီးမြို့သို့ လေ့လာရေးခရီး လာရောက်ကြသူများအတွက် ခရီးစဉ်သစ်တစ်ခု ဖြစ်လာမည်ဖြစ်သည်။ လာရောက်ကြသည့် ခရီးသွားများအတွက် ရေချိုးအပန်းဖြေရန် ကောင်းသည့်အပြင် သဘာဝပတ်ဝန်းကျင်ကလည်း စိမ်းစိုလန်းဆန်းလျက်ရှိသည်ဖြစ်ရာ စိတ်ချမ်းမြေ့ဖွယ်ရာအတိဖြစ်သည်။

နမ့်ဖေးရေတံခွန်အနီးတွင် ဒေသခံအချို့က လာရောက်ရောင်းချသော မုန့်ဆိုင်လေးအချို့သာရှိသည်ကို တွေ့ရသည်။ ငါးမုန့်ကြော်၊ အာလူးကြော်စသည့် သရေစာသဘောမျိုး အစားအစာလေးများသာ ရောင်းချခြင်းဖြစ်ရာ တဖြည်းဖြည်း စည်ကားဖွံ့ဖြိုးလာပါက ဈေးဆိုင်များ တိုးလာမည်ဖြစ်သည်။ လောလောဆယ်တွင် လာရောက်အပန်းဖြေကြသည့် ခရီးသည်များ သိရှိမှုနည်းသဖြင့် လူစည်ကားခြင်း မရှိသေးသော်လည်း အချိန်ကာလတစ်ခုမှာပင် စည်ကားလာမည့် နေရာတစ်ခုဖြစ်လာမည်ဟု တွေးမိသည်။

အချိန်အတန်ကြာမျှ လေ့လာခဲ့ပြီးနောက် ကျွန်တော်တို့ နမ့်ဖေးရေတံခွန်မှ ပြန်လာခဲ့ကြသည်။ တောင်ကြီးမြို့ဝန်းကျင်တွင် လေ့လာစရာ ခရီးစဉ်သစ်အဖြစ် လူသိများကာ ဖွံ့ဖြိုးစည်ကားလာမည့် နမ့်ဖေးရေတံခွန်မြင်ကွင်းကို အတွေးပုံရိပ်တွင် ကြိုတင် ထင်မြင်နေမိသည်က အမှန်ပင်။ ။

**နမ့်ဖေးရေတံခွန်တွင် ရေချိုးနေကြသူများကို တွေ့ရသည်။ မော်တော်ယာဉ်အချို့ကိုလည်း တွေ့မြင်ရသဖြင့် ရပ်ဝေးမှ ခရီးသွားများ လာရောက်အပန်းဖြေကြခြင်းဖြစ်မည်ဟု တွေးမိသည်။ ကြည်လင်အေးမြနေသော ရေကြောင့် ရေချိုးချင်စိတ် တဖွားဖွားပေါ်မိသည်။ ကျွန်တော်တို့နှင့်အတူပါလာသော တောင်ကြီးမြို့သား စိုင်းစံမြင့်နှင့် သားဖြစ်သူတို့က အဝတ်အစားများလဲကာ ရေဆင်းချိုးရန်ပြင်ဆင်နေကြသည်။ မကြာခင် ရေတံခွန်စီးကျရာ ရေပြင်တွင် သူတို့သားအဖ ရေဆင်းချိုးနေကြရာမှ ကျွန်တော့်အား လက်ယပ်လှမ်းခေါ် နေသော်လည်း ရေမချိုးဖြစ်ခဲ့။ နေရာအပြောင်းအလဲ၊ ရာသီဥတုအပြောင်းအလဲကြောင့် နေထိုင်မကောင်း ဖြစ်မည်ကို စိုးရိမ်သဖြင့် ရေဆင်းမချိုးခဲ့ခြင်းဖြစ်သည်**



# အာနန္ဒာ မတ်ရပ်ဆင်းတုတော် လေးဆူ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ပုဂံသို့ရောက်ရှိလာကြသည့် ပြည်တွင်းပြည်ပခရီးသည်တိုင်း မသွားမဖြစ် သွားလေ့ရှိသည့် စေတီပုထိုးများတွင် အာနန္ဒာသည် အဓိက စေတီတော်တစ်ဆူဖြစ်သည်။ အလယ်လေးထောင့်မဏ္ဍိုင် လေးမျက်နှာတွင် ရပ်တော်မူ ဗုဒ္ဓဆင်းတုတော်ကြီး လေးဆူ ထားရှိ၍ မဏ္ဍိုင်ကို ပတ်လမ်းနှစ်ထပ်ရံကာ တည်ဆောက်ထားသည့် ဂူဘုရားသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် အာနန္ဒာတစ်ဆူသာရှိသည်။


အာနန္ဒာဂူဘုရား၏ မုခ်ပေါက်လေးဘက်၌ အပေါ်တွင် အမိုးအဆင့်ဆင့်ပြုလုပ်ထားသည့် အဆောင်ကြီးများထုတ်ထားသည်။ စေတီတော်၏ ဂူအတွင်းအပြင်တွင် ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်တုများ၊ ဇာတ်နိပါတ်ရုပ်ချပ်များကို နေရာအပြည့် တန်ဆာဆင်ထားသည်။ အာနန္ဒာဂူဘုရားကြီးတွင် မြန်မာမှုဗိသုကာ ပန်းရန်လက်ရာ၊ ကျောက်ဆစ် ပန်းတမော့လက်ရာ၊ အင်္ဂတေပန်း ပန်းတော့လက်ရာ၊ သစ်သား ပန်းပုလက်ရာ၊ ကြွေသွန်း ပန်းတဉ်းလက်ရာများကို မြင်တွေ့နိုင်သည့်အပြင် ဘုရားကြီး အောက်ခြေပတ်လည်နှင့် အမိုးပေါ်တွင် ရောင်စုံစဉ့်ကွင်းများကို တွေ့ရှိနိုင်ပေသည်။

**အာနန္ဒာအမည်နှင့် ပန္နက်**

အာနန္ဒာ ဂူဘုရားသည် သရပါတံခါး၏ အရှေ့တောင်ဘက်တွင်တည်ရှိပြီး ကျန်စစ်သားမင်းကြီးက မြန်မာသက္ကရာဇ် ၄၅၂ ခုနှစ်(ခရစ်နှစ် ၁၀၉၀ ခုနှစ်)တွင် တည်ထားခဲ့သည်ဟုဆိုသဖြင့် ယခုအခါတွင် သက်တမ်းနှစ်ပေါင်း ၉၂၀ ကျော်ခဲ့ပြီဖြစ်သည်။ ထု ဓမ္မရံ၊ ဉာဏ် သဗ္ဗညု၊ အနု အာနန္ဒာဟု ဆိုကြသည့်အတိုင်း ပုဂံစေတီပုထိုးများတွင် အာနန္ဒာသည် အလှပဆုံးနှင့် အနုလက်ရာ အကောင်းဆုံးဖြစ်ကာ ဓမ္မရံကြီးသည် ထုထည်အကြီးဆုံးဖြစ်၍ သဗ္ဗညုသည် ဉာဏ်တော်အမြင့်ဆုံး ဖြစ်သည်။

အာနန္ဒာဂူဘုရားကို တည်ခဲ့သည့် ခုနှစ်သက္ကရာဇ်ရေးထိုးထားသော ကျောက်စာကို မတွေ့ရှိရသေးသဖြင့် ဘုရားတည်ခဲ့သည့်ခုနှစ်ကို အတိအကျ မသိရှိသော်လည်း အာနန္ဒာကို ခရစ်နှစ် ၁၀၉၀ ခုနှစ်တွင် တည်ခဲ့သည်ဟု ယေဘုယျအားဖြင့် လက်ခံထားကြသည်။ အာနန္ဒာဟူသည့်အမည်ကို အချို့က ဗုဒ္ဓဘုရားရှင်၏ ညီတော် အာနန္ဒာဟု လည်းကောင်း၊ အချို့က ဗုဒ္ဓ၏ အတိုင်းအဆမရှိသောဉာဏ်ပညာဟု အဓိပ္ပာယ်ရသည့် ပါဠိဝေါဟာရ အနန္တပညာမှ ပြောင်းလဲလာသည်ဟုလည်းကောင်း၊ အချို့က အလွန်လှပသောဟု အဓိပ္ပာယ်ရသည့် သက္ကတဝေါဟာရ အနန္ဒ်(Anand) မှ ဆင်းသက်လာသည်ဟုလည်းကောင်း ယူဆကြသည်။

ကျန်စစ်သားမင်းကြီးသည် ပုဂံဒေသတွင် စေတီကြီးတစ်ဆူ တည်ထားလိုသဖြင့် ရဟန္တာရှစ်ပါးအား တည်ထားသင့်သည့် စေတီတော်ပုံကို ပြသပါရန် လျှောက်ထားခဲ့ရာ ရဟန္တာမထေရ်မြတ်များက ဟိမဝန္တာရှိ မဟာနန္ဒမူလိုဏ်ဂူကို ပြသခဲ့သည်ဟုဆိုသည်။ ကျန်စစ်သားမင်းကြီးသည် ရဟန္တာအရှင်သူမြတ်များ ပြသသည့် စေတီတော်ပုံကို အလွန်နှစ်သက်သဘောကျခဲ့သဖြင့် ယခုမြင်တွေ့နေကြရသည့် အာနန္ဒာစေတီကို မဟာနန္ဒမူလိုဏ်ဂူပုံစံအတိုင်း တည်ခဲ့ပြီး ကာလရွေ့လျောလာချိန်တွင် နန္ဒမူမှ အာနန္ဒာဖြစ်လာကြောင်းယူဆချက်များလည်း ရှိခဲ့သည်။



ရှေးဟောင်းသုတေသနပညာရှင်များ၏ အလိုအရ အာနန္ဒာစေတီတော်၏ပန္နက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Paha Pu စေတီနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အနောက်ဘက်ရှိ ဒွါရဝတီမြို့ဟောင်းမှ Nakhonpahton စေတီတို့၏ ပန္နက်များနှင့် တူသည့် ဂရိကြက်ခြေခတ်ပုံစံဟု ဆိုသည်။ ပုဂံရှိ စေတီပုထိုးများအနက် အာနန္ဒာပန္နက်နှင့် တူညီသည့်စေတီမှာ နရသူမင်းတည်ခဲ့သည့် ဓမ္မရံကြီးဖြစ်သည်။ နရသူမင်းသည် ကျန်စစ်သားမင်းကြီး၏ မြစ်တော်ဖြစ်ပြီး ဓမ္မရံကြီးကိုတည်ခဲ့ချိန်တွင် ဘိုးတော် ကျန်စစ်သားမင်း၏ ကောင်းမှုတော် အာနန္ဒာဂူဘုရား၏ ပန္နက်ကို ပုံစံယူခဲ့ဖွယ် ရှိပေသည်။

ပုဂံရှိ ဂူဘုရားများ၏ပန္နက်သည် အများအားဖြင့် အာရုံခံတစ်ဖက်စီသာ ရှိကြပြီး အာနန္ဒာစေတီမှာမူ အာရုံခံလေးဘက်ထွက်၍ မုခ်လေးခုထုတ်ထားသည်။ ဂူအတွင်းအပြင် ပတ်လမ်းနှစ်ထပ်ပြုလုပ်ထားကာ လေးမျက်နှာရှိ ဂန္ဓကုဋိလေးခုတွင် ကြီးမားသော မတ်ရပ်ရုပ်ပွားတော်လေးဆူကို ထည့်သွင်းပူဇော်ထားသည်။

**အနု အာနန္ဒာ**

အာနန္ဒာဂူဘုရား၏ မဟာရံတံတိုင်းသည် အရှေ့မှအနောက်သို့ ၅၉၆ ပေနှင့် တောင်မှမြောက်သို့ ၅၉၂ ပေရှိသည့် စတုရန်းပုံဖြစ်သည်။ ပင်မအဆောက်အအုံသည် တစ်ဖက်လျှင် ၂၈၉ ပေ ပတ်လည်ရှိ၍ မြေပြင်မှစေတီတော်ထိပ်သို့ အမြင့် ၁၆၈ ပေရှိသည်။ ကွန်းတောင်အမြင့်မှာ ၃၅ ပေဖြစ်ပြီး အထွတ်စေတီအမြင့်သည် ပေ ၃၀ ဖြစ်သည်။

အာနန္ဒာဂူဘုရား၏ အာရုံခံတစ်ခုစီတွင် တိုင်မကြီးလေးခုနှင့် မုခ်ကပ် အချိုင့် ၁၆ ခုစီ ရှိသည်။ အတွင်းပတ်လမ်းနှင့် အပြင်ပတ်လမ်းအကြားတွင် အလင်းရောင်နှင့် လေဝင်လေထွက်လမ်း ပြုလုပ်ထားကာ ဘေးနှစ်ဖက်တွင် မုခ်ကပ်အချိုင့်များ ပြုလုပ်ထားသည်။ ပင်မမုခ်လေးခုတွင် တည်ထားသည့် မတ်ရပ်ဆင်းတုတော်ကြီးများ၏ မျက်နှာတော်များသို့ အလင်းရောင်တည့်တည့် ကျရောက်စေရန် အလင်းပေါက်တစ်ပေါက်စီ ဖောက်ထားသည်။

အာနန္ဒာဂူဘုရားကို တည်ထားရာတွင် အသုံးပြုခဲ့သည့် အုတ်အများစုသည် စပါးခွံရာပါရှိသော အလျား ၁၅ လက်မ၊ အနံ ရှစ်လက်မနှင့် ထု ၂ ဒသမ ၇၅ လက်မ အရွယ် အုတ်များဖြစ်သည်။ နံရံများတွင် အုတ်များကို အလျားလိုက်တစ်လှည့်၊ ထောင်လိုက်တစ်လှည့် စီထားပြီး ပေါင်းကူးများတွင် အုတ်နှင့် သဲကျောက်များကို တစ်လှည့်စီ စီထားသည်ကို တွေ့မြင်ကြရသည်။

ပတ်လမ်းအထက်တွင် ဆင်ခြေလျှော အမိုးခုံးများ ပြုလုပ်ထားပြီး စေတီတော်တစ်ဆူလုံးတွင် စေတီရံ ၁၀၀၀၀၊ မုခ်ပေါင်း ၁၀၀၀၊ လမ်းသုံးမြောင်ရှိကြောင်း အဆိုရှိခဲ့သည်။ စေတီရံပေါင်း ၁၀၀၀၀ ဟု ဆိုသော်လည်း အာနန္ဒာဂူဘုရားတွင် စေတီရံပေါင်း ၁၀၃၂ ဆူရှိကြောင်းနှင့် မုခ်ကပ်အချိုင့်များပေါ်တွင်ရှိသည့် စေတီများကိုပါ ထည့်ပေါင်းပါက အဆူ ၁၀၀၀၀ ပြည့်နိုင်ကြောင်း ဆရာကြီး မင်းဘူးအောင်ကြိုင်က လက်ရာစုံစွာအာနန္ဒာ စာအုပ်တွင် ရေးသားခဲ့သည်။

မုခ်ပေါက် ၁၀၀၀ တွင် မုခ်ကပ်အချိုင့်များ၊ ပြတင်းမုခ်များနှင့် တိုးလျှိုပေါက်များပါဝင်သည်။ လမ်းသုံးမြောင်တွင် အတွင်းပတ်လမ်းသည် ရဟန်းသံဃာများအတွက်၊ အပြင်ပတ်လမ်းသည် မင်းနှင့် နန်းတွင်းသူ နန်းတွင်းသားများအတွက်၊ အာရုံခံအတွင်းနှင့် ဘုရားအပြင်လမ်းသည် အများပြည်သူများအတွက်ဟု သတ်မှတ်ခဲ့ကြောင်း ဆိုခဲ့ကြသည်။

အာနန္ဒာဘုရားကြီးတွင် နတ်ရုပ် ၂၈ ရုပ်၊ ခြင်္သေ့ရုပ် ၁၄၈ ရုပ် အပါအဝင် အရံတန်ဆာရုပ်များကို မြင်တွေ့နိုင်သည်။ ကျန်စစ်သားမင်းကြီးသည် အာနန္ဒာဂူဘုရားကြီးကို ပန်းရန်လက်ရာ၊ ပန်းတမော့လက်ရာ၊ ပန်းတော့လက်ရာ၊ ပန်းပုလက်ရာနှင့် ပန်းတဉ်းလက်ရာများအပြင် နံရံဆေးရေးပန်းချီများဖြင့်ပါ တန်ဆာဆင်ခဲ့သည်။

အာနန္ဒာဂူဘုရားကြီး၏ အပြင်ပတ်လမ်းတစ်လျှောက် အောက်ခြေပတ်လည်တွင် တစ်တန်းလျှင် အကွက် ၄၀ စီရှိသည့် အချိုင့်တန်းနှစ်တန်းအတွင်း ဗုဒ္ဓဝင်ဆိုင်ရာ ကျောက်ဆစ်ရုပ်များကို ထုလုပ်ထားသည်။ ယင်းရုပ်တုများသည် တုသိတာနတ်ပြည်တွင် နတ်သားများက အလောင်းတော်နတ်သားအား လူ့ပြည်လောကသို့ဆင်းသက်၍ ဘုရားဖြစ်တော်မူပါရန် တောင်းပန်ခန်းမှစ၍ လူ့ပြည်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခန်းအထိ ပါဝင်သည်။ အာနန္ဒာရှိ လွန်ခဲ့သည့် နှစ်ပေါင်း ၉၀၀ မှ လက်ရာများကို ယနေ့တိုင် ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်ခြင်းကြောင့် ပုဂံခေတ်လက်ရာ အာနန္ဒာ၏ ယဉ်ကျေးမှုတန်ဖိုးသည် များစွာ မြင့်မားလျက်ရှိပေသည်။

**အာနန္ဒာ မတ်ရပ်ရုပ်ပွားတော်လေးဆူ**

အာနန္ဒာဂူဘုရားကြီး၏ အရပ်လေးမျက်နှာရှိ ဂန္ဓကုဋိတိုက်လေးခုတွင် သစ်သားပန်းပုလက်ရာ ရပ်တော်မူ ဗုဒ္ဓဆင်းတုတော်လေးဆူကို ဖူးတွေ့ကြရသည်။ ရုပ်ပွားတော်များသည် ခြေမှ ဦးခေါင်းတော်ထိပ်အထိ ၃၁ ပေ ၅ လက်မစီ မြင့်ကာ ပုဂံဒေသတစ်ဝိုက်တွင် အမြင့်ဆုံး မတ်ရပ်ရုပ်ပွားတော်ကြီးများ ဖြစ်ကြပေသည်။ ရုပ်ပွားတော်ကြီးများ၏ မျက်နှာတော်သည် နားရွက်တော်တစ်ဖက်မှ တစ်ဖက်သို့ ငါးပေကွာဝေးသည်။

လက်ရှိ ဖူးမြော်နေကြရသည့် ရုပ်ပွားတော်လေးဆူအနက် တောင်ဘက်မျက်နှာရှိ ကဿပဘုရားရှင် ရုပ်ပွားတော်နှင့် မြောက်ဘက်မျက်နှာရှိ ကကုသန်ဘုရားရှင် ရုပ်ပွားတော်တို့သည် မူလလက်ရာများဖြစ်ကြပြီး အရှေ့ဘက်ရှိ ကောဏာဂုံဘုရားရှင်



ရုပ်ပွားတော်နှင့် အနောက်ဘက်ရှိ ဂေါတမဘုရားရှင် ရုပ်ပွားတော်တို့သည် မူလလက်ရာများ မဟုတ်ကြပါချေ။

ကြီးမားသော သစ်လုံးကြီးတစ်လုံးစီကို ထွင်းထုထားသည့် ကဿပဘုရားရှင် ရုပ်ပွားတော်နှင့် ကကုသန်ဘုရားရှင် ရုပ်ပွားတော် နှစ်ဆူကို အာနန္ဒာဘုရားတွင် အပူဇော်ခံထားရှိခဲ့သည့် ပုဂံသားတို့၏ ဆောင်ရွက်ခဲ့မှုသည် အံ့သြဖွယ်ဖြစ်ပေသည်။ စက်ယန္တရားများ မရှိသေးသည့် အချိန်ကာလတွင် ကြီးမားသော မတ်ရပ်ဆင်းတုတော်ကြီးများကို ထုလုပ်၍ အာနန္ဒာဂူဘုရားသို့ ပင့်ဆောင် စိုက်ထူနိုင်ခဲ့ခြင်းသည် ပုဂံသားတို့၏ စွမ်းအားတစ်ရပ်ဟု ဆိုသင့်ပေသည်။

မူလရုပ်ပွားတော်များကို ထုလုပ်ခဲ့ရာတွင် အရှေ့ဘက်မျက်နှာရှိ ကောဏာဂုံဘုရားရှင် ရုပ်ပွားတော်ကို ကျွန်းသားဖြင့်လည်းကောင်း၊ တောင်ဘက်မျက်နှာရှိ ကဿပဘုရားရှင် ရုပ်ပွားတော်ကို ထင်းရှူးသားဖြင့် လည်းကောင်း၊ မြောက်ဘက်မျက်နှာရှိ ကကုသန်ဘုရားရှင် ရုပ်ပွားတော်ကို စကားသားဖြင့်လည်းကောင်း ထုလုပ်ခဲ့သည်။ အနောက်ဘက်ရှိ ဂေါတမဘုရားရှင် ရုပ်ပွားတော်သည် ပဉ္စလောဟာကြာပလ္လင်ပေါ်သို့ ပင့်ဆောင်ထားသည့် ရပ်တော်မူ ပဉ္စလောဟာရုပ်ပွားတော်ဖြစ်သည်။ (မြန်မာအဘိဓာန်တွင် ပဉ္စလောဟာကို ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သလွဲ ငါးမျိုး ပေါင်းစပ်ထားသော သတ္တုစပ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။)

အာနန္ဒာဂူဘုရားကြီး၏ အရှေ့မျက်နှာရှိ မူလရုပ်ပွားတော်ကြီးသည် မီးသင့်ပျက်စီးခဲ့သဖြင့် ခရစ်နှစ် ၁၈၆၆ ခုနှစ် မင်းတုန်းမင်းလက်ထက်တွင် ပုဂံမြို့ဝန်ဦးဘိုးက အသစ်ထုလုပ်ခဲ့သည်။ လက်ရှိဖူးမြင်နေကြရသည့် ရုပ်ပွားတော်သည် ခရစ်နှစ် ၁၉၀၆ ခုနှစ်တွင် ညောင်ဦးအရှေ့ရွာနေ ဦးဝက ထပ်မံပြင်ဆင်ခဲ့သည့် ရုပ်ပွားတော်ဖြစ်သည်။

အနောက်ဘက်ရှိ မူလ ပဉ္စလောဟာရုပ်ပွားတော်သည် အင်းဝနှင့် ဟံသာဝတီစစ်ပွဲ (ခရစ်နှစ် ၁၇၄၂-၁၇၅၂)ကာလအတွင်း မငြိမ်မသက်ဖြစ်နေချိန်တွင် ဖျက်ဆီးခြင်းခံခဲ့ရကြောင်း အစဉ်အဆက် ယူဆခဲ့ကြသည်။ လက်ရှိရုပ်ပွားတော်ကို ခရစ်နှစ် ၁၈၉၁ ခုနှစ်တွင် ပုဂံမြို့မှ ကုန်သည်ကြီးဦးစံငြိမ်း လှူဒါန်းခဲ့သည့် ရုပ်ပွားတော်ဟု ဆိုကြသည်။ နောက်လက်ရာ ရုပ်ပွားတော်နှစ်ဆူသည် ပြေပြစ်မှု၊ အချိုးကျနမှု၊ ခံ့ညားမှုတို့တွင် ပုဂံခေတ်လက်ရာ မူလရုပ်ပွားတော်များကို မမီပါချေ။

အာနန္ဒာရုပ်ပွားတော် လေးဆူ၏ မျက်နှာတော်များနှင့် ကိုယ်တော် အထက်ပိုင်းတစ်ခုလုံးကို အလင်းရောင်ကောင်းစွာရရှိစေရန် မူလတည်ထားစဉ်ကပင် အလင်းပေါက်ဖောက်၍ အမိုးလျှောမှ အလင်းဝင်စေရန် စီမံခဲ့သည်။ ညအချိန် မှောင်မိုက်နေစဉ် ရုပ်ပွားတော်ကြီးများကို လရောင်ဖြင့် ကြည်ညိုနိုင်စေရန် စီစဉ်ခဲ့ခြင်းသည် အလွန်ထူးခြားလှပေသည်။

တောင်ဘက်နှင့် မြောက်ဘက်ရှိ မူလ မတ်ရပ်ရုပ်ပွားတော်ကြီးများ၏ လက်ဟန် (မုဒြာ)သည် လက်နှစ်ဖက်ကို ရင်ဝယ်ကပ်လျက် စက်လှည့်ဟန်ဖြစ်သည့် ဓမ္မစကြာတရားဦးဟောဟန် ဓမ္မစက္ကမုဒြာဖြစ်သည်။ အနောက်ဘက်ရှိ နှောင်းလက်ရာရုပ်ပွားတော်၏ မုဒြာသည် လက်ယာဘက်လက်က အဘယမုဒြာ(ဘေးအန္တရာယ်မရှိပါစေနှင့်ဟု ပြခြင်း)ဖြစ်ပြီး ဝဲဘက်လက်က သင်္ကန်းလက်ကန်တော့ကို ကိုင်ထားဟန်ဖြစ်သည်။ ထို့အတူ အရှေ့ဘက်ရှိ နှောင်းလက်ရာရုပ်ပွားတော်၏ လက်ဟန်သည် လက်တွဲလဲချလျက် သင်္ကန်းတော်ကို ကိုင်ထားသည့်ဟန်ဖြစ်သည်။

ရုပ်ပွားတော်ကြီးများ၏အောက်ခြေ ဘေးနံရံနှစ်ဖက်တွင် အချိုင့်များပြုလုပ်ထားကာ ရဟန္တာရုပ်တုများ ထားရှိခဲ့သည်။ အာနန္ဒာဂူဘုရားကြီး၏ အနောက်ဘက်မျက်နှာရှိ ဂေါတမဘုရားရှင်ရုပ်တုတော် အောက်ခြေနံရံ အချိုင့်တစ်ဖက်စီတွင် လက်ရှိမြင်တွေ့နေရသည့် ရုပ်တုနှစ်ခုကို ကျန်စစ်သားမင်းကြီးရုပ်တုနှင့် ရှင်အရဟံရုပ်တုဟု ယူဆကြသည်။ သို့သော် ကျန်စစ်သားမင်းကြီးဟု ယူဆကြသည့် ရုပ်တုသည် ပုဂံခေတ်လက်ရာ ပန်းချီများနှင့် ကျောက်ဆစ်လက်ရာများတွင်ပါရှိသည့် ပုဂံဘုရင်တို့ဝတ်စားသော ဝတ်ရုံအင်္ကျီ၊ ခေါင်းဆောင်းမကိုဋ်၊ မျက်နှာပုံသွင်တို့နှင့် ကွဲလွဲနေကြောင်း ဆရာဦးဗိုကေက ထောက်ပြခဲ့သည်။

ဤဘဒ္ဒ ကမ္ဘာတွင် ပွင့်တော်မူပြီးခဲ့သော ဗုဒ္ဓဘုရားရှင်လေးဆူကို ရည်မှန်း ထုလုပ်ထားသည့် မတ်ရပ်ရုပ်ပွားတော်ကြီးလေးဆူသည် အနုလက်ရာ များပြားစုံလင်သည့် အာနန္ဒာဂူဘုရားကြီး၏ ထင်ရှားသော ပုဂံခေတ်လက်ရာများအဖြစ် ကြည်ညိုဖွယ် တင့်တယ်စွာ တည်ရှိနေပေသည်။ ။

**ကိုးကား**


**(၁) ပုဂံသုတေသနလမ်းညွှန်(ဦးဗိုကေ)**
**(၂) လက်ရာစုံစွာ အာနန္ဒာ(မင်းဘူးအောင်ကြိုင်)**
**(၃) The Pagodas and Monuments of Bagan (Ministry of Information)**

# ချင်းပြည်နယ်အတွင်း စက်မှုလက်မှုအတတ်ပညာရှင်များ မွေးထုတ်ပေးနေသည့် အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)

**သတင်းဆောင်းပါး - မောင်မောင်ကျော့(ပလက်ဝ)**
**ဓာတ်ပုံ - ငြိမ်းချမ်း**




**ကလေး-ဟားခါး လမ်းပိုင်းမှ ဟားခါးမြို့အဝင်တွင် ဟားခါးကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့ ဖွင့်လှစ်ထားသည်ကို တွေ့ရသည်။ အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)ကို ၂၀၁၀ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ စက်မှုလက်မှုအတတ်ပညာများ သင်ကြားပေးခဲ့ရာမှာ ယခု ၂၀၁၆ ခုနှစ်ကုန်အထိ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်၊ မကွေးတိုင်းဒေသကြီးတို့မှ ကျောင်းသား ကျောင်းသူများအား မြို့ပြ(Civil)၊ လျှပ်စစ်စွမ်းအား (Electrical Power)၊ လျှပ်စစ်နှင့် ဆက်သွယ်ရေး(Electronic)၊ စက်မှုစွမ်းအား (Mechanical Power) ဟု ဘာသာရပ်လေးခုခွဲပြီး သင်ကြားပေးနေ**

အချိန်သည်ကား ည ၈ နာရီ။ ဤနေ့ဤအချိန်တွင် ချင်းတိုင်းရင်းသားတို့ဌာနီ မြို့ ဟားခါးဆီသို့ ရောက်ခဲ့ချေပြီ။ စာရေးသူ ဟားခါးမြို့သို့ လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုစွန်းစွန်းအချိန်လောက်က ရောက်ခဲ့ဖူး၏။ အခုတစ်ဖန် မြေးလေး စက်မှုလက်မှုသိပ္ပံတက်ရောက်ခွင့်ရ၍ လိုက်ပို့ရန် ရန်ကုန်မှသည် မန္တလေးဆီသို့ ည ၉ နာရီ မန္တလာမင်းကားဖြင့် ခရီးနှင်ခဲ့သည်။ နောက်တစ်နေ့နံနက် ၇ နာရီတွင် မန္တလေးမှသည် ဟားခါးဆီသို့ တောင်ဇလပ်ကားလေးဖြင့် မန္တလေး-မုံရွာ-ဂန့်ဂေါ-ဟားခါးလမ်းအတိုင်း ခရီးဆက်ခဲ့ခြင်းဖြစ်သည်။

**လှုပ်လှုပ်ရွရွ သွားလာနေ**

ဟားခါးမြို့သည်ကား ရောင်စုံမီးများ လင်းလက်လျက်။ ဟားခါးမြို့လမ်းမကြီး၏ အလယ်လောက် လက်ဝဲဘက်ဘေးရှိ ရောင်စုံမီးဆိုင်းများ လင်းလက်နေသည့် ထီးထီးမားမား အဆောက်အအုံကြီး၏ ဆွဲဆောင်မှုကြောင့် ဘဝတူ ခရီးသွားဖော်တစ်ဦးအား မေးကြည့်ရာ ချင်းပြည်နယ် လွှတ်တော်အဆောက်အအုံဖြစ်ကြောင်း သိရသည်။ ဟားခါးမြို့သည် ချင်းတောင်တန်းကြီး၏ ကျောကုန်းထက်ဝယ် တည်ငြိမ်အေးချမ်းစွာ အိပ်စက်အနားယူလေပြီ။ ဒီဇင်ဘာဆောင်းညမို့ ဟားခါးမြို့၏ ညချမ်းသည် ဆီးနှင်းမြူတို့ သိုင်းခြုံလျက် အေးမြလှပါဘိ။ အနွေးထည်ကိုယ်စီ စောင်ကိုယ်စီ ခြုံပါသော်လည်း မေးဖျားရိုက် အရိုးကွဲအောင်အေးခိုက်လှသည်။ နံနက်မိုးသောက် အလင်းရောက်သော်ကား ဆီးနှင်းမိုးတို့ ဖြိုးဖြိုးဖြောက်ဖြောက် ရွာသွန်းနေသည်။ နံနက် ၉ နာရီထိုးသည့်တိုင် နှင်းမကွဲသေး။ သို့သော် ဟားခါးမြို့၏ လမ်းများပေါ်တွင် ဆိုင်ကယ်စီးသူစီး၊ လမ်းလျှောက်သူလျှောက်ဖြင့် လှုပ်လှုပ်ရွရွ သွားလာနေကြပြီ။

နံနက် ၁၀ နာရီ ၁၁ နာရီလောက်တွင် ဆီးနှင်းဖွေးဖွေး မြူနှင်းများကြား ဟားခါးမြို့၏အလှကို စတင်တွေ့ရသည်။ ဟားခါးမြို့အဝင် လမ်းမကြီးသည် တောင်ကြောတစ်နေရာက နိမ့်ဆင်းသွားရာမှ အခြားတောင်တန်းကြီးဆီသို့ သွယ်တန်းလျက်ရှိသည်။ တောင်ထိပ်ရှုခင်းမှကြည့်လျှင် ဟားခါးမြို့သည် ကင်းမြီးကောက်အမြီးထောင်နေသကဲ့သို့ အလားသဏ္ဍာန်တူ၏။ ဟားခါးမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၁၂၀ အမြင့်တွင် ရှိသည်။

**တိုးတက်ပြောင်းလဲလာ**

မြို့တွင်းရှိနေအိမ်များမှာ တောင်ပတ်လမ်းများကိုကပ်လျက် တည်ဆောက်ထားကြသည်။ အချို့သော နေအိမ်များသည် တိုက်တာများဖြစ်ကြပြီး အများစုမှာ သွပ်မိုး၊ ပျဉ်ခင်း၊ သွပ်ကာ၊ အိမ်များ ဖြစ်ကြသည်။ နေအိမ်များကို အရစ်လိုက် အရစ်လိုက် တည်ရှိနေသော တောင်ပတ်လမ်းများတွင်ကပ်၍ တည်ဆောက်ထားသဖြင့် အဝေးမှကြည့်လျှင် အိမ်များကို အစီအရီ အထပ်ထပ်တွေ့ရသည်။ အလွန်ကြည့်၍ကောင်း၏။ ဤသို့ဖြင့် ဟားခါးမြို့၏ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများသည် အသွင်သစ်၊ အမြင်သစ်တို့ဖြင့် တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရသည်။

ဟားခါးမြို့သို့ ကလေးမြို့မှ မိုင် ၁၂၀ ကွာဝေးသည်။ ဂန့်ဂေါမြို့မှ ၈၆ မိုင် ကွာဝေး၏။ ဟားခါးနှင့် ထန်တလန်မြို့သည် ၂၁မိုင်ဝေးပြီး မတူပီနှင့် မိုင် ၁၇၀ ကွာဝေးသည်။ မတူပီ-ပလက်ဝ၊ ၁၃၅ မိုင် မြေသားလမ်းဖောက်လုပ်ပြီးစီးပြီး အချို့လမ်းပိုင်းများ အဆင့်မြှင့်တင်နေပြီဖြစ်ရာ လမ်းပိုင်းတစ်ခုလုံး အဆင့်မြှင့်တင်မှုပြီးစီးသွားပါက ဟားခါး-ပလက်ဝ ၃၀၅ မိုင်ကိုလည်း အသုံးပြုသွားလာနိုင်တော့မည်။

ဖေဖော်ဝါရီ ၂၁ ရက်က နိုင်ငံတော်သမ္မတ၏ ဟားခါးမြို့ခရီးစဉ်တွင် ဒေသနေပြည်သူများနှင့် တွေ့ဆုံပွဲ၌ မြို့မိမြို့ဖ ဦးရှုန်မန်းက ဟားခါး-မတူပီ-ပလက်ဝလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ မြို့တွင်းလမ်းများကို နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရေး၊ ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးကို ခုတင် ၅၀၀ ဆံ့အဖြစ် အဆင့်မြှင့်တင်ပေးရေး၊ နည်းပညာတက္ကသိုလ် ဖွင့်လှစ်ပေးရေးတို့အတွက် တင်ပြတောင်းဆိုခဲ့မှုကို နေ့စဉ်ထုတ်သတင်းစာမှ သိရသည်။

**မြို့နယ်အားလုံးသို့ ဆက်သွယ်**

ဟားခါးမြို့ကို ခရိုင်မြို့အဖြစ် သတ်မှတ်ပေးခဲ့ပြီးဖြစ်သည့်အပြင် ပြည်နယ်၏မြို့တော်လည်း ဖြစ်ပေသည်။ ပြည်နယ်၏ဗဟို အချက်အချာကျသည့် မြို့လည်းဖြစ်၏။ ထို့ကြောင့် ဟားခါးမြို့နှင့် ပြည်နယ်တွင်းရှိ မြို့နယ်အားလုံးသို့ ဆက်သွယ်ထားသည့် မော်တော်ကားလမ်းများမှာလည်း ပြည်နယ် ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ထားသဖြင့် အထိုက်အလျောက် ကောင်းမွန်နေပြီဟု ဆိုရပါမည်။

ဟားခါးမြို့နယ်အတွင်း ပညာရေးတိုးတက်မှုအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း လေးကျောင်း၊ အလယ်တန်းကျောင်း ရှစ်ကျောင်း၊ မူလတန်းကျောင်း ၇၇ ကျောင်း ရှိသည်။ ထို့အပြင် အထက်တန်းကျောင်းခွဲတစ်ကျောင်းနှင့် အလယ်တန်းကျောင်းခွဲ သုံးကျောင်းရှိသည်။ ကလေး-ဟားခါး လမ်းပိုင်းမှ ဟားခါးမြို့အဝင်တွင် ဟားခါးကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့ ဖွင့်လှစ်ထားသည်ကို တွေ့ရသည်။

**သင်ကြားပေး**

အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)ကို ၂၀၁၀ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ စက်မှုလက်မှုအတတ်ပညာများ သင်ကြားပေးခဲ့ရာမှာ ယခု ၂၀၁၆ ခုနှစ်ကုန်အထိ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်၊ မကွေးတိုင်းဒေသကြီးတို့မှ ကျောင်းသားကျောင်းသူများအား မြို့ပြ(Civil)၊ လျှပ်စစ်စွမ်းအား(Electrical Power)၊ လျှပ်စစ်နှင့် ဆက်သွယ်ရေး(Electronic)၊ စက်မှုစွမ်းအား(Mechanical Power) ဟု ဘာသာရပ်လေးခုခွဲပြီး သင်ကြားပေးနေခြင်းဖြစ်သည်။

**နည်းပညာများ ပံ့ပိုးပေးနိုင်ရေးရည်ရွယ်**

အဆိုပါ စက်မှုလက်မှုသိပ္ပံကျောင်းကို ချင်းပြည်နယ်တွင်လိုအပ်နေသော ကျွမ်းကျင်သည့် အလယ်အလတ်အဆင့် စက်မှုလက်မှုအတတ်ပညာရှင်များ ထွက်ပေါ်လာစေရေး၊ ဒေသတွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီသော စက်မှုလက်မှုလုပ်ငန်းများကို ဦးဆောင်နိုင်သောပညာရှင်များ၊ နည်းပညာများ ပံ့ပိုးပေးနိုင်ရေးရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများသို့ အခြေခံပညာတက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သိပ္ပံတွဲဖြင့်အောင်မြင်သူများ လျှောက်ထားနိုင်သည်။ အင်္ဂလိပ်စာနှင့် သင်္ချာ ဘာသာရပ်နှစ်ခု၏ ရမှတ်ပေါင်း အနည်းအများအလိုက် တန်းစီစိစစ်ရွေးချယ်ခံရသူများ တက်ရောက်နိုင်ကြပြီး သုံးနှစ်သင်တန်းကို စာတွေ့ ၈၀ ရာခိုင်နှုန်း၊ လက်တွေ့ ၂၀ ရာခိုင်နှုန်းဖြင့် သင်ကြားပေးလျက်ရှိသည်။ သင်တန်းပြီးဆုံးပါက AGTI ဒီပလိုမာလက်မှတ် ချီးမြှင့်ပေးအပ်သည်။ မိမိသင်ယူခဲ့သည့် ဘာသာရပ်များအလိုက် အငယ်တန်းအင်ဂျင်နီယာရာထူးဖြင့် အလုပ်ဝင်ရောက်လုပ်ကိုင်နိုင်ကြောင်း သိရသည်။ သင်တန်းပြီးဆုံးပြီးနောက် နည်းပညာတက္ကသိုလ်သို့ ဆက်လက်တက်ရောက်ရန် အဆင့်မီပါက သုံးနှစ်သင်တန်း ဆက်လက် တက်ရောက်ရမည်ဖြစ်ပြီး အင်ဂျင်နီယာဘွဲ့(BE) ရရှိမည်။

**လက်ခံသင်ကြားပေးလျက်ရှိ**

ဟားခါးမြို့ အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်းတွင် နှစ်စဉ် ဘာသာရပ်တစ်ခုစီအတွက် ကျောင်းသား ကျောင်းသူဦးရေ ၄၀ နှုန်းဖြင့် ပထမနှစ်သင်တန်းတွင် ကျောင်းသား ကျောင်းသူ ၁၆၀ ကို ရွေးချယ်သင်ကြားပေးကြောင်း သိရသည်။ ပညာသင်နှစ်တစ်နှစ်တွင် ပထမနှစ်သင်တန်းမှ တတိယနှစ်သင်တန်းအထိ ကျောင်းသား ကျောင်းသူဦးရေ ၄၈၀ကျော် လက်ခံသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**နိုင်ငံတကာနှင့် ချိတ်ဆက်**

မြန်မာနိုင်ငံတွင် နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်အစိုးရနည်းပညာကောလိပ်များကို ရွှေဘို၊ မြင်းခြံ၊ မိုးညှင်းမြို့များနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများကို ပူတာအို၊ ဟားခါး၊ ကန့်ဘလူ၊ ခန္တီး၊ လက်ပံတန်း၊ မကွေး၊ ဂန့်ဂေါ၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မန္တလေး၊ ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ မော်လမြိုင်၊ သံတွဲ၊ ကျောက်ဖြူ၊ လပွတ္တာ၊ ဝါးခယ်မ၊ ရန်ကုန်(ရွှေပြည်သာ) မြို့များ၌ ဖွင့်လှစ်ထားရာ ကောလိပ်နှင့် သိပ္ပံပေါင်း ၂၂ ခု ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ ထိုအထဲမှ ရွှေဘိုနှင့် မိုးညှင်း အစိုးရနည်းပညာကောလိပ်နှစ်ခုနှင့် ကျောက်ဖြူ အစိုးရစက်မှုလက်မှုသိပ္ပံတို့တွင် အိုင်တီနည်းပညာ (Information Technology)ဘာသာရပ်ကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် အဆိုပါ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများကို နိုင်ငံတကာနှင့် ချိတ်ဆက်ကာ နည်းပညာ ပိုမိုတိုးတက်စေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဤသို့ဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)သည် ချင်းပြည်နယ်အတွင်း လိုအပ်လျက်ရှိသော အလယ်အလတ်အဆင့် စက်မှုလက်မှုအတတ်ပညာရှင်များ နှစ်စဉ်မွေးထုတ်ပေးသည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း တစ်နှစ်ပြီးတစ်နှစ် အသစ်ဝင်လာသည့် ကျောင်းသား ကျောင်းသူများအား ကျောသားရင်သား မခွဲခြားဘဲ မိမိခြေအစုံပေါ်ရပ်တည်ကာ ရှေ့ဆက်ရမည့် လူမှုဘဝတစ်လျှောက် အဆင်ပြေချောမွေ့စေရေးအတွက် စေတနာအပြည့်ဖြင့် သွန်သင်ပဲ့ပြင်ကာ စက်မှုလက်မှုအတတ်ပညာများ သင်ကြားပေးလျက်ရှိနေသည်ကို ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ။



# အခမဲ့ကုသပေးမည့် ဆန္ဒတော်ပြည့်အာယုပါလကျောက်ကပ်ဆေးခန်း မကြာမီဖွင့်လှစ်သွားမည်

**မိတ္ထီလာ ဧပြီ ၁၅**

မြင်းခြံမြို့၌ အခမဲ့ကုသပေးမည့် ဆန္ဒတော်ပြည့် အာယုပါလ ကျောက်ကပ်ဆေးခန်းကို မကြာမီဖွင့်လှစ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆေးခန်း အဆောက်အအုံသစ်ဆောက်လုပ်ပြီးစီးသွားပြီ ဖြစ်သလိုခေတ်မီကျောက်ကပ်ဆေး စက်ကိရိယာခြောက်ခု တပ်ဆင်ပြီးစီးသွားပါပြီ။ ကျောက်ကပ်ဆေးစက်ကို ကိုင်တွယ်အသုံးပြုကုသပေးနိုင်ဖို့အတွက် ရန်ကုန်မှာရှိတဲ့ ဇီဝိတသံဃာ့ဆေးရုံ (ဗဟန်း) မှာ လူငယ်သုံးဦး စေလွှတ်ထားပါတယ်။ အဲဒီမှာ ကျောက်ကပ်ဆေးကုသတဲ့လုပ်ငန်းကို သုံးလကြာမြင့်အောင် နိုင်ငံခြားဆရာဝန်ကြီးတွေကိုယ်တိုင် လက်တွေ့သင်ကြားပို့ချပေးနေတာဖြစ်လို့ အဲဒီသင်တန်းသွားတက်တဲ့ လူငယ်သုံးဦး ပြန်ရောက်တဲ့အချိန်ကျရင် ဆန္ဒတော်ပြည့် အာယုပါလ ကျောက်ကပ်ဆေးခန်းကို စတင်ဖွင့်လှစ်ပြီး အခမဲ့ကုသပေးသွားမှာ ဖြစ်ပါတယ်"ဟု မင်းကျောင်းတိုက် ဆန္ဒတော်ပြည့် အာယုပါလကုသိုလ်ဖြစ် အခမဲ့ဆေးခန်း တာဝန်ခံဆရာတော် ဘဒ္ဒန္တလာဘက မိန့်ကြားသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးအား အမှူးထား၍ မင်းကွန်းရွှေစင်တိပိဋကဓရဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရကြီးမှူး၍ အလှူရှင်များ စုပေါင်းကောင်းမှုဖြင့် လှူဒါန်းခဲ့သည့် ခုနစ်နှစ်ခန့်က ဆောက်လုပ်လှူဒါန်းဖွင့်လှစ်ထားသည့် မြင်းခြံမြို့ မင်းကျောင်းတိုက် အာယုပါလဆန္ဒတော်ပြည့်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်း၌ မြင်းခြံ၊ တောင်သာ၊ နွားထိုး၊ ငါန်းဇွန်၊ မလှိုင်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ ရမည်းသင်း၊ မြစ်သား စသည့်ဒေသမှ လူနာများကို လူမျိုးဘာသာ မရွေးအခမဲ့ ဆေးကုသပေးခြင်း ဆောင်ရွက်လျက်ရှိသည့်အပြင် ဆေးကုသစရိတ်မြင့်မားသည့် ကျောက်ကပ်ဆေးခြင်း (ကျောက်ကပ်ကုသခြင်း) အတွက် ငွေကြေးမတတ်နိုင်သည့် လူနာများအတွက် အခမဲ့ ကုသပေးနိုင်ရေးအတွက် အဓိကရည်ရွယ်ကာ ကျောက်ကပ်ဆေးခန်းကို ထပ်မံတိုးချဲ့ဖွင့်လှစ်ကုသပေးရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆန္ဒတော်ပြည့် အာယုပါလ ကျောက်ကပ်ဆေးခန်း၌ ကျောက်ကပ်ဆေးစက်ခြောက်လုံးရှိပြီး ကျောက်ကပ်ဆေးခြင်းအတွက် လူနာခြောက်ဦးကို တစ်ချိန်တည်း တစ်ပြိုင်တည်းကုသပေးနိုင်မည်ဖြစ်သည်။

အဆိုပါ ကျောက်ကပ်ဆေးခန်းတွင်လာရောက် ဆေးဝါးကုသမှုခံယူမည့် အနယ်နယ် အရပ်ရပ်မှ လူနာများအား ဒေါက်တာလှအောင် (ကျောက်ကပ်အထူးကုဆရာ ဝန်ကြီး-ငြိမ်း) ဦးဆောင်ကြီးကြပ်မှုဖြင့် ကျွမ်းကျင်သင်တန်းတက်ရောက်ထားသူများမှ အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**




## တနိုင်းမြို့၌ လေဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**တနိုင်း ဧပြီ ၁၅**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ ဧပြီ ၉ ရက် ညနေ ၆ နာရီ ၂၀မိနစ်က လေပြင်းတိုက်ခတ်မှုကြောင့် တနိုင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု သုံးအုပ်စုတွင် လူနေအိမ်နှင့် အခြားအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရာ တိန်ကောက်ကျေးရွာအုပ်စုတွင် လူနေအိမ်ငါးလုံးနှင့် အခြားအဆောက်အအုံနှစ်လုံး၊ မိုင်းခွန်ကျေးရွာအုပ်စုတွင် လူနေအိမ် ၁၂လုံး၊မကောကျေးရွာအုပ်စုတွင် လူနေ အိမ် ၁၈ လုံးနှင့် အခြားအဆောက်အအုံ နှစ်လုံး စုစုပေါင်း ၃၉လုံး ပျက်စီးသွားခဲ့သည်။

အဆိုပါ လေဘေးသင့်ကျေးရွာများသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနောင်နဂျာတန့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနှင့် ဌာနဆိုင်ရာများက ဧပြီ ၁၁ ရက်က တစ်အိမ်ထောင်လျှင်ငွေကျပ် ၅၀၀၀၀ နှုန်း ဖြင့် ၃၉ အိမ်ထောင်အား ကျေးရွာအရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

**ချိန်ခါမရွေး သတိပေး မီဘေး ကင်းဝေးမှာ**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ခရမ်းလွန်ရောင်ခြည်သည် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း မြင့်မားစွာကျရောက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအချိန်အတွင်း သွားလာလှုပ်ရှားသူများ၊ သကြ်န်ရေကစားသူများ၊ ကလေးငယ်များနှင့် သက်ကြီးတိုးဘွားများသည် အောက်ပါအချက်များကို သတိပြုလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) အလွန်ပူပြင်းသောနေရောင်အောက်တွင် အလုပ်လုပ်ကိုင်ခြင်း၊ သွားလာလှုပ်ရှားခြင်းနှင့် ခရီးသွားလာခြင်း စသည်တို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

(၂) မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

(၃) အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ (သို့မဟုတ်) SPF 15+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုတင်လိမ်းပါ။ နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

(၄) ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ % အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

(၅) ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၆) ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများ ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် -

- အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးငယ်များကို အရိပ်ထဲတွင်သာ ကစားစေပါ။
- ကလေးငယ်များအနေဖြင့် အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ (သို့မဟုတ်) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုးများပေါ်သို့ လိမ်းပေးပါ။ ချည်သားထူထူပွပွ အဝတ်အထည်များ ဝတ်ဆင်ပေးပါ။ နေကာမျက်မှန် တပ်ဆင်ပေးပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများ ဘေးမဲ့ပေးရန် နှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော ဧပြီ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥများနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များ၌ ဥချရန်ပြင်ဆင်လျက်ရှိပါသည်။ ထို ပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ဖွားလာနိုင်မည်ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော (သို့မဟုတ်) ဥများနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများကို ဖမ်းဆီးခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/ ၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ရေချိုပုစွန်တုပ်များသည် ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသား စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ဥကပ်နေသောရေချို ပုစွန်တုပ်ကြီးများအား ဧပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## တားမြစ်ဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေး

**နေပြည်တော် ဧပြီ ၁၅**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် ဂန္ဓမာဈေး၌ ဧပြီလ ပထမပတ်က ဈေးအတွင်းရှိ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များကို အမှတ် (၈)နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လင်းဦး ပါဝင်သောရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖ ဦးမောင်မောင်နှင့် တာဝန်ရှိသူများက သင်္ကြန်အကြိုကာလ ဒုစရိုက်မှုများမဖြစ်ပွားစေရန် လိင်စိတ်ကြွဆေးများ၊ ထိန်းချုပ်ဆေးဝါးများ၊ တားဆီးဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ်**
**(ရုပ်ဗေဒ)**

## အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားတတ်ပါသည်။ ပြည်သူလူထုအနေဖြင့် အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများ တွေ့ရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

**အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat exhaustion) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။**

- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

**ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း(Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။**

- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

**အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-**

(၁) အရိပ်ရ၍ အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။

(၂) ရေနှင့် ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။

(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံတို့ကို ရေအေးပတ်ရွှဲရွှဲ တိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူချိန် အမြန်ကျစေပါသည်။)

**နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ပေးပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဝမ်းစာ

ဆောင်းပါးနှင့် ဓာတ်ပုံ-သော်တာ(နမ့်စန်)

နေရောင်ခြည်သည် ရန်ကုန်မြို့လယ်ရှိ ဆူးလေစေတီတော်ပေါ်သို့ ဖြာကျလျက်ရှိရာ စေတီတော်မှာ နံနက်ခင်း နေရောင်ခြည်အောက်တွင် ရွှေရောင်ဝင်းလက် တောက်ပနေသည်။ စနေနေ့ ရုံးပိတ်ရက်ဖြစ်၍ ဗန္ဓုလပန်းခြံအတွင်း လာရောက်အပန်းဖြေကြသည့် ပြည်သူများ၊ ဗီဒီယိုရိုက်ကူးသူများ၊ နိုင်ငံခြားသား ခရီးသွားများနှင့် စည်ကားလျက်ရှိသည်။ ရန်ကုန်မြို့၏ သမိုင်းဝင်အဆောက်အအုံတစ်ခုဖြစ်သည့် မြို့တော်ခန်းမမှာ အဖြူရောင်နှင့် ငွေရောင် တောက်ပလျက် ခံ့ညားထည်ဝါလျက်ရှိသည်။ မြို့တော်ခန်းမကြီး၏ဘေးတွင် ဆူးလေဘုရားလမ်းနှင့် ရှေ့တွင် မဟာဗန္ဓုလလမ်းတို့ ရှိကာ လမ်းပေါ်တွင် ယာဉ်များသွားလာလျက် အချို့မှာ အစီအရီ ရပ်နားထားသည်။

**ပန်းခြံအလှပေါ်လွင်**

ဗန္ဓုလပန်းခြံ၊ ဆူးလေစေတီ၊ မြို့တော်ခန်းမနှင့် မောန္ဓေလဘုရားကျောင်း စသည့် ထင်ရှားသည့် အဆောက်အအုံများအလယ်တွင် ဖြတ်သန်းထားသော ဆူးလေဘုရားလမ်းပေါ်၌ ယာဉ်များ ဥဒဟို သွားလာလျက်ရှိကာ ပန်းခြံဘက်ခြမ်းရှိ ကားမှတ်တိုင်တွင် ရုံးပိတ်ရက်ဖြစ်သော်လည်း ခရီးသွားပြည်သူများ စည်ကားလျက်ရှိသည်။ ပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ကြီးမှာ အပြာရောင်မိုးကောင်းကင်သို့ တိုးထွက်လျက်ရှိပြီး ပန်းခြံအတွင်းရှိ သစ်ပင်ပန်းမန်များနှင့် ရေပန်းများကလည်း မဟာဗန္ဓုလပန်းခြံ၏အလှကို ပေါ်လွင်စေလျက်ရှိသည်။

**နေအပူကို ကာကွယ်**

ပန်းခြံ၏အရှေ့ဘက် ဗန္ဓုလပန်းခြံလမ်းဝင်ပေါက်တွင် (၈×၆)ပေ ရွက်ဖျင်မိုး ဈေးဆိုင် ၂၀၀ ခန့် ခင်းကျင်းကာ ဈေးရောင်းချလျက် ဝမ်းတစ်ထွာအတွက် ဝမ်းစာရှာလျက်ရှိသည်။ အဆိုပါလမ်းပေါ်ရှိ ဈေးဆိုင်များ အစီအရီရှိနေကြသည့် အထဲတွင် မြို့ထဲ နေထိုင်သူထက် တစ်နယ်တစ်ကျေးမှလာ၍ ဈေးရောင်းချသူများက ပိုများသည်။ နံနက် ၁၀ နာရီခန့် နေရောင်ခြည်သည် အပူရှိန်ပြင်းထန်လာချိန်တွင် မြို့ထဲသို့လာရောက်သော ပြည်သူများမှာ ပန်းခြံအတွင်း အရိပ်အာဝါသကောင်းသော နေရာများနှင့် ဈေးဆိုင်တန်းမှ ရောင်းစုံထီးအမိုးများအောက်၌ ခေတ္တအနားယူလျက် နေအပူကို ကာကွယ်လျက်ရှိသည်။

အဆိုပါ ဗန္ဓုလပန်းခြံလမ်းထဲရှိ ဈေးဆိုင်များကို နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ဖွင့်လှစ်ပြီး အအေး၊ အသုပ်စုံ၊ တုတ်ထိုး၊ သစ်သီးဖျော်ရည်၊ ထမင်းနှင့်ဟင်း၊ စမူဆာသုပ်၊ ခေါက်ဆွဲ၊ မုန့်ဟင်းခါးစသည့် စားသောက်ဖွယ်မျိုးစုံကို ရောင်းချကြသည်။ နိုင်ငံခြားသား ခရီးသွားအချို့မှာ ပန်းခြံ၊ မြို့တော်ခန်းမ၊ ဆူးလေ စေတီတော်၊ မောန္ဓေလဘုရားကျောင်းနှင့် ရှေးဟောင်း အဆောက်အအုံများကို လိုက်လံလေ့လာလျက်ရှိသည်။ အချို့မှာ မြန်မာမှုအဝတ်အစားများကို ဝတ်ဆင်ထားရာ အသားရောင်နှင့်ရုပ်သွင်မတူ၍ နိုင်ငံခြားသားဟု သိရသော်လည်း မြန်မာအဝတ်အထည်များကို စွဲစွဲမက်မက် ဝတ်ဆင်ထားသည်မှာ လေးစားဂုဏ်ယူစရာပင်ဖြစ်သည်။

ဆူးလေစေတီနှင့် ရှေးဟောင်းအဆောက်အအုံများ၏ ဓာတ်ပုံများကို နိုင်ငံခြားသားများအား လိုက်လံရောင်းချနေသည့် မိန်းကလေးငယ်တစ်ဦးကို တွေ့ရသည်။ ဈေးတန်းမှ စားသောက်ဆိုင်လေးများ အစီအရီဖွင့်လှစ်ထားရာ နေရာတွင်လည်း ရုံးပိတ်ရက် မြို့တွင်းသို့ လာရောက်လည်ပတ်သူများ နှစ်သက်ရာ စားသောက်လျက်ရှိသည်။

**မြို့ခံ များသာ စားသောက်**

ပန်းခြံအရှေ့ဘက် ဈေးတန်းနှင့်ကပ်လျက် စည်းရိုးနှင့် မြောက်ဘက်စည်းရိုးထောင့်တွင် သန့်ရှင်းရေးဆောင်ရွက်နေသော စည်ပင်ဝန်ထမ်းများ လုပ်ငန်းခွင်ဝင်လျက်ရှိသည်။ ပန်းခြံအတွင်း လာရောက်အပန်းဖြေသူများ စွန့်ပစ်ထားခဲ့သော အမှိုက်များကို လိုက်လံသိမ်းဆည်းနေသည့် စည်ပင်ဝန်ထမ်း အမျိုးသမီးတစ်ဦးက ဈေးဆိုင်မှအမျိုးသမီးတစ်ဦးအား ပန်းခြံဝင်းစည်းရိုးတွင် လှမ်းထားသော လုံချည်နှင့် ပုဆိုးတို့ကို ရုပ်သိမ်းရန် လှမ်းပြောနေသည်ကို တွေ့ရသည်။ ဆိုင်ရှင်အမျိုးသမီး၏ ကျေနပ်မှုမရှိသောစကားသံကို ဂရုမပြုနိုင်ဘဲ တာဝန်ကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ဈေးဆိုင်တန်းတွင် စားသောက်သူများမှာ နိုင်ငံခြားသားများ မပါဝင်ဘဲ မြို့ခံများသာ စားသောက်ကြသည်ကို တွေ့ရသည်။

မြို့တော်၏ အထင်ကရအဆောက်အအုံများရှိရာ မြို့လယ်နေရာဖြစ်သော မြို့တော်ခန်းမ၊ ပန်းခြံ၊ ဆူးလေစေတီ၊ မောန္ဓေလဘုရားကျောင်းတို့အနီးနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရှေ့ နေရာများတွင် ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းကြောင့် ရန်ကုန်မြို့လယ်၏ အလှတရားကို ထိခိုက်နိုင်ဖွယ်ရှိသည်။ သို့သော်လည်း ဝမ်းရေးအတွက် လမ်းဘေးတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်၍ ဈေးရောင်းချနေရသူများမှာလည်း ရောင်းနေကြရမြဲဖြစ်သည်။

တိုင်းဒေသကြီး အစိုးရအနေဖြင့် ရန်ကုန်မြို့တွင်း လမ်းမကြီးများနှင့် လမ်းသွယ်များပေါ်တွင် ရောင်းချနေသော ဈေးသည်များကြောင့် အများပြည်သူနှင့် ယာဉ်များ သွားလာရေးခက်ခဲမှုမရှိစေရန်အတွက် လမ်းမတော်၊ လသာနှင့် ပန်းဘဲတန်းမြို့နယ်များအတွင်းရှိ မြို့တွင်းလမ်းပေါ်ဈေးသည်များကို တစ်နေရာတည်းတွင် ဖွင့်လှစ်ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကမ်းနားလမ်း၌ သေသပ်စွာဖြင့် ရောင်းချနေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

**ပုံစံမျိုးစုံ တွေ့ရမည်**

ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုများသော ရန်ကုန်မြို့လယ် ဆူးလေစေတီတော်အနီး နေရာများ၊ မဟာဗန္ဓုလပန်းခြံလမ်းထဲနှင့် အခြားလမ်းများတွင် ရောင်းချလျက်ရှိသော လမ်းပေါ်ဈေးသည်များကိုလည်း မဟာဗန္ဓုလပန်းခြံလမ်းအတွင်း တစ်နေရာတည်းတွင် စုစည်း၍ဖွင့်လှစ်ရန် ခွင့်ပြုပေးထားခဲ့ခြင်းဖြစ်သည်။ အဆိုပါဈေးဆိုင်များကို နယ်မှ မိသားစုလိုက် လာရောက်၍ ဖွင့်လှစ်လုပ်ကိုင်ရောင်းချသူများအနေဖြင့် ရန်ကုန်မြို့ထဲတွင် အိမ်ငှားနေထိုင်ကာ ဈေးရောင်းသူများ ရှိသကဲ့သို့ လှိုင်မြစ်တစ်ဖက်ကမ်းတွင် အိမ်ငှားနေထိုင်ပြီး လာရောက်ရောင်းချသူများလည်းရှိကာ ရန်ကုန်မြို့တွင်းမှ ဒေသခံအချို့အပါအဝင် ဈေးဆိုင်ပေါင်း ၂၀၀ ခန့် နေ့စဉ် ဖွင့်လှစ်ရောင်းချ၍ မိသားစုဝမ်းရေးအတွက် ရှာဖွေစားသောက်လျက်ရှိသည်။ နယ်အစုံမှ လူစုံဖြစ်၍ အယူအဆ ဓလေ့မှာလည်း ပုံစံမျိုးစုံသည်ကို တွေ့ရမည်ဖြစ်သည်။

**ထီးမိုးဆိုင်ခန်းပေါင်း ၂၀၀ နီးပါးရှိ**

ဗန္ဓုလပန်းခြံ အရှေ့ဘက်ဝင်ပေါက်အနီးတွင် အအေးနှင့် ကြံရည်ရောင်းချပြီး မိသားစုငါးဦး၏ ဝမ်းရေးအတွက် ရုန်းကန်နေသူဆိုင်ရှင်တစ်ဦးက “မနက်ပိုင်းတော့ သတ်မှတ်ပေးမထားဘူး။ ဈေးရောင်းခွင့်ကို ညနေ ၃ နာရီကနေ ည ၁၁ နာရီအထိ ပေးထားတယ်။ ဒါပေမယ့်နံနက်ကနေ ည ၁၁ နာရီအထိ ဖွင့်လှစ်နေတာပါပဲ။ နားလည်မှုနဲ့ လုပ်ကြတာပေါ့။ နေတော့ ၃၃ လမ်းထဲမှာ တစ်လနှစ်သိန်းခွဲနဲ့ မိသားစုငါးယောက်နေတယ်။ စပေါ်မရှိဘူး။ တစ်နှစ်စာ တစ်ခါတည်းပေးပြီး နေရတာ။ သွားရေးလာရေးတော့ အဆင်ပြေတယ်။ ဒီဈေးရောင်းတဲ့ နေရာမှာတော့ စည်ပင်သာယာကို တစ်နေ့ ကျပ် ၆၀၀ ပေးရတယ်။ ဓာတ်တိုင်ကလွှတ်ပေးတဲ့ လျှပ်စစ်မီးဖိုးက ကျပ် ၇၀၀ ပေးရတယ်။ အအေးရောင်းတာ တစ်နေ့ကို နှစ်သောင်းကျန်တယ်။ အိမ်လခကို တစ်နေ့ငါးထောင် ပုံမှန်ဖယ်ထားတယ်။ အရင်က သာကေတ(၆)ရပ်ကွက်မှာ ငှားနေတာ။ ဝေးတော့ ဈေးရောင်းရတာ အဆင်မပြေဘူး။ အခု နီးသွားတော့ အရင်လို ကားစီးရတဲ့အခက်အခဲ မရှိတော့ဘူး။ တစ်ပတ်မှာ စနေ၊ တနင်္ဂနွေက ရောင်းအားအကောင်းဆုံးပဲ။ အခုနောက်ပိုင်း စနေနေ့ လူပါးတယ်။ အချို့အရင်းပြန်မရတာလည်းရှိတယ်။ တနင်္ဂနွေနေ့ကတော့ လူလည်းစည်တယ်။ ပြီးတော့ ဘုရားကျောင်းလာတဲ့ လူလည်းများတော့ ဈေးရောင်းရတယ်။ ဒီနေရာမှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာမှာစပြီး ဈေးရောင်းခွင့်ရခဲ့တာ။ ဒီမှာ သန့်ရှင်းရေး အားနည်းတယ်။ ညပိုင်း ခြင်တအားများတော့ အအေးသောက်သူနဲ့ စားသုံးတဲ့သူတွေ မကြိုက်ကြဘူး။ ဈေးသည်တွေလည်း ခြင်ကိုက်ခံရတာပဲ။ ခြင်ပေါတာကြာပြီ။ ဒါကြောင့် ညပိုင်းဆို လူလာချင်ပေမယ့် ခြင်ကိုက်တော့ ကြာကြာမထိုင်ကြဘူး။ အမှိုက်သန့်ရှင်းရေးနဲ့ ခြင်ဆေးဖျန်းပေးနိုင်ရင် အဆင်ပြေမှာပါ။ ဒီမှာထီးမိုးဆိုင်ခန်းပေါင်း ၂၀၀ နီးပါးရှိတယ်”ဟု ပြောပြသည်။

ထိုနေရာသည် နိုင်ငံခြားသားများ အများဆုံး လာရောက်ကာ ကြည့်ရှုလေ့လာကြသော နေရာဖြစ်သလို မြို့လယ်နေရာလည်းဖြစ်၊ လူအများ စားသောက်သောနေရာလည်း ဖြစ်သောကြောင့် စားသောက်ဖွယ်ရာများရောင်းချသော ဆိုင်ရှင်များအနေဖြင့်လည်း သန့်ရှင်းသပ်ရပ်သော ဆိုင်များဖြင့် ဖွင့်လှစ်ရောင်းချလိုသည့် ဆန္ဒရှိကြကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနကလည်း ဈေးသည်များအား ကျန်းမာရေးနှင့် ချက်ပြုတ်နည်းသင်တန်းကို စနေ၊ တနင်္ဂနွေရက်များတွင် သင်ကြားပေးလျက်ရှိကြောင်း အဆိုပါဆိုင်ရှင်က ဖြည့်စွက်ပြောကြားသည်။

**အနံ့အသက်များ လွင့်ပျံ့မှုမရှိ**

အဆိုပါနေရာ၌ (၈×၆)ပေအကျယ် ရောင်စုံထီးများအောက်တွင် စားသောက်ဖွယ်ရာများ ရောင်းချကြရာတွင်



ပန်းခြံအရှေ့ဘက် နံရံနှင့်ကပ်လျက် လူသွားလမ်းရှိ ဆိုင်ခန်းများမှာ လူသွားလမ်းပေါ်တွင်လည်း စားပွဲနှင့်ထိုင်ခုံများ ချခင်းနိုင်သောကြောင့် အခြားနေရာရသည့်ဆိုင်များထက် ပို၍ အဆင်ပြေသည်ကို တွေ့ရသည်။ ဈေးဆိုင်များတွင် မိသားစုအကုန် ဈေးရောင်းကြပြီး ကလေးငယ်ရှိပါက တွန်းလှည်းထဲတွင် ကလေးကိုထည့်ကာ ဈေးရောင်းနေသောဆိုင်များကိုလည်း တွေ့ရသည်။ ပန်းခြံဘေးမှ ဈေးဆိုင်တန်းများမှာ တရားဝင် ညနေ ၃ နာရီဖြစ်သော်လည်း နံနက် ၇ နာရီမှ ည ၁၁ နာရီအထိ ဖွင့်လှစ်ရောင်းချသည့်အတွက် အမှိုက်သိမ်းဆည်းမှုတွင်လည်းကောင်း၊ စွန့်ပစ်ရေများ ရှင်းလင်းရေးတွင်လည်းကောင်း လိုအပ်ချက်များ ရှိနေမည်ဖြစ်ပြီး ရေဆိုးမြောင်းအတွင်းသို့ စွန့်ပစ်လိုက်သော စွန့်ပစ်ရေနှင့် အမှိုက်များကို ပုံမှန်ရှင်းလင်းဆောင်ရွက်နိုင်ပါက စားသောက်သောနေရာသို့ အနံ့အသက်များ လွင့်ပျံ့မှုမရှိဘဲ ခြင်ယင်ခိုအောင်းနိုင်မှုလည်း လျော့နည်းသွားမည်ဖြစ်သည်။

**အမှိုက်ပုံးလို**

“မနက် ၈ နာရီဆိုရင်လူစည်ပါပြီ။ ည ၁၀ နာရီ ၁၁ နာရီအထိ ဈေးရောင်းကြတယ်။ တနင်္ဂနွေနေ့က ရောင်း အကောင်းဆုံးပဲ။ ဒလမှာနေတာပါ။ ညပိုင်း သမ္ဗန်စင်းလုံးငှားပြီး မိသားစုတွေပြန်တယ်။ ဆိုင်ကပစ္စည်းတွေကိုတော့ ဒီနားမှာ တစ်နေ့ ကျပ် ၁၅၀၀ ပေးပြီး သိမ်းခဲ့တယ်။ ဈေးဆိုင်က တစ်ဖက်ကို ထီးအမိုးတဲ ၁၀၀ ရှိတယ်။ မျက်နှာချင်းဆိုင်တွေဖွင့်တယ်ဆိုတော့ ဆိုင် ၂၀၀ ရှိတယ်။ အခုနောက်ပိုင်း အရင်းပြုတ်လို့ မထွက်တာတွေလည်းရှိတယ်။ ဒလမှာမိသားစု သုံးဦးအိမ်ခန်းငှားနေတာ တစ်လခြောက်သောင်းပေးရတယ်။ အဆောင်၊ အိမ်၊ အခန်းငှားကာ နယ်ကလာပြီး ဈေးရောင်းတဲ့သူများတယ်။ အရင်က မြန်မာကုန်သွယ်မှုဘဏ်ရှေ့မှာရောင်းတာ လူလာနည်းလို့ အရောင်းပါးတာနဲ့ ဒီဘက်ကိုရွှေ့လာတာ။ ဒီနေရာမှာ ဈေးရောင်းတာ သုံးလရှိပြီ။ ဈေးဆိုင်ထားခွင့်ပေးရင် ကိုယ့်ပစ္စည်းလည်း ထားလို့ရမယ်။ သန့်သန့်ရှင်းရှင်းနဲ့လည်း ရောင်းလို့ရရင် ပိုကောင်းတာပေါ့။ အခုရောင်းတဲ့(၈×၆)ပေက ဈေးဆိုင်ကပစ္စည်းချတာနဲ့တင် ပြည့်သွားပြီ။ စားသုံးသူထိုင်ဖို့နေရာမရှိဘူး။ စည်ပင်ကကာထားတဲ့ ကပ်တုံးကိုကျော်ပြီး ထိုင်ခုံချလို့မရဘူး။ နေရာထိုင်ခင်း အခက်အခဲရှိပေမယ့် ဝမ်းရေးအတွက် ဈေးရောင်းရတာပါ။ ဈေးသည်တွေကို ရေပေးတယ်၊ မီးပေးတယ်။ တစ်ရက်ကို ရေနဲ့အမှိုက်ခွန်ဖိုး ကျပ် ၆၀၀ ပေးရတယ်။ ဈေးဆိုင်တွေက နေရာကျဉ်းပြီး ကပ်နေတော့ တစ်ဦးနဲ့တစ်ဦး အမုန်းပွား စကားများရတယ်။ စားသုံးသူက မသိတော့ တခြားဆိုင်ကခုံကိုထိုင်ရင် ဆိုင်ရှင်တွေ စကားများရပြီ။ ဆိုင်တွေကတော့ သန့်သန့်ပျံ့ပျံ့ဖြစ်အောင် ရောင်းကြပါတယ်။ အမှိုက်ပုံးက ဈေးဆိုင် ၂၀၀ လောက်ကို ငါးပုံးပဲရှိတယ်။ မလောက်ဘူး။ တစ်ခါတစ်ရံ ပြည့်လျှံပြီး ပုံနေတယ်။ အမှိုက်ပုံးလိုတယ်။ ရေကတော့ အဆင်ပြေတယ်”ဟု ဒလမြို့မှ မိသားစုလိုက်လာရောက်၍ အသုတ်စုံရောင်းချနေသော ကိုနိုင်ဝင်းထွန်းက ပြောသည်။

မြို့တော်ခန်းမတွင်တည်ဆောက်ထားသည့် မဏ္ဍပ်ကြောင့် ထိုနေရာတွင် သင်္ကြန်ကာလ၌ ပိုမုန်အချိန်ထက် များစွာပိုစည်ကားလေ့ရှိရာ ဈေးသည်များအနေဖြင့် သင်္ကြန်တွင် ဈေးရောင်းကောင်းရန် မျှော်လင့်ကြသည်။ “သင်္ကြန်မှာ ဒီနေရာကနေ မောန္ဓေလအရှေ့ဘက်ကို ရောင်းခွင့်ရရင်တော့ အကုန်ထွက်ရောင်းကြမှာပဲ။ ဈေးသည်တွေက သင်္ကြန်မှာရောင်းအားကောင်းမယ်လို့ အားခဲထားကြတာ။ တစ်ဆိုင်ကို ၁၀ ပေအကျယ်ဆိုရင် အဆင်ပြေနိုင်ပါတယ်။ ဝမ်းရေးအတွက် အခက်အခဲကြားက ရုန်းကန်ရတာပါပဲ”ဟု ကိုနိုင်ဝင်းထွန်းက ဆက်ပြောသည်။

**ပိတ်ရက်များ မျှော်နေ**

ထိုနေရာတစ်ဝိုက်တွင် ရုံးဖွင့်ရက်များ၌လည်း လူစည်ကားသော်လည်း ရုံးဝင်းများအတွင်းဖွင့်လှစ်ထားသော ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်များ ရှိသည့်အတွက် ဈေးဆိုင်တန်းသို့ လာရောက်စားသောက်သူ နည်းပါးရာ ဈေးသည်များမှာ ရောင်းအားကောင်းသော စနေ၊ တနင်္ဂနွေ ပိတ်ရက်များကို မျှော်နေတတ်သည်။

**လွယ်ကူမြန်ဆန်**

ရုံးပိတ်ရက်တွင် မြို့ထဲလာရောက်လည်ပတ်ပြီး ပန်းခြံဘေးရှိ ဆိုင်တစ်ဆိုင်တွင် စားသောက်နေသူ လူငယ်တစ်ဦးက ဤနေရာတွင် ယခုလို အသင့်စားသောက်နိုင်သော ဈေးဆိုင်များရှိသည့်အတွက် အရိပ်အမိုးအောက်တွင် မိမိကြိုက်နှစ်သက်ရာအစားအစာကို ရွေးချယ်စားသောက်နိုင်၍ အဆင်ပြေကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသပ်ရပ်မှုရှိရန်သာ လိုအပ်ကြောင်း၊ အခြေခံလူတန်းစားတို့အတွက် ဤစားသောက်ဆိုင်လေးများက စားသောက်ရေးဝန်ဆောင်မှုကို လွယ်ကူမြန်ဆန်စေကြောင်း ပြောသည်။

ထိုဈေးသည်များကြောင့် အဆင်ပြေသူများ ရှိသော်လည်း လမ်းပိတ်၍ မကျေနပ်သူများရှိကြောင်းလည်း သိရသည်။ ထိုနေရာတွင် ဆိတ်သားတုတ်ထိုးရောင်းချနေသော ဈေးသည်အမျိုးသမီးတစ်ဦးက “ဒီမှာ လေးပေနေရာကို ၃၀၀ ကျပ်၊ ရှစ်ပေ နေရာကို ၆၀၀ ကျပ်နဲ့ နေ့တိုင်းအခွန်ဆောင်ရတယ်။ နေရာကျဉ်းတော့ ဈေးရောင်းဖို့ပဲရှိတယ်၊ ထိုင်ဖို့နေရာမရှိဘူး။ စားသုံးသူက မတ်တတ်ရပ်ပြီးစားမှာမဟုတ်ဘူး။ ဒါကြောင့် အဆင်ပြေသလို လူသွားလမ်းပေါ်မှာလည်း ခုံခင်းရတယ်။ လမ်းပိတ်တယ်၊ သန့်ရှင်းမှုမရှိဘူးလို့ ပြောတဲ့သူတွေလည်းရှိတယ်။ စားဝတ်နေရေးအတွက် ဘဝရပ်တည်ရတာ တဖြည်းဖြည်း ပိုခက်ခဲလာသလိုပဲ။ ရှစ်ထောင်၊ တစ်သောင်းမြတ်ဖို့ နေထွက်နေဝင် ဈေးရောင်းကြရတာ။ ဝမ်းရေးအတွက် ရုန်းကန်ကြရတာပါ”ဟု ပြောပြသည်။

မြို့တော်ခန်းမနှင့် မျက်နှာချင်းဆိုင် ပန်းခြံဘက်ခြမ်း ကားမှတ်တိုင်နေရာတွင် နေအပူကိုကာကွယ်ပေးသည့် အရိပ်မိုးအောက်၌ ခရီးသွားလာသူအချို့ ကားစောင့်ဆိုင်းရင်း ခေတ္တနားခိုလျက်ရှိသည်။ ရောင်စုံထီးအမိုးများဖြင့် ဈေးရောင်းနေသော ဈေးတန်းတွင်ကား ဈေးသည်တို့မှာ ဝမ်းစာရှာဖွေရန် ဈေးရောင်းကြရင်း အလုပ်များလျက်ရှိသည်။ ထီးအမိုးများအောက်တွင် ဈေးရောင်းချရင်း ဝမ်းစာရှာဖွေနေကြသူများ၏ ရင်တွင်းမှအပူမှာလည်း ရန်ကုန်မြို့၏ နွေအပူထက် လျော့မည်မဟုတ်ဟု ထင်မိသည်။ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလလမ်းမကြီးပေါ်မှ နေအပူနှင့်အတူ ဝမ်းရေးအတွက် ရုန်းကန်လှုပ်ရှားနေကြသည့် ဈေးသည်များ၏ ရင်တွင်းအပူတို့သည် အားပြိုင်လျက်။ ။



## ဒေသခံများနှင့် ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံဆွေးနွေး

**ရသေ့တောင် ဧပြီ ၁၅**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ရသေ့တောင်မြို့မှ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများအား ရသေ့တောင်မြို့မေယုခန်းမ၌ ဧပြီ ၁၀ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အစိုးရက ဆောင်ရွက်လျက်ရှိသော ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသလုံခြုံရေး လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင် ရွက်ရာတွင် တာဝန်ရှိသူများနှင့်အတူ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ပါဝင်ပေးကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး စသည့် လုပ်ငန်းများအကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်းကို ပြည်နယ်ဝန်ကြီးများက ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြသည်။ ဆက်လက်၍ ရသေ့တောင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့မိ/ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက မြို့နယ်အတွက် လိုအပ်ချက်များနှင့် မိမိတို့ဒေသအလိုက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများကို ဒေသခံပြည်သူများထံ ပေးအပ်ပြီး ပြည်နယ်လူမှုရေးဝန်ကြီးကလည်း မတ် ၁၂ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ကြိမ်တန်းကျေးရွာအုပ်စုရှိ အိမ်ထောင်စု သုံးစုအတွက် ငွေကျပ်ငါးသောင်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဧပြီ ၁၅**

ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပြီးစီးမှု အခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ ဧပြီ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မယ်စဲ့မြို့ရှောင်လမ်းဖောက်လုပ်ရန် လျာထားသည့် မြေနေရာကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နေသည့် မယ်စဲ့မြို့နယ် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ အထက(မယ်စဲ့) ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုကိုလည်းကောင်း၊ မယ်စဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သည့် Box Culvert တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း၊ မယ်စဲ့မြို့ ရေပေးဝေရေးလုပ်ငန်းအတွက် ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်နှင့် ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန် တည်ဆောက်နေမှုများကိုလည်းကောင်း၊ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) တည်ဆောက်မည့် လျာထားမြေနေရာကိုလည်းကောင်း၊ လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုကိုလည်းကောင်း၊ ကြက်ခြေနီရုံး တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

## ဘားအံဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဘားအံ ဧပြီ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဘားအံပြည်သူ့ဆေးရုံကြီး၌ သင်္ကြန်ကာလအတွင်း သန့်ရှင်းရေးဆောင်ရွက်မှုအဖြစ်လည်းကောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက်လည်းကောင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဧပြီ ၁၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်း၏ လမ်းညွှန်မှုဖြင့် ဘားအံခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းဆွေ၊ ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဘားအံမြို့မရဲစခန်းမှူးတို့က ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၁၀၀ နှင့်အတူ ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း ဦးဆောင်သည့် ရုံးဝန်ထမ်း ၁၅ ဦး၊ ဘားအံမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထင်လင်းစိုး ဦးဆောင် သည့် မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ဘားအံဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့် ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်း ၁၅ ဦး၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင် စုစုပေါင်း ၁၅၀ ကျော်ဖြင့် ဆေးရုံဝင်းအတွင်း အပြင်ရှိ ချုံနွယ်ပိတ် ပေါင်းများ ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**



## ရပ်ကွက်၊ ကျေးရွာ သန့်ရှင်းသာယာလှပရေး အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်း

**မြန်အောင် ဧပြီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့တွင် မြို့ ရပ်ကွက်နှင့် ကျေးရွာ သန့်ရှင်းသာယာလှပရေး အထောက်အကူပြုအဖွဲ့များ ရွေးချယ်ဖွဲ့စည်း တာဝန်ပေးအပ်ပွဲကို ဧပြီ ၁၀ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေက ရပ်ကွက်/ကျေးရွာများအနေဖြင့် မိမိတို့ရပ်ရွာဒေသ သန့်ရှင်းသာယာလှပရေးအတွက် အထောက်အကူပြုအဖွဲ့များကို ရွေးချယ်ဖွဲ့စည်းကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်း၍ ရပ်ရွာလူထုပါဝင်လာအောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဦးက မြို့ ရပ်ကွက်၊ ကျေးရွာ သန့်ရှင်းသာယာလှပရေး အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးသိန်းဝင်းက မြို့ ရပ်ကွက်၊ ကျေးရွာ သန့်ရှင်းသာယာလှပရေး အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းပေးသည်။ ဆက်လက်၍ ဖွဲ့စည်းလိုက်သော မြို့ ရပ်ကွက်၊ ကျေးရွာ သန့်ရှင်းသာယာလှပရေး အထောက် အကူပြုအဖွဲ့များအနေဖြင့် မိမိတို့ မြို့ရပ်ကွက်နှင့် ကျေးရွာများအတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ကူညီဆောင်ရွက်ခြင်း၊ ပြည်သူများ စနစ်တကျ အမှိုက်စွန့်ပစ် နိုင်ရေးအတွက် ကူညီဆောင်ရွက်ခြင်း၊ ချောင်းမြောင်းများအတွင်းသို့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကို ရှေးဦးစွာ ပညာပေး တားမြစ်ခြင်းနှင့် လိုက်နာမှု မရှိပါက စည်ပင်သာယာရေးကော်မတီသို့ ဆက်လက်တင်ပြကာ လိုအပ်သလို ဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အခွန်အကောက်များ အပြည့်အဝကောက်ခံ ရရှိရေးအတွက် စည်ပင်ဝန်ထမ်းများအား ကူညီဆောင်ရွက်ခြင်း၊ ခွင့်ပြုချက်မဲ့ အဆောက်အအုံ တည်ဆောက်နေမှုများကို ဖော်ထုတ်တင်ပြခြင်း စသည့် တာဝန်များကို ဆောင်ရွက်မည်ဖြစ်ကာ စည်ပင်သာယာရေးကော်မတီက အခါအားလျော်စွာ ညှိနှိုင်းပေးအပ်သော လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**



## ရေရှားပါးနေသည့် ကဒက်ငယ်ဆိပ်ကျေးရွာသို့ ရေလှူဒါန်း

**ထားဝယ် ဧပြီ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးနေသည့် ကဒငယ်ဆိပ်ကျေးရွာသို့ သောက်သုံးရေများကို လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဧပြီ ၁၀ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသည့် ကဒက်ငယ်ဆိပ်ကျေးရွာရှိ အိမ်ထောင်စု ၁၃၄ စု၊ လူဦးရေ ၅၅၅ ဦးအတွက် သောက်သုံးရေ ဂါလန် ၂၀၀၀ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်စိုး၊ လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဝင်းနိုင်နှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးမှူး ဦးဇင်ဦးချိုနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထို ရေဂါလန် ၂၀၀၀ လှူဒါန်းပေးခြင်းကြောင့် ကျေးရွာအတွက် လတ်တလောရေအခက်အခဲဖြစ်နေမှုကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြောင်း ကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။

**(ခရိုင် ပြန်/ဆက်)**

## ရှေးဦး ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ ပူတာအို၌ကျင်းပ

**ပူတာအို ဧပြီ ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် လူမှုဝန်ထမ်းဦးစီးဌာန မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း ရပ်ရွာအခြေပြု မူကြိုကျောင်းကော်မတီများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ရှေးဦး ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို ဧပြီ ၁၀ ရက်က ပူတာအိုမြို့ရှိ ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးအောင်စိုးက ပူတာအိုမြို့တွင် ရှေးဦး ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲကို စုံစုံညီညီတက်ရောက်ပြီး စိတ်ဝင်တစား ပူးပေါင်းပါဝင်ကြသဖြင့် ဝမ်းသာကြောင်း၊ ပူတာအိုမြို့နယ်တွင် မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက စီမံချက်တစ်ရပ်အနေဖြင့် ရပ်ရွာအခြေပြု မူကြိုကျောင်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားသည်ကို တွေ့ရှိရပြီး ဆက်လက်၍လည်း စီမံချက်အောင်မြင်ရေးအတွက် စေတနာမေတ္တာရှေ့ထားကာ အားလုံးဝိုင်းဝန်း ပူပေါင်း ဆောင်ရွက်စေလိုကြောင်း အမှာစကားပြောကြားကာ လူမှုဝန်ထမ်းဦးစီးဌာန၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ချက်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ ကျေးရွာ ၂၀ မှ တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး သိရှိလိုသည့် မေးမြန်းချက်များကို ပြည်နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ လက်ထောက်စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ထုဘူကမေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရပ်ရွာအခြေပြုကွန်ရက်အဖွဲ့များကိုချိတ်ဆက်ပေးပြီး ရပ်ရွာအခြေပြုအဖွဲ့များအနေဖြင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒဆိုင်ရာများကို သိရှိလာကာ တရားဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်လာစေရန် ချိတ်ဆက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ရှေးဦး ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ခရိုင်အဆင့် ဆွေးနွေးပွဲကိုလည်း ပူတာအိုမြို့ ကချင်နှစ်ခြင်းဘုရားကျောင်းဝင်း၌ ကျင်းပခဲ့ပြီး ပူတာအိုမြို့နယ်အဆင့် ဆွေးနွေးပွဲကိုလည်း ဧပြီ ၁၁ ရက်တွင် ပူတာအိုမြို့ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် အောင်လံမြို့မဈေးကြီးအတွင်း ကွင်းဆင်းစစ်ဆေး

**အောင်လံ ဧပြီ ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများအဖွဲ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းတွင် ဧပြီ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်နွယ်နွယ်အောင်၊ မြို့နယ် ကျန်းမာရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးထွန်းထွန်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးမျိုးဝင်း၊ ကန်ကြီးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဈေးအတွင်းရှိ ကြက်ဥနှင့် ကြက်သား ရောင်းချသောဆိုင်ရှင်များအား မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ၊ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ရှောင်ရန်ဆောင်ရန်အချက်များကို အသိပညာပေးဟောပြောပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ဦးစီးမှူးကလည်း ဈေးအတွင်းရှိ အသားဆိုင်များအနေဖြင့် လေလံစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး၊ သတ်မှတ်နှုန်းထားများအတိုင်း ရောင်းချရေးနှင့် ကျန်းမာရေးနှင့်ကိုက်ညီသော အသားများကိုသာ ရောင်းချရေးအတွက် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

## မြို့နယ်အတွင်း မူခင်း အသိပညာပေး

**နေပြည်တော် ဧပြီ ၁၅**

ပြည်သူလူထုအတွင်း မူခင်းအသိပညာတိုးပွားစေရန် ရည်ရွယ်ချက်ဖြင့် နေပြည်တော်နယ်မြေအတွင်းရှိ မြို့နယ်များ၌ မူခင်းအသိပညာပေးယာဉ်ကြီးဖြင့် လှည့်လည်ပြသလျက်ရှိရာ ဧပြီ ၁၀ ရက်နံနက်က ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဌေးအောင် ဦးစီးသော ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဌေးလွင်၊ မူးယစ်တပ်ဖွဲ့စု(၁၀၁)မှ ဒုရဲအုပ် အောင်ဖြိုးဝေနှင့် တပ်ဖွဲ့ဝင်များသည် ရွာတော်(မင်္ဂလာဈေး)၌ အသိပညာပေးပြသခဲ့ကြောင်း သိရသည်။ **ကိုကို(ရှုပ)**

# M.K.T Construction Co.,Ltd

Y.C.D.C-LC 270 : Y.C.D.C-LC 531 : Y.C.D.C-LC 1224 : M.C.D.C-LC 085

မြန်မာ့နှစ်သစ်ကူးအခါသမယတွင်
မြန်မာပြည်သူပြည်သားများအားလုံး
ကျန်းမာချမ်းသာပျော်ရွှင်ပြီး
ကံကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့်
ပြည့်စုံပါစေကြောင်း
နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်



ရုံးချုပ်-အမှတ်(၁၁၁)၊ (၄၂)လမ်း၊ မဟာဗန္ဓုလလမ်း နှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၁-၃၈၂၄၃၂၊ ၀၁-၃၉၈၁၉၁၊ ၀၁-၂၄၅၇၈၆ 📱 ၀၉- ၇၃၀၇၂၂၅၀၊ ၀၉-၅၁၇၈၄၇၈

Website: www.mktconstruction.com Email: marketing@mktconstruction.com.

Facebook: www.facebook.com/mktconstruction.mm

---

## Octa-Biz

Octa-Biz International Co.,Ltd

# မြန်မာ့နှစ်သစ်ကူး ဗလာမပါ ခဲခြစ်အစီအစဉ်

**Skyworth** My Wonderful Life

(၂၁.၃.၂၀၁၇ မှ ၃၀.၄.၂၀၁၇ အထိ)


Octa-Biz ကုမ္ပဏီမှ တရားဝင် တင်သွင်းဖြန့်ချိထားသော Skyworth TV, Aircon, ရေခဲသေတ္တာ ဝယ်ယူရုံဖြင့်

## ၅,၀၀၀ မှ ၅၀,၀၀၀ ကျပ်အထိ ခဲခြစ် ကံထူးနိုင်မည့် အခွင့်အရေးကြီးအပြင်

Skyworth တံဆိပ်ပါ ထီး၊ ကျောပိုးအိတ်၊ T-Shirt များကိုလည်း ထပ်မံ၍ မေတ္တာလက်ဆောင်ပေးအပ်သွားပါမည်။



Model No : SRD-138DT



DELFIN series

Model No : E200A
SMART PLUS



YANGON : No.378, Corner of 21st Street & Strand Road, Latha Township.
Ph: 01-373 565, 09-9699 202 54, 09-9699 202 55

MANDALAY : No.2, Block (628), 78th Street, Bet 31st & 32nd Street, Chan Aye Tharzan Township.
Ph: 09-9699 202 44, 09-9699 202 45

---

## Mingalar Cinemas

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ<br>၀၁-၂၄၆၉၆၂<br>၀၁-၂၄၆၉၆၃ | သွင်<br>၀၁-၃၇၂၅၉၄<br>၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁)<br>သိမ်ကြီးဈေး<br>၀၁-၂၄၃၀၅၇<br>၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ<br>၀၉၂၆၀၈၈၇၀၃၅<br>၀၉၂၆၀၈၈၇၀၃၆<br>၀၁ ၂၃၀၃၁၆၅ |
| Top Royal<br>(စိန်ဂေဟာ-ပါရမီ)<br>၀၉၄၂၀၁၈၆၂၉၁<br>၀၉၄၂၀၁၈၆၂၉၂ | မင်္ဂလာ ဂမုန်းပွင့်<br>လှည်းတန်း - ဆံရိပ်ငြိမ်<br>၀၉ ၇၇၉၀၅၄၆၇၁<br>၀၉ ၇၇၉၀၅၄၆၇၂<br>၀၉ ၇၇၉၀၅၄၆၇၃ | မင်္ဂလာထွန်းသီရိ<br>(မြည်)<br>၀၉၇၉၁၁၈၃၇၅၁<br>၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာ<br>ICON Mall - ပဲခူး<br>၀၉၄၅၆၆၀၀၀၁၅<br>၀၉၄၅၆၆၀၀၀၁၆ |

| | | | | |
|---|---|---|---|---|
| မန္တလေး<br>ဝင်းလိုက်<br>၀၂-၃၉၁၂၈<br>၀၂-၆၀၂၉၁ | မန္တလေး<br>မြို့မ<br>၀၂-၃၉၁၃၆<br>၀၂-၃၉၁၃၇ | မင်္ဂလာ<br>မန်းနေပြည်တော်<br>၀၉၉၆၀၉၁၁၂၁၁<br>၀၉၉၆၀၉၁၁၃၁၁ | မင်္ဂလာစံပြ<br>(မကွေး)<br>၀၉ ၇၆၈၅၂၅၇၄၁<br>၀၉ ၇၆၈၅၂၅၇၄၂<br>၀၉ ၇၆၈၅၂၅၇၄၃ | NEW 3D Cinema<br>တောင်ငူ<br>၀၉၈၆၆၆၄၅၅<br>၀၉၇၇၅၃၅၈၉၉၁-၂ |




---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၃ယ/၃၂၇၃ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Know The Truth Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဓ/၂၆၂၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများကို ဌာနအရောက်တန်ဖိုး (D.D.P) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | | အရေအတွက် |
|---|---|---|---|
| (က) | Ultra Map Workstation | | 1 Lot |
| | - Dell T 7610with Accessories | (1 Set) | |
| | - 10 GB speed Network card | (7 Nos.) | |
| | - 10 GB speed switch | (1 No.) | |
| | - Cat 6-A 10 GB Compatible Network Cable | (30 Meters) | |
| (ခ) | Total Station(Survey Grade) (Complete Accessories and Software) | | 3Sets |
| (ဂ) | Digital Level(Survey Grade) (Standard Accessories) | | 6 Sets |
| (ဃ) | Desktop Computer(Processor-i5 or i7) | | 7 Sets |
| (င) | UPS(Capacity, 1.25KVA) | | 7 Nos |
| (စ) | Laptop Computer(Processor-i5 or i7) | | 12Nos |
| (ဆ) | Copier(B&W)(A3)(Canon Brand,Model:iR 2520) | | 2 Nos |
| (ဇ) | Furniture | | |
| | (1) Office Cupboard(Steel)(3'x6'x1.5') Brand: Lecco | | 9 Nos. |
| | (2) Ordinary Table(5'x3'x2.5')& Armless Chair(1.5'x1.5'x1.5') | | 20 Sets |
| | (3) Officer Table(5'x3'x3.5')& Armed Chair(1.5'x2'x1.5') | | 5 Sets |

၂။ အိတ်ဖွင့်တင်ဒါများအား ၃-၅-၂၀၁၇ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး ၁၄း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၄၃၃၊ ၀၆၇-၄၁၃၅၈၈**

## မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မော်လမြိုင်မြို့
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ လမ်းဦးစီးဌာနလက်အောက်ရှိ မော်လမြိုင်ခရိုင်၊ သထုံခရိုင် လမ်းဦးစီးဌာနများတွင်၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သောကတ္တရာ၊ လမ်းခင်းကျောက်မျိုးစုံ၊ ဘိလပ်မြေသံချောင်း၊ မြစ်သဲ၊ ကျောက်စရစ်၊ တောသစ်၊ စက်ယာဉ်ယန္တရားနှင့် စက်သုံးဆီစသည့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာ ရယူနိုင်သည့်ရက်** - ၁၈-၄-၂၀၁၇ရက် (အင်္ဂါနေ့)

(ခ) **တင်ဒါလျှောက်လွှာ ရယူနိုင်သည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ သထုံခရိုင်၊ သထုံမြို့။

(ဂ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၁၁-၅-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီ

(ဃ) **တင်ဒါဖွင့်မည့်ရက်/** အချိန် - ၁၁-၅-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

(င) **တင်ဒါဖွင့်မည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၅၇-၂၄၇၅၉ (မော်လမြိုင်ခရိုင်)**
**ဖုန်း-၀၅၇-၄၀၀၄၆ (သထုံခရိုင်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ်၊ကျေးရွာမီးလင်းရေးနှင့်ဓာတ်အားစနစ် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများနှင့် လုပ်ငန်းများအား တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-

(က) ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ၊ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း များအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

(ခ) **တင်ဒါစတင်ရောင်းချ/ တင်သွင်းမည့်ရက်** - ၁၀-၄-၂၀၁၇ ရက် - (တနင်္လာနေ့)

(ဂ) **တင်ဒါပိတ်မည့်ရက်** - ၁၁-၅-၂၀၁၇ ရက် - (ကြာသပတေးနေ့)

(ဃ) **တင်ဒါလျှောက်လွှာ ဝယ်ယူမည့်နေရာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ရှမ်း(တောင်)၊တောင်ကြီးမြို့ အစည်းအဝေးခန်းမ

(င) **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ရှမ်း(တောင်)၊တောင်ကြီးမြို့အစည်းအဝေးခန်းမ

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကိုထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများသည် ကုမ္ပဏီတံဆိပ်နှင့်ကုမ္ပဏီမှ အထူးအာဏာပေးလွှဲအပ်ထားသူ အနိမ့်ဆုံး Director အဆင့်ရှိသူပါရှိမှသာ တင်ဒါလျှောက်လွှာ ဝယ်ယူခွင့်ပြုမည်။

၄။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ဖုန်း (၀၈၁-၂၁၂၂၂၄၆၊ ၂၀၅၈၄၈)တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(မြောက် ပိုင်း)အတွင်းရှိ မြို့နယ်၊ ကျေးရွာ မီးလင်းရေးနှင့်ဓာတ်အားစနစ် ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများနှင့် လုပ်ငန်းများအား တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-

(က) ကွန်ကရစ်တိုင်၊ SAC Insulated Cable, Insulated CableAAC, LVABC Cable,ASCR ကြိုး ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(ခ) ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ဗို့လိုင်း၊ ၁၁/၀.၄ကေဗွီဓာတ်အားခွဲရုံတည် ဆောက်ခြင်းလုပ်ငန်းတို့အား မြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံ ဆောင်ရွက်လို ပါသည်။

(ဂ) **တင်ဒါစတင်ရောင်းချ/ တင်သွင်းမည့်ရက်** - ၁၀-၄-၂၀၁၇ ရက် - (တနင်္လာနေ့)

(ဃ) **တင်ဒါပိတ်မည့်ရက်** - ၁၁-၅-၂၀၁၇ ရက် (ကြာသပတေးနေ့)

(င) **တင်ဒါလျှောက်လွှာ ဝယ်ယူမည့်နေရာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ရှမ်း(မြောက်)၊ လားရှိုးမြို့ အစည်းအဝေးခန်းမ

(စ) **အိတ်ဖွင့်တင်ဒါ တင်သွင်းမည့်နေရာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ရှမ်း(မြောက်)၊လားရှိုးမြို့ အစည်းအဝေးခန်းမ

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကိုထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများသည် ကုမ္ပဏီတံဆိပ်နှင့် ကုမ္ပဏီမှအထူး အာဏာပေးလွှဲအပ်ထားသူ အနိမ့်ဆုံး Director အဆင့်ရှိသူပါရှိမှသာ တင်ဒါ လျှောက်လွှာ ဝယ်ယူခွင့်ပြုမည်။

၄။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဖုန်း-၀၉-၅၂၆၂၇၃၀(ပြည်/ယာ)၊ ၀၉-၅၁၂၈၇၃၂ (ဒု-ပြည်/ယာ)၊ ၀၉-၅၆၆၁၄၉၉ (အင်ဂျင်နီယာမှူး)၊ ၀၉-၄၄၄၀၃၁၃၁၇(ဘဏ္ဍာ)၀၈၂-၂၃၆၉၅(ရုံး)၊ ၀၉-၄၂၀၇၀၇၁၃ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

**ဖခင် အမည်မှန်**

မိုင်းရှူးမြို့၊ ရပ်ကွက်(၁) အထက၊ ပဥ္စမတန်း(က) မမမို့မို့၏ ဖခင်အမည်မှန်မှာ လျှောင်ဖဝမ်း (LYAUNG FA WAN) ၁၃/မရန(ပြု)၀၀၀၃၀၅ ဖြစ်ပါကြောင်း။

## တင်ဒါဖွင့်ဖောက်ကြေညာမည့်ရက် ပြောင်းလဲကြောင်းကြေညာခြင်း

ချင်းပြည်နယ်လွှတ်တော်၊ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ ၁၁-၄-၂၀၁၇ ရက်နေ့နှင့် ၁၂-၄-၂၀၁၇ရက်နေ့ ကြေးမုံသတင်းစာပါ ကြေညာချက်အရ ၁၈-၄-၂၀၁၇ရက်နေ့တွင် တင်ဒါဖွင့်ဖောက်ကြေညာသွားမည့် အစီအစဉ်အစား ၂၁-၄-၂၀၁၇ရက်နေ့သို့ ရက်ရွှေ့ပြောင်းဖွင့်လှစ်မည်ဖြစ်ကြောင်း သက်ဆိုင်ရာတင်ဒါတင်သွင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးသုတေသနဦးစီးဌာန
## ပြင်ဆင်ဖြည့်စွက်ကြော်ငြာခြင်း

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ၂၆-၃-၂၀၁၇ရက်နှင့် ၁၁-၄-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာများတွင် လစာနှုန်း(၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀) ဓာတ်ပုံကျွမ်းကျင်(၃)၊ ရုပ်သံကျွမ်းကျင်(၃) ရာထူးနေရာများကို ရွေးချယ်ခန့်ထားရာ၌ ၄င်းနေရာများကို ကျောထောက် နောက်ခံပြု၍ အလုပ်သင်လစာနှုန်း (၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀)စကေးဖြင့် ဦးစွာခန့်ထားမည်ဖြစ်ကြောင်း ပြင်ဆင်ဖြည့်စွက် ကြော်ငြာပါသည်။

**ဖခင်အမည်မှန်**

လှိုင်ကော်မြို့ အထက(၁)စတုတ္ထတန်း(ခ)မှ မောင်လုကာ(ခ) မောင်ဂျိုးဝါးနီ၏ဖခင် အမည်မှန်မှာ ဦးကိုမားရီကလန်း ၂/လကန(နိုင်)၀၅၆၇၅၅ ဖြစ်ပါကြောင်း။ **ဦးကိုမားရီကလန်း**

## (၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
### ကျောင်းဒါယကာကြီး ဦးမြင့်မောင်
### (အင်ဂျင်နီယာမှူးကြီး)
### (၁၆-၄-၂၀၁၆ မှ ၁၆-၄-၂၀၁၇)
### အသက်(၈၄)နှစ်

အနန္တကျေးဇူးရှင် ချစ်လှစွာသောခင်ပွန်း မိသားစုနှင့် ခွဲခွာသည်မှ (၁)နှစ်ပြည့် ပြီဖြစ်သော်လည်း အမြဲတမ်းလွမ်းဆွတ်သတိရနေဆဲပါ၊ ချစ်ခင်ပွန်းအတွက် ရည်စူး၍ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ပြုလုပ်ပေးခဲ့သော ကုသိုလ်ကောင်းမှုများအတွက် မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေရန် မိသားစုမှ အစဉ်အမြဲ ဆုတောင်းပေးနေပါတယ်။

**ချစ်ဇနီး**
**ဒေါ်ခင်ခင်တင့် မိသားစု**
**ပြင်ဦးလွင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၃၂၆၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(မုံရွာ)**

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9D/ 2785,Nissan AD VAY 12 ,S/W(4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လုလုထွန်း ၁၃/ပလန(နိုင်)၀၄၅၆၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ငွေကြို
## အသက်(၈၀)

Super Five International Co.,Ltd(MB-Biscuit) ၏ ငွေစာရင်းဌာနမှ ဒေါ်စန်းစန်းရီ၏ မိခင်ကြီး ဒေါ်ငွေကြိုသည် ၁၀-၄-၂၀၁၇ရက် ညနေ ၆း၄၀ နာရီတွင် မော်လမြိုင်မြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်မြင့်**
**အုပ်ချုပ်မှုဒါရိုက်တာ**
**Super Five International Co.,Ltd (MB-Biscuit)**

**ပျောက်ဆုံးကြောင်း**

ဦးဝိုင်းအောင်၏သား ဘုတလင်မြို့နယ်၊ ရွာသစ်ကျေးရွာနေမောင်ခင်မောင်အေး ၅/ဘတလ(နိုင်)၀၆၄၂၇၆၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။ ဖုန်း-၀၉-၄၀၀၄၅၅၉၂၁

**ပျောက်ဆုံးကြောင်း**

ဦးစောမောင် ၏သားဘုတလင်မြို့နယ်၊ ရွာသစ်ကျေးရွာနေမောင်မိုးမင်းဦး ၅/ဘတလ(နိုင်)၀၇၂၄၃၇၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၉-၂၅၈၄၂၁၆၉၃**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မအောမီကာဒေဗီ ၁/မကန(နိုင်)၁၂၀၃၁၁ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၀၇၆၂၈၃၁**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ငွေကြို
## အသက်(၈၀)

Super Five International Co.,Ltd (MB-Biscuit)၏ ငွေစာရင်းဌာနမှ ဒေါ်စန်းစန်းရီ၏ မိခင်ကြီး ဒေါ်ငွေကြိုသည် ၁၀-၄-၂၀၁၇ရက် ညနေ ၆း၄၀ နာရီတွင် မော်လမြိုင်မြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ငွေစာရင်းဌာန**
**Super Five International Co.,Ltd**
**(MB-Biscuit)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ငွေကြို
## အသက်(၈၀)

Super Five International Co.,Ltd(MB-Biscuit)၏ ငွေစာရင်းဌာနမှ ဒေါ်စန်းစန်းရီ၏ မိခင်ကြီး ဒေါ်ငွေကြိုသည် ၁၀-၄-၂၀၁၇ရက် ညနေ ၆း၄၀ နာရီတွင် မော်လမြိုင်မြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစု**
**Super Five International Co.,Ltd**
**(MB-Biscuit)**

**ဥတုရာသီ တောကိုမှီ**

**အမည်မှန်**

သိန်းနီမြို့နယ်၊ နားဆော့အုပ်စု၊ ကောင်းဆာကျေးရွာနေ မရှဲလေနှင့် မအဲစိန်တို့၏ဖခင်အမည်မှန်မှာ ဦးလာဇလု ၁၃/သနန(နိုင်)၀၀၉၂၅၇ ဖြစ်ပါသည်။

**အမည်မှန်**

မင်းပြားမြို့နယ်၊ တရဂူရွာသစ်ကျေးရွာနေ ဦးလှဘော်၏သမီး မဝေလှ ၁၁/မပန(နိုင်)၀၇၃၅၃၅၏ အမည်မှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ မဝေဝေလှိုင် ဖြစ်ပါကြောင်း။ **မဝေဝေလှိုင်**

**ကန့်ကွက်နိုင်ပါကြောင်း**

လှိုင်ကော်မြို့၊ ထေးသမရပ်ကွက်၊ အကွက်(၁၄၄/ထေးသမ)၊ ဦးပိုင်(၃/က)၊ ဧရိယာ (သုည ဒသမ ၄၇၄)ဧကရှိ မြေသည် ဒေါ်သွေးမြာ ပိုင်ဆိုင်ပါသည်။ ဒေါ်သွေးမြာမှ ကျွန်မ ဒေါ်ဟားမြာအား ပေးကမ်းခဲ့ပါသည်။ မြေငှားဂရန်ရရှိရေး လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်ပါသည်။

**ဒေါ်ဟားမြာ ၂/လကန(နိုင်)၀၄၃၀၅၂**
**ထ/၂၉၉၊ ထေးသမရပ်ကွက်၊ လှိုင်ကော်မြို့၊**
**ဖုန်း-၀၉-၄၂၈၀၀၆၇၃၁**

# မန္တလေးလမ်းလျှောက်သင်္ကြန်တွင် နိုင်ငံခြားသားများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**မင်းထက်အောင်**
**တင်မောင်(မန်းကိုယ်ပွား)**

**မန္တလေး ဧပြီ ၁၅**

မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် မြန်မာတို့၏ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကြီးကို ဒေသခံပြည်သူများသာမက နိုင်ငံတကာမှ လာရောက် လည်ပတ်ကြသည့် ဧည့်သည် နိုင်ငံခြားသားများလည်း မြူးထူးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

သင်္ကြန်ပွဲတော် အကြတ်နေ့တွင် ကျုံးပတ်လည် ဖျော်ဖြေရေးမဏ္ဍပ်များ ရေကစားမဏ္ဍပ်များနှင့် မြို့နယ်ရပ်ကွက်များ၌ပါ အထူးစည်ကားလျက်ရှိသည့်အပြင် မန္တလေးမြို့၏ သင်္ကြန်ပွဲတော်တွင် အထင်ရှားဆုံးဖြစ်သည့် လမ်းလျှောက်သင်္ကြန် ကျင်းပရာ ကျုံးတောင်ဘက်တစ်လျှောက်တွင် နိုင်ငံတကာမှ လာရောက်ကြသည့် နိုင်ငံခြားသားများကလည်း အပျော်များကူးစက်ကာ ဝင်ရောက်ဆင်နွှဲကြသဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

*စာမျက်နှာ ၅ ကော်လံ ၁ ❍*





# မုန်တိုင်းငယ် လိမ္မော်ရောင်အဆင့်သတ်မှတ်

**နေပြည်တော် ဧပြီ ၁၅**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၂၄၀ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၃၈၀ ခန့်၊ သံတွဲမြို့၏ အနောက် တောင်ဘက် ၄၃၅ မိုင်ခန့်နှင့် ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၄၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ အဆိုပါ မုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ အားကောင်းသော မုန်တိုင်းငယ် (Deep Depression) အဖြစ်သို့

*စာမျက်နှာ ၅ ကော်လံ ၅ ●*



# ရန်ကုန်မြို့မဟာသင်္ကြန်အကြတ်နေ့ ရေလောင်းရေပက်သူများ စည်ကားများပြား

**သတင်း-ရဲခေါင်၊ ဇော်ကြီး**

**ရန်ကုန် ဧပြီ ၁၅**

ယနေ့သင်္ကြန်အကြတ်နေ့တွင် ရန်ကုန်မြို့တော်(ဗဟို) မဏ္ဍပ်၌ ခေတ်သုံးခေတ်ကို ထင်ဟပ်စေသော အက၊ အလှများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူလေးများ၏ ရိုးရာယဉ်ကျေးမှုအက၊ အလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ရာ ရေကစားသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ထို့အတူ နာမည်ကြီးတေးသံရှင်များဖြစ်သည့် မီမီဝင်းဖေ၊ ချိုပြုံး၊ ဟေမာနေဝင်း စသည့် နာမည်ကျော်တေးသံရှင်များကလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

"ဒီနှစ်ကတော့ မြို့တော်မဏ္ဍပ်က အစည်ဆုံးပေါ့၊ ညဘက်မှာလည်း ဖျော်ဖြေရေးတွေရှိတယ်လို့ ပြောတယ်၊ ဒီနေရာကတော့ ရန်ကုန်မြို့မှာ အကြီးဆုံးမဏ္ဍပ်ကြီးပေါ့၊ အရင်နှစ်တွေတုန်းကတော့ တခြားနေရာတွေမှာ မဏ္ဍပ်ကြီးတွေရှိတယ်၊ ဒီနှစ်မှာတော့ နည်းသွားတယ်၊ ဒါ့ကြောင့် ဒီနေရာကို အားလုံးလာပြီးစုနေတာပါ" ဟု ရန်ကုန်မြို့တော်(ဗဟို)မဏ္ဍပ်သို့ လာရောက်လည်ပတ်သူ မရမ်းကုန်းမြို့နယ်မှ ကိုညီညီက ပြောသည်။

ရန်ကုန်မြို့တွင် သင်္ကြန်ရေကစားသူများဖြင့် အစည်ကားဆုံးဖြစ်နေသည့် ရန်ကုန်ဗဟိုမဏ္ဍပ်တွင် ရိုးရာအကအလှတို့ဖြင့်

*စာမျက်နှာ ၅ ကော်လံ ၁ ✻*

## မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ သံရုံးမိသားစုများ ရန်ကုန်မြို့တော် မဟာသင်္ကြန် ဗဟို ရေကစားမဏ္ဍပ်သို့ လာရောက် ဆင်နွှဲ

*စာမျက်နှာ ➢ ၄*

## ဆန်းဒေးကာတွန်း

စာ-၁၆-၁၇




## အထူးကျေးဇူးတင်ရှိခြင်း

7.4.2017 (သောကြာနေ့) တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သော Victoria University College ၏ VUC Water Festival 2017 ကျောင်းတွင်းသင်္ကြန်ပွဲတော်တွင် ကျောင်းသား/သူ များ ပျော်ရွှင်စွာဆင်နွှဲနိုင်ရန် မေတ္တာဖြင့်သီဆိုဖျော်ဖြေပေးခဲ့သော နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် Yair Yint Aung, Bunny Phyo, Hlwan Paing, Bobby Soxer, Ar T နှင့် အဖွဲ့, Lil Z, Hip 2, Project K နှင့် Akha Yar တို့အားလည်းကောင်း၊ ပါဝင်ကူညီတီးခတ်ပေးပါသော Double U, DJ BG, DJ Wai Phyo, Triangle Electric တို့အား လည်းကောင်း၊ စတိတ်စင် LED အား မေတ္တာဖြင့်ကူညီပံ့ပိုးပေးပါသော ကျောင်းသူ မအေးယုယုသွယ် (Harmony LED)၊ ဖွင့်ပွဲအခမ်းအနားအတွက် မိုးပျံပူဖောင်းများ မေတ္တာဖြင့် ကူညီပေးပါသော ကျောင်းသူ မယွန်းလဲ့မင်းမောင် (PYG Cake Shop)၊ ကျောင်းသား/သူများ၏ သင်္ကြန်ယိမ်းများ၊ သင်္ကြန်သီချင်းများကို မေတ္တာဖြင့်ကူညီသင်ကြား ပေးခဲ့သော Laurel Art Academy နှင့် သတင်း မီဒီယာသမားများ အားလုံးနှင့် အစစအရာရာကူညီပံ့ပိုးပေးကြသူများအားလုံးကို Victoria University College မှ လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

Victoria University College (VUC Water Festival 2017 - ကျင်းပရေးကော်မတီ)